
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ပွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

BURMESE CLASSIC

### ကျေးဇူးစကား

ဤစာအုပ်ဖြစ်မြောက်ရေးအတွက်အမတ်ဖက်မှ ကူညီပံ့ပိုး ပေးသောဆရာ ရာမဦးအုန်းမောင်အား အထူးကျေးဇူးတင်ရှိပါသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၅၆၈ / ၂၀၀၁ (၆)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၅၂၇ / ၂၀၀၁ (၇)]

■

ပုံနှိပ်ခြင်း
သတ္တမအကြိမ်

■

အုပ်ရေ
(၁၀၀၀)

■

၂၀၀၁ ခုနှစ်၊ အောက်တိုဘာ

■

အဖုံးပန်းချီ
သန်းမြင့်အောင်

■

မျက်နှာဖုံး + အတွင်းပုံနှိပ်
ဦးစွန်ကော်ယု (၀၅၅၅၇)
မာကျူရီ ပုံနှိပ်တိုက်၊ အမှတ် (၄၉)၊
ရေကျော်လမ်းမ၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးသန်းမြင့်၊ လင်းလင်းစာပေ၊
၄/၂၉ မြဝတီမင်းကြီးလမ်း၊
၁၀ မိုင်ကုန်း၊ အင်းစိန်မြို့။

■

၇၀

<u>လောကအလင်းစာအုပ်</u>

နောက်အစီအစဉ်

- အောင်ဇင်မြတ် ... ကမ္ဘာကိုပြောင်းလဲစေခဲ့သော ခေါင်းဆောင်ကြီးများ
  LEADERS BY RICHARD NIXON
- မောင်ဆုပန် ... ရှားလော့ဟုမ်း ဇာတ်လမ်းများ(အင်္ဂလိပ်-မြန်မာ)
- မြတ်ငွေမောင် ... သင့်စိတ်တန်ခိုး
  MAGIC POWER OF YOUR MIND
- မောင်ဆုပန် ... အာယီဒီဆင် (အင်္ဂလိပ်-မြန်မာနှစ်ဘာသာ)
- မြတ်ငွေမောင် ... အပြုစိတ်ထားတန်ခိုးစွမ်းအား
  POWER OF POSITIVE THINKING

www.burmeseclassic.com

www.burmeseclassic.com

# နေလိမ်နည်း

မဟာဂီတ ဦးပြုံးချို

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| | အမှာစာ | ၁၁ |
| ၁။ | ဦးပြုံးချို၏ အတ္ထုပ္ပတ္တိ | ၂၁ |
| ၂။ | မင်းသားလုပ်၍ လိမ်ခြင်း | ၂၄ |
| ၃။ | အရာရှိအား လိမ်ပုံ | ၃၂ |
| ၄။ | ကြောမင်းကလေးလုပ်၍ လိမ်ပုံ | ၃၄ |
| ၅။ | ကျိုက်လတ်မြို့ ပွဲစားကြီးသားအဖကို မင်းသားလုပ်၍ လိမ်ပြန်ခြင်း | ၅၂ |
| ၆။ | ဦးလေးလုပ်၍ လိမ်နည်း | ၇၅ |
| ၇။ | ရာဂကျော့ကွင်းဖြင့် လိမ်လည်ခြင်း | ၈၈ |
| ၈။ | ဓားပြကို လိမ်၍ ဖမ်းနည်း | ၁၀၆ |
| ၉။ | သူနိုးလုပ်၍ လိမ်ခြင်း | ၁၂၄ |
| ၁၀။ | ဆေးဆရာလုပ်၍ လိမ်ပုံ | ၁၃၅ |
| ၁၁။ | ထွက်ရပ်ပေါက်ရသေ့လုပ်၍ လိမ်နည်း | ၁၄၆ |
| ၁၂။ | အညာသားကလေးလုပ်၍ လိမ်လည်ပုံ | ၁၆၄ |


## တာဝန်မကျေပွန်ခဲ့သော တာဝန်ရှိသူတစ်ဦး၏အမှာစာ

"ကိုအုန်းမောင်ရေ ကျွန်တော့အဖေ ရေးတဲ့ စာအုပ်တစ်အုပ် ပြန်ထုတ်ချင်တယ်ဗျာ။ အဲဒါ ကိုအုန်းမောင် စီစဉ်ပေးမှ ဖြစ်မှာ... အဲဒါ တိုင်ပင်ချင်လို့"

ပညာအလင်းပြ စာပေတိုက်ထဲသို့ ဝင်လာလာချင်း ပြောဆိုလိုက်သူမှာ တောင်ဥက္ကလာပမြို့ (၁၃)ရပ်ကွက်၊ ဇာနီလမ်းနေ မဟာဂီတဦးပြုံးချို၏ သားငယ် ဦးလှဖေ ဖြစ်သည်။

ကျွန်ုပ်သည် အလုပ်စားပွဲမှ ထပြီး–

"ကိုလှဖေနဲ့ ကျွန်တော်တို့ တိုင်ပင် စီစဉ်ထားတဲ့ မဟာဂီတ ပေါင်းချုပ်ကျမ်းကြီး ရိုက်ပြီးလို့ ချုပ်တော့မယ်လေ။ နောက်တစ်ပတ်ဆို စာအုပ်ထွက်တော့မှာ၊ မဟာဂီတအပြင် ဘာစာအုပ်ရှိသေးလို့လဲ"

"မဟာဂီတပေါင်းချုပ် ထွက်မှာကို သိတယ်လေ။ ကျွန်တော် ပြောတဲ့ စာအုပ်က ဖေဖေ ဟိုတုန်းက သူရိယသတင်းစာတိုက်မှာ ရိုက်ခဲ့တဲ့ နေ့ လိမ်နည်းစာအုပ်ကို ပြန်ရိုက်ချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုလှဖေ ပြောသော နေဇလိမ်နည်း စာအုပ်မှာ သူ့ရိယသဘင်းစာတိုက်မှ ထုတ်ဝေသော သူရိယရုပ်စုံမဂ္ဂဇင်းတွင် လစဉ် အခန်းဆက် ရေးခဲ့သော ဝတ္ထုဖြစ်ပြီး လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေသောအခါ လူကြိုက်များသဖြင့် နှစ်ကြိမ်တိုင် ပြန်လည် ရိုက်နှိပ်ခဲ့ရသော စာအုပ်ဖြစ်သည်။ ထိုခေတ်က ထင်ပေါ် ကျော်ကြားသော ဖြစ်ရပ်မှန်များကို အခြေခံ၍ ဇာတ်လမ်းဆင် ရေးသားထားခြင်းဖြစ်ရာ ယခုအချိန် ပြန်လည်ရိုက်နှိပ်လျှင် ရေးခေတ်က ဖြစ်ပျက်ခဲ့ပုံ ဇဟာသုတများပါ ရှိခြင်းကြောင့် ရောင်းကောင်းမည့် စာအုပ်တစ်အုပ် ဖြစ်နိုင်သည်။

သို့သော် ကျွန်ုပ်တို့ ပညာအလင်းပြတိုက်မှ ဘာသာရေးကျမ်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ ရှေးဟောင်းမြန်မာစာပေကျမ်းများကိုသာ ရိုက်နှိပ်နေရသောကြောင့် အခြားကျမ်းများနှင့် ဝတ္ထုဆန်ဆန် စာအုပ်များကို ရိုက်နှိပ်ချိန် မရချေ။

"ကိုလှဖေ ပြောတဲ့ နေဇလိမ်နည်း စာအုပ်ကို ဒီအချိန် မြန်မြန်ရိုက်ရင် ရောင်းရမှာတော့ အမှန်ပဲ။ ဒါပေမဲ့ မဟာဂီတ ပြီးရင် ဆက်ရိုက်ရမယ့် စာအုပ်ကြီးတွေက တန်းစီနေတော့..."

"အဲဒီ တန်းစီနေတဲ့ စာအုပ်ကြီးတွေ ကြားထဲမှာ နေဇလိမ်နည်းလေးများ ဝင်ရရင်လည်း ဝင်ပေးပါလို့ ကိုခင်မောင်အေးကို ပြောပေးပါလားဟင်။ ကိုခင်မောင်အေးရဲ့ ဖေဖေ ဦးလေးဖြိုး (ပညာအလင်းပြ ဆရာဖြိုး)နဲ့ အစ်ကိုကြီးကိုလှမောင်တို့ ရှေးတုန်းက ပြန်ရိုက်ဖို့ တိုင်ပင်တဲ့ စာအုပ်တွေထဲမှာ ဒီစာအုပ်လည်း ပါတယ်လေ"

"ပါတော့ ပါတာပဲ ကိုလှဖေရဲ့ မဟာဂီတရယ်၊ နေဇလိမ်နည်းရယ်၊ ကျွန်တော်တို့ တိုက်ရဲ့ ခေါင်းရင်း အောင်ဇေယျတု ဆေးတိုက်က ရိုက်ခဲ့တဲ့ ကျိုက်ထီးရိုးလမ်းညွှန်ရယ် အဲဒီသုံးအုပ်ကို ပညာ အလင်းပြကပဲ ထုတ်ပါလို့ ကျွန်တော့် ရှေ့မှာပဲ အစ်ကိုကြီးကိုလှမောင်က ပြောတာ။ ဒါပေမဲ့လို့ ပညာအလင်းပြက ရိုက်ဖို့ ကြားဖြတ် အချိန် မပေးနိုင်တာတော့ သည်းခံလိုက်ပါဦး ကိုလှဖေရယ်"



"ဒီလိုဆိုရင် ကျွန်တော်နဲ့ မမဆင့်တို့ မောင်နှမနှစ်ယောက် ပေါင်းပြီး ရိုက်မယ်ဗျာ။ ကျွန်တော် တစ်ယောက်တည်းတော့ မတတ်နိုင်ဘူး။ အဲဒီမှာ ကိုအုန်းမောင်ကို အကူအညီ တောင်းချင်တာကတော့ နေဇလိမ်နည်း စာအုပ်ရဲ့ ရှေ့ပိုင်းမှာ သင့်တော်မယ့် အမှာစာလေး တစ်ခုတော့ ရေးပေးစေချင်တယ်"

"ဟာ ကိုလှဖေနဲ့ မမဆင့်တို့ မောင်နှမနှစ်ယောက် ရိုက်မယ်ဆိုရင်တော့ သိပ်အဆင်ပြေတာပေါ့ဗျာ။ စာအုပ်အဖွင့်မှာ ရှေးခေတ်နဲ့ ယခုခေတ် လိမ်ပုံလိမ်နည်းတွေ နှိုင်းယှဉ်ပြီး အကောင်းဆုံး အမှာစာ ရေးပေးမယ်ဗျာ" ဟု အားတက်သရော ပြောကြားကာ အမှာစာ ရေးပေးရန် တာဝန်ယူလိုက်သည်။

ကိုလှဖေသည် ဝမ်းသာအားရနှင့် ကျေးဇူးတင်စကား ပြောကာ ပေဒင်ဝါသနာကြီးသူပီပီ ဆရာ့ ကာလာစံ၏ သံဒိဋ္ဌဗေဒင် ပြက္ခဒိန် တစ်အုပ် ဝယ်ယူကာ ပြန်သွားလေတော့သည်။

နောက် မကြာမီ ကိုလှဖေ၏ ချိန်းဆိုချက်အရ မမဆင့်တို့အိမ်တွင် သုံးဦးဆုံ တိုင်ပင်ကြပြီး ရှေ့ပိုင်း အမှာစာလေးကို ရေးပြီးတဲ့အခါ ဖတ်ကြည့်ပြီး လုပ်ငန်းစဖို့ ငွေ စီစဉ်ထားပြီးဟု သိရှိခဲ့ရသည်။

ကျွန်ုပ်လည်း တာဝန်ယူထားသော အမှာစာကို ရုတ်တရက် မရေးဖြစ်ခဲ့နိုင်ဘဲ လပေါင်း အတော်ကြာသွားပြီး တစ်နေ့ ကိုလှဖေတို့မောင်နှမ ပညာအလင်းပြတိုက်သို့ ရောက်လာကာ မမဆင့်က "မောင်အုန်းမောင်ရေ့ မင်းအမှာစာ စောင့်နေရတာလည်း ကြာလှပါပကော... အခု နေဇလိမ်နည်းထဲက ဝတ္ထုတစ်ပုဒ်ကို ကိုသုခ (ဒါရိုက်တာ စာရေးဆရာကြီး ဦးသုခ)က ရုပ်ရှင်ရိုက်မလို့တဲ့ လာတိုင်ပင်သွားတယ်။ ဒီရုပ်ရှင် ထွက်လာရင် ဒီစာအုပ်က ပိုပြီး နာမည်ကြီးတော့မှာ အဲဒီတော့ မင်းအမှာစာလေး မြန်မြန်ရေးပြီး တိုင်တိုင်ပင်ပင် လုပ်ကြရအောင်" ဟု လာရောက် သတင်းပေးပို့ရင်း တိုက်တွန်းသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဤအမှာစာကို ကျွန်ုပ်၏ မအားလပ်မှုက တစ်ဝက် ပေါ့ရော့မှုက တစ်ဝက်နှင့်ပင် မရေးဖြစ်သေးဘဲ ရှိနေခိုက်–

ဆရာဦးသုခထံမှ ဆရာဦးသုခ၏ညီ ကိုတင်လှ(ကိုတာ) ရောက်လာပြီး–

"ကဲ... ဆရာရာမရေ့ အစ်ကိုက လွှတ်လိုက်တယ် ဦးပြုံးချို့ရဲ့ နေဇလီမ်နည်းစာအုပ်ထဲက ဝတ္ထုတာမ်ပုဒ်ကို ရုပ်ရှင်ရိုက်မလို့တဲ့၊ ခရီးသွားစရာ ရှိမရှိနဲ့ အားတဲ့ရက်တွေ မေးခိုင်းလိုက်တယ်" ဟု လာရောက် သတင်းပေးပါသည်။

မကြာမြင့်မီမှာပင် ထိုဇာတ်ထုတ်ကို ဆရာဦးသုခက နန်းတစ်လီမ် ပန်းတစ်လီမ် အမည်နှင့် ရုပ်ရှင်ရိုက်သည်။ မင်းသား မင်းသမီးမှာ စိန်မြင့်၊ တင်တင်နွဲ့ ဖြစ်သည်။ ကျွန်ုပ်နှင့် ဦးစံမတူတို့က ဘုရားဒကာ ကျောင်းဒကာအဖြစ် ဇာတ်ပို့ဇာတ်ရံလုပ်၍ ရှေးခေတ် သရုပ်ဖော် ရိုက်ကူးခဲ့ကြရသည်။ ထိုဇာတ်ကားပြီးသည်အထိ နေဇလီမ်နည်းစာအုပ်အတွက် တာဝန်ယူထားသော တာဝန်ရှိနေသော ကျွန်ုပ်သည် အမှာစာကို မရေးဖြစ်ခဲ့ တာဝန်မကျေခဲ့ပါ။

ယခုသော်ကား လောကအမေစာပေတိုက်မှ နေဇလီမ်နည်းစာအုပ်ကို ရိုက်နှိပ် ထုတ်ဝေလိုကြောင်း လာရောက် ပန်ကြား တိုင်ပင်သောအခါ လွန်မင်းစွာ ဝမ်းမြောက်ရ၍ ရှေးယခင်က ဘာဝန်ရှိလျက်နှင့် တာဝန် မကျေပွန်ခဲ့သော တာဝန်ရှိနေသော ကျွန်ုပ်က အထက်ပါ အမှာစကားကို ထင်ရှားစိမ့်သောငှာ ပြန်လှန် ရေးသား ဖော်ပြအပ်ပါသတည်း။

ရာမဦးအုန်းမောင်

■

# ဦးပြုံးချို၏အတ္ထုပ္ပတ္တိ

ဦးပြုံးချိုသည် ၁၂၄၀ ပြည့်နှစ်တွင် ကျိုက်လတ်မြို့၌ ဖွားမြင်ခဲ့၍ အဘ ဆရာစီ၊ အမိ ဒေါ်ထွေးတို့၏ သားကြီးဩရသ ဖြစ်လေသည်။ ဦးပြုံးချိုကို ကျိုက်လတ်မြို့၌ ဖွားမြင်ခဲ့၍ ကျိုက်လတ်သား ဖြစ်သော်လည်း ဦးပြုံးချို၏ဖခင် ဆရာစီတို့၏ မျိုးရိုးမှာ အကြေအရပ် မြစ်ဝကျွန်းပေါ် ဒေသ မဟုတ်ခဲ့ပေ။ အထက် မြန်မာပြည် သူကောင်းမျိုးရိုးမှ ဖြစ်ခဲ့လေသည်။ ဦးပြုံးချို၏ ဘိုးဘောင်ဘီဘင်များမှာ မြန်မာဘုရင်မင်းမြတ်များ၏ သူကောင်းပြုခြင်းခံရသူ မြို့စားရွာစားများဖြစ်၍ ဗန်ကျိဗန့်မော် စသော ဗန်ကျိကိုးတိုက်ကို စားရသော ဗန့်ကျိဝန် ဦးရွှေရုပ်သည် ဦးပြုံးချို၏ ဘောင်တော်လေသည်။

မြန်မာသက္ကရာဇ် ၁၁၉၈ ခုနှစ် မတိုင်မီ ဖြစ်ပွားခဲ့သော သာယာဝတီမင်း အရေးတော်ပုံကြောင့် မြို့စား ရွာစား မင်းညီမင်းသားများ ဆားသင့်၍

www.burmeseclassic.com

www.burmeseclassic.com



ကလေးဘက်ကယက် ဖြစ်နေစဉ် ဦးပြုံးချို၏ ဘိုးဘေးများမှာ စုမိသမျှသော ဆွေမျိုး အခြံရံများနှင့် ရောဝတီမြစ်ကြောင်းအတိုင်း လှေကြီးများစွာဖြင့် ဆန်ဆင်းလာပြီးလျှင် ယခုအခါ ပန်းကနော်မြို့ တည်ရှိသော မြေနေရာတွင် ရွာတစ်ရွာ ဘည်ထောင်၍ အေးချမ်းစွာ ရပ်မျောက် နေထိုင်လာခဲ့သော မျိုးရိုးမှ ဦးပြုံးချိုမှာ ဆင်းသက် ပေါ်ပေါက်ခဲ့လေသည်။

ဦးပြုံးချိုသည် ဂီတဘက်တွင် ပါရမီရင့်သန်လှသည့်အလျောက် ဆယ့်တစ်နှစ်သားကပင် စာရေးဆရာ ဖြစ်ခဲ့လေသည်။ ၁၆ နှစ်သား ပြည့်မြောက်သောအခါ စောင်းပညာကို ပန်းပွဲသဘင်တွင် ထင်ပေါ်လောက်အောင် တတ်မြောက်ခဲ့လေပြီ။ မြန်မာသက္ကရာဇ် ၁၂၅၃ ခုနှစ်လောက်တွင် မေးရိုက်မေးဝဲ သီချင်းရေး၍ ၁တွင် လူတိုင်းလက်ဖျားခါရသော စာရေးဆရာကလေး တစ်ဦးပင် ဖြစ်ခဲ့လေသည်။

ဦးပြုံးချို ရေးသမျှ သီချင်းများမှာ အပိုလုံး သိပ်မပါလှ။ စကားလုံးတိုင်း အဓိပ္ပာယ်များ ပြည့်ဝနေသည့်ပြင် အထိအမိ အငြိမ့် ဦးပြုံးချို၏ သီချင်းများကို အခြား စာရေးဆရာကြီးများ လိုက်၍ မမှီခဲ့ပေ။

ဦးပြုံးချိုသည် ဘွင်းဘွင်းနှင့်ရှင်းရှင်း ပြောဆိုနေထိုင်တတ်သည့်အပြင် စိတ်လည်း အတော်တိုလှေသည်။ မခံချင်တတ်သော စိတ်မှာလည်း အတော် ပြင်းထန်သဖြင့် ထိုကဲ့သို့ ထူးချွန် ပေါက်မြောက်သော ပညာရှိတစ်ယောက် ဖြစ်လာရသည်ဟု တစ်ဖက်က ကျွန်ုပ်တို့ ယူဆမိပေသည်။ သို့သော် ပညာပါရမီ ရင့်ကျက်သူတစ်ဦး ဖြစ်သည်ကိုလည်း ကျွန်ုပ်တို့ မငြင်းနိုင်ပေ။

ကျိုက်လတ် မျာပုံနယ်သို့ မြန်မာပြည် အရပ်ရပ်မှ စာရေးဆရာနှင့် သဘင်ပညာသည်များ ရောက်ရှိလာတိုင်း ပြုံးချိုကလေးနှင့် ပညာပြိုင်ဆိုင် တိုက်နိုက်ကြရသည်က များလေသည်။



ကျိုက်လတ်နယ်၊ မျာပုံနယ်ရှိ သဘင်ပညာသည်များ၊ ကာလသားကြီးများက ဦးပြုံးချိုကို မတိုက်ရဲကြတော့ပေ။ ပြုံးချိုကလေးသည် ကြာသပတေးသား ဖြစ်သော်လည်း စိတ်အလွန်တိုကြောင်း အခြား သဘင်ပညာသည့် ကာလသားကြီးများက သိထားကြသဖြင့် သူ့နိုင်ပေါက်ကို ဖော်၍ စာပြောင်ပြီး စာချိုးကြသည်မှာ—

အမိုက်ကယ်တည်၊ ဆရာစီသား၊ နာမည်ပြုံးချို မှည့်တယ်၊ သင်းကိုယ်ပေါက်ကြီးဟု ပြောင်လှောင် စပ်ဆိုထားကြလေသည်။ ဦးပြုံးချိုမှာ ထိုစဉ်က ဖြုံဖြုံတုတ်တုတ် ဖြစ်၍ စိတ်အလွန် တိုတတ်ပြီးလျှင် တစောက်ကန်း လုပ်တတ်သည်ဟု အပေါင်းအသင်းများ, ကာလသားကြီးများက ယူဆထားကြလေသည်။

ဦးပြုံးချိုသည် စာပေပညာဘက်၌သာ ထူးချွန်သေးသည်မဟုတ်။ အသက်မွေးဝမ်းကျောင်းပညာများ၌လည်း သူမတူအောင် ထူးချွန်စွာ တတ်မြောက်လေသည်။ အသက် ၁၃ နှစ်သားလောက်က စ၍ မိဘနှင့် အတူမနေဘဲ ကိုယ်ထူးတိုယ်ချွန် သဘောမျိုးဖြင့် ကွမ်းခြံကုန်းမြို့နှင့် အခြားမြို့ရွာများသို့ သွားရောက် နေထိုင်၍ ပညာများကို ရှာမှီး ဆည်းပူးခဲ့လေသည်။

ဦးပြုံးချိုသည် ပန်းချီ ကောင်းစွာ ရေးဆွဲတတ်၏။ သူကိုယ်တိုင် ဦးစီး၍ ကောင်သော ဓာတ်ပွဲများတွင် နန်းတော်ကား, မြို့ရိုးကား, တောကား, တောင်ကားမှန်သမျှကို သူကိုယ်တိုင် ပန်းချီဆရာလုပ်၍ ရေးဆွဲ တပ်ဆင်ခဲ့လေသည်။

ပန်းချီပညာသာ မဟုတ်သေး ပန်းပု၊ ပန်းပဲအတတ်ကိုလည်း တတ်ပေသေးသည်။ သံထည်များ ပန်းဖောက်သော လုပ်ငန်းတွင် လက်စွမ်း အလွန် ထက်လှကြောင်း လူတိုင်းသိပြီး ဖြစ်လေသည်။ ထိုထက်

www.burmeseclassic.com

www.burmeseclassic.com



အညွှန့်ယဉ် ကောင်းသော ပညာတစ်ရပ်မှာ အင်ဂျင်နီယာ ပညာကို ဝါသနာ ပါခြင်းပင် ဖြစ်လေသည်။

ဦးပြုံးချို အသက် ၂၀ ကျော် အစိတ်ခန့်က ဂျပန်ပြည်မှ ရောင်းချသော ဆလင်ဒါ တစ်လုံးထိုး မီးသဘောကလေးများ၊ သံပတ် သဘောကလေးများ မြန်မာပြည်တွင် မရှိချေ။ ဤသို့ နမူနာအဖြစ် ကြည့်ရန် ဖွင့်ရှည်း မရှိဝါဘဲလျက် အလျားလေးပေ, ငါးပေခန့် ရှိသော မီးသဘောကို တည်ဆောက်ရာ ကျိုက်လတ်မြို့သို့ ရောက်ရှိလာသော မျက်နှာဖြူ အရေးပိုင် မေဂျာမက္ကအဲ့က ဆရာကိုပြုံးချိုမှာ အင်ဂျင်နီယာလက်မှတ် ရှိသလား ဟု မေးရာ ဦးပြုံးချိုက လက်မှတ် မရှိပါ၊ သင်ပေးသော ဆရာလည်း မရှိပါ။ သို့ရာတွင် ရောဝတီတွင် မီးသဘော ကင်းသော သဘောသူကြီးမှာ ကျွန်တော်နှင့် အလွန် ချစ်ခင်သဖြင့် ရောဝ ·· းသဘောကြီး စက်ဝမ်းထဲသို့ ဝင်၍ သုံးကြိမ်လောက် ကြည့်ဖူးပါသဖြင့် ယခုလို လုပ်တတ်ပါသည်ဟု ပြန်လှန် ပြောဆိုခဲ့လေသည်။ နောင်ကို မလုပ်ပါနဲ့ အဖမ်းခံရလိမ့်မယ်။ ဒီသဘောလည်း ကျွန်ပ်ကို လက်ဆောင်ပေးပါဟု တောင်းယူပြီးလျှင် လက်ဖက်ရည်ဖိုးဟု ဆို၍ ငွေ ၅၀ ပေးခဲ့ဖူးလေသည်။

ဦးပြုံးချို၏ ဝါဒမှာ 'ဥစ္စာရှာ မာန်သာ နိမ့်ချထား၊ ပညာရှာ ပမာ သူမှန်းစား' ဟူသော ဝါဒသမားပင် ဖြစ်လေသည်။ ပညာရှာရာ၌ သူမှန်းစား (ဝါ) သူတောင်းစားများ စွဲကိုင်သော ခွက်သို့ ဟင်း, ထမင်း, ငါးပိရည်မရွေး အားလုံး စုပေါင်း ခံယူသကဲ့သို့ ဦးပြုံးချိုသည် ပညာရှာရာ၌ အယုတ် အလတ် အမြတ် မရွေးဘဲ ရှာမှီး ဆည်းပူးခဲ့သည်။

ကမ်းနားတွင် ငါးသလောက်ပိုက် ထိုးနေသော ခေါင်းတောကုလား အနီးသို့ ကပ်၍ ငွေတစ်ကျပ် ပေးပြီးလျှင် ငါးဖမ်းသော ပိုက်ကွန်ထိုးတတ် အောင် သင်ယူလေသည်။ ယုတ်စွအဆုံး ငွေဒင်္ဂါးအတု သွန်းလုပ်သော



ပညာကိုပင် ရအောင် သင်ယူခဲ့၍ ကျိုက်လတ်သို့ ရောက်ရှိလာသော မြို့ပိုင် တစ်ဦးအား လုပ်ပြရာ မြို့ပိုင်မှာ လက်ဖျားခါ၍ မျက်လုံးပြူးသွား ရဖူးလေသည်။ ထိုအကြောင်းကို ဖျာပုံအရေးပိုင် ကျက်သရေဆောင် ရွှေစလွယ်ရမင်း ဦးငွေကိုင် ကြားသိသောအခါ အိမ်သို့ခေါ်၍ "ငါ့ညီ ဥပဒေနဲ့ မကင်းတဲ့ အလုပ်များ မလုပ်ပါနဲ့" ဟု ဆုံးမရာ ပညာအဖြစ်သာ သင်ယူထားပါသည်။ တစ်သက်မှန် မလုပ်ပါဟု ကတိပြုခဲ့ဖူးလေသည်။ ဦးပြုံးချိုသည် ပညာရှာရာ၌ ထိုမျှ စုံလှလေသည်။

ထိုမျှ စုံလှသောကြောင့်လည်း တစ်ခါက သေမတတ် ဖြစ်ဖူးခဲ့လေပြီ။ ဦးပြုံးချိုသည် မီးကျည်မီးပန်း၊ ဗျောက်အိုး၊ ပေထုပ် စသော လုပ်ငန်းတို့ကို အထူး တတ်ကျွမ်းလှလေရာ တောရွာဘုန်းကြီးပျံ ပွဲတော်များ အတွက် လုပ်ကိုင်၍ ပေးတတ်လေသည်။ ၁၉၁၅ ခုနှစ် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားနေစဉ် ဘုန်းကြီးပျံများ၌ အသုံးပြုသော ပေထုပ်ပြုလုပ်ရန် ယမ်းတက်ဆေးမှုန့်မှာ အစိုးရစစ်ဆက်မှ လိုင်စင်ထုတ်ပေးသူများသာ ဝယ်ယူနိုင်ကြသဖြင့် လွယ်တိုင်းတွင် မရှိပေ။ ထိုစဉ်၌ ဖျာပုံအပိုင် သမိတ် တောရွာ၌ ဘုန်းကြီးပျံ ပွဲတော်ကြီး ဖြစ်လေရာ ပေထုပ်အတွက် ဒုက္ခ ·တွေ့ကြုံရလေသည်။

ဦးပြုံးချိုသည် ထိုစဉ်အခါက ဆေးဆရာအဖြစ် ဆေးကုသသော အလုပ်ကိုလည်း တစ်ဖက်က လုပ်ကိုင်နေလေရာ ဆေးဖော်ရန် ပေါ်တက် များ ဝယ်ပြီးရှိလေသဖြင့် ပေထုပ်တစ်ထုပ်လျှင် ငါးကျပ်နှုန်းဖြင့် လုပ်ကိုင်ပေးလေသည်။ ဤသို့ လုပ်ကိုင်ပေးနေစဉ် တစ်နေ့သောအခါ ကျောက်ပျဉ်တွင် တစ်ပုံစီ တင်ထားသော ယမ်း, ဆေးဒန်း, ကန့်, ပေါ်တတ် စသော ဆေးမှုန့်များကို နှီးကြောဖြင့် မေ့လျော့၍ ခြစ်မိရာ ကြီးစွာသော အသံဖြင့် ပေါက်ကွဲပြီးလျှင် လူတစ်ကိုယ်လုံး မီးလောင်ခံလိုက်ရဖူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ဦးပြုံးချိုက ဘိုကလေးမြို့တွင်ရှိသော အမိန့်တော်ရရှေ့နေ ဦးဘဦးနှင့် မိတ်သင်္ဂဟမျှားဖြစ်သော တရုတ်သူဌေးများနှင့် မြို့ပိုင်ဦးဘသို့ ပေးပို့သော မေတ္တာစာ တစ်ပုဒ်တွင် "ကြောက်ချင်စရာအတတ်အသည်းထိတ်စရာ မကြာ၊ ငရဲနှိမ်တ်ပြတာ မိးအလျှံထပြီး အနီးမှန်သမျှ အပြေးလောင်၊ ကလေးနှစ်ကောင်မလည်း ပက်လက်လဲ၊ အမွေးအတောင်လည်း တက်တက်မွဲ၊ အသွေးအရောင်က ဒက်ဒယက်သူ့ရဲ၊ မျက်ခွက်မည်းလို့ ငချိုပြုံး၊ တစ်ကိုယ်လုံး အဖူးထ၊ ဘိလူးဘဝ တစ်ဖန်ပြောင်းပြီး၊ ရန်မကောင်းတွေ ဗလဝစုပြန့်၊ အကုသလ် ဓမ္မပုဒ်ငိုစွဲ၊ အမှန်စိတ်ချ၍ တရားနဲ့ ညည်းတုန်း၊ မယားခနီးက ကျယ်စွာငို၊ သားသမီးက ကယ်ပါဆို၊ အနားအနီး လယ်ယာတနိုတို့က၊ ဘယ်ဟာလိုသလဲလို့ ဆောစွာမေး၊ ဩသမာဆေးနဲ့ ချက်ချင်းသတ်၊ မျက်စဉ်းခတ်လို့ အုန်းရည် ပေးတော့မှ နလုံး အနေအေးပြီး ချမ်းသာမည့်ဒုက္ခ နန်းဓာတ်ရုပ်ရည် နကို အသွေးကောင်းအောင်၊ ဘိုကလေးပြောင်းကာ အထူးဘဝကူးဖို့၊ ဦးဘဦး သမာဓေဝက၊ ထာဝရ မဖို့ အရင်းအမြစ် အရာရာတို့ကို၊ ကျွန်ုပ်မောင်ပြုံးချိုက သတင်း မေတ္တာစာ ပေးပို့လိုက်ပါသည်"

ဟု ရေးသား ပေးလိုက်ရာ ဦးဘဦး၊ မြို့ပိုင်ဦးဘနှင့် တရုတ်သူဌေး ဦးထော်နီ အစရှိသော မိတ်သင်္ဂဟများမှာ မျက်ရည်မကျဘဲ မနေနိုင်ဖြစ်သွားကြရလေသည်။ ချက်ချင်းပင် သူဌေးဦးထော်နီပိုင် မော်တော်ကြီးတွင် သမ္ဘန်ကြီးများတွဲ၍ ဦးပြုံးချို၏ လယ်မြေရှိရာ ပတာက်သဗြဲချောင်းသို့ လာရောက် ခေါ်ယူပြီးလျှင် အမိုးအတန်ဆုံးသော ဆေးဝါးများဖြင့် ဝိုင်းဝန်း ကုသ၍ ပျောက်ကင်းခဲ့ရလေသည်။

ပထမ ကမ္ဘာစစ်ကြီး ပြီးခါနီး ၁၉၁၇ ခုနှစ်လောက်တွင် စစ်စရိတ်အတွက် စပါးယိုရှာ ဦးဘရှင်ထောင်သော ဇာတ်အဖွဲ့တွင် ဦးပြုံးချိုမှာ အုပ်ချုပ်သူ ဇာတ်ဆရာအဖြစ် လိုက်ပါ၍ နေရလေသည်။



ထိုအချိန်၌ ရန်ကုန်မြို့တွင် ပညာအလင်း သတင်းစာသည် အတော်လူကြိုက်များ၍ ထင်ပေါ်သော သတင်းစာဖြစ်သဖြင့် တိုက်ရှင်သူဌေး ဦးတင်နှင့် သူဌေးကတော် ဒေါ်ဆင့်တို့မှာ အလွန် စီးပွားတက်နေသော အချိန်အခါ ဖြစ်လေသည်။ အယ်ဒီတာဌာနကို လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက ကြီးမှူး၍ ခေတ်ကာလ စာပေဖက်တွင် ဆရာကြီး ပီမိုးနင်း၊ မြို့ပိုင်လူထွက် ဆရာရှိန်း၊ ဆရာရွှေ၊ ဦးပုကြီး(ကွယ်လွန်သူ လန်ဒန်အတ်ဒါရိုက်တာ)၊ ဦးပုကလေး သတင်းအရာရှိ)၊ ကိုဘိုးချိန်၊ ကိုဘသောင်းစသော အယ်ဒီတာအဖွဲ့ဝင်များ ဖြစ်ကြပေသည်။

သူဌေးကတော်ဒေါ်ဆင့်မှာ ဘာသာရေးကို အလွန် ကိုင်းရှိုင်းကြည်ညိုသူဖြစ်၍ လယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒအရ လိုက်နာကျင့်သုံးပြီးလျှင် သံဒိပ်ကမ္မာရိအသင်းများ တည်ထောင် ပြုစုသော အသင်းခေါင်းဆောင် တစ်ဦးလည်း ဖြစ်ပေသည်။ ပညာအလင်း သတင်းစာတိုက်အပေါ်တွင် နေ့စဉ်လိုပင် ရဟန်းပညာတတ်၊ လူပညာတတ်များ အမြဲမပြတ် စုဝေး ဆွေးနွေးလျက် ရှိကြသောဟူ၏။ တစ်နေ့သော် ဆရာတော်ဘုရားကြီးများ စုံညီခိုက် အဘိဓမ္မာ တရားစကားသို့ ရောက်ရှိသွားလေရာ အယ်ဒီတာ တစ်ဦးက ဓမ္မဂီတချိုး တေးဘုမ္မာသီချင်းကို ဆို၍ ပြမိသဖြင့် ဆရာတော်ဘုရားကြီးက "ဟဲ့ ဒီသီချင်း ဘယ်သူရေးတာလဲဟ" ဟု မေးမြန်းတော်မူသည်။ "ကျိုက်လတ်မြို့က ဆရာဦးပြုံးချိုပါ ဘုရား" ဟု ပြန်လည် လျှောက်ထားကြ၏။ "ဟဲ့ ဒီလူကို ရအောင်ခေါ်ပြီး မင်းတို့သတင်းစာတိုက်မှာ အသုံးပြုကြ။ ဒီလို စွယ်စုံတတ်တဲ့ လူမျိုးတစ်သောင်းမှာ တစ်ယောက် မရှိဘူးဟ" ဟု မိန့်တော်မူလေသည်။

ဤသို့ဖြင့် ဦးပြုံးချိုမှာ ရန်ကုန်သို့ ရောက်၍ ပညာအလင်း သတင်းစာတိုက်တွင် အယ်ဒီတာ ဖြစ်ရလေသည်။

www.burmeseclassic.com



ပညာအလင်း သတင်းစာတွင် 'စိန္တာသဏ္ဍ'ဟူသော ကလောင်နာမည်ဖြင့် အထူးကျော်ကြား၏။ ထို့နောက် မြန်မာ့အလင်းသတင်းစာတိုက်သို့ ကူးပြောင်း လုပ်ကိုင်သောအခါ မြန်မာ့အလင်း သတင်းစာတွင် 'ဘိုးမင်းကျော်' 'အရှုးတော်နေဒွန်း' စသော ကလောင်နာမည်များဖြင့် အထူး လူကြိုက်များ လာပြီးလျှင် ကျော်ကြားလာခဲ့လေသည်။ မြန်မာ့အလင်းတွင် လုပ်ကိုင်နေစဉ် အောင်ဇေယျတု ဆေးတိုက်ရှင် ဦးဘိုးဘနှင့်အတူ ကျိုက်ထီးရိုးဘုရားသို့ ဘုရားဖူးသွားပြီး အပြန်တွင် ကျိုက်ထီးရိုးနတ်လမ်းညွှန်ဟူသော စာအုပ်တစ်အုပ်ကို ရေးသား ထုတ်ဝေရာ လူကြိုက်အလွန်များခဲ့သည်။ ထိုစာအုပ်တွင် ရန်ကုန်ဘူတာနှင့် ကျိုက်ထိုဘူတာအကြားရှိ မီးရထား ဆိုက်ကပ်သမျှ မြို့များ ပါဝင်ပြီးလျှင် ကျိုက်ထိုဘူတာမှ ကျိုက်ထီးရိုးဘုရားပေါ်အရောက် မည်ကဲ့သို့ သွားလာရသည်ကို ရေးသားထားလေသည်။ သိမှတ်စရာ အကြောင်း အများပါရှိသည့် အပြင် စာပတ်ပရိသတ် မပျင်းစေရန် တဝါးဝါးနှင့် ရယ်ရအောင် အကွက်အလက်များလည်း ထည့်သွင်း ရေးသားထားလေသည်။

မြန်မာ့အလင်းမှတစ်ဖန် သမ[illegible]န်ထောက်မင်း ဦးငြိမ်း၏ မောရဝတီ သတင်းစာတိုက်သို့ ရောက်ရှိ လုပ်ကိုင်ပြန်လေသည်။ ၎င်း ပုံနှိပ်တိုက်မှ ထုတ်ဝေသော မြန်မာ့ရိပ်မြုံဂျာနယ်တွင်လည်း အယ်ဒီတာအဖြစ် ရေးသားလေသည်။

ထို့နောက် ဦးဟန်သိန်း ထုတ်ဝေသော ဝါဏီစွ ဓနီ သတင်းစာတွင် အယ်ဒီတာအဖြစ် လုပ်ကိုင်ပြန်လေသည်။

ဤသို့ လုပ်ကိုင်နေစဉ် ရန်ကုန်မြို့ ၅၁ လမ်းတွင် ဖွင့်လှစ်ထားသော အမျိုးသား ပုံနှိပ်တိုက်ပိုင်ရှင် ဦးမြင့် (ယခု နေရှင်နယ် ဦးမြင့် ခေါ်ကြသည်)၏ တိုက်တွန်းချက်အရ **မဟာဂီတပေါင်းချုပ်ကျမ်းကြီးကို** ပြုစု ထုတ်ဝေခဲ့လေသည်။



ဤအချိန်တွင်ပင် ရန်ကုန်ယူနီဗာစီတီကက္ကသိုလ်တွင် ရာဇဝင်ကထိကတစ်ဦး ခန့်ထားရန် လိုနေလေရာ မြန်မာစာ ပရိဖက်ဆာတစ်ဦးဖြစ်သူ တက္ကသိုလ် ဆရာပွားက ဦးပြုံးချိုအား ရာဇဝင်ကထိကအဖြစ် ဝင်ရောက် လုပ်ကိုင်ရန် တိုက်တွန်းလေသည်။ ဦးပြုံးချိုကား အစိုးရလခစားအလုပ်ကို ဝင်ရောက် လုပ်ကိုင်ရန် ငြင်းဆန်ခဲ့လေသည်။ သို့သော် ဆရာပွားအား ချစ်ခင်သည့်အလျောက် တက္ကသိုလ်မှ ကပြသော ဒေဝကုမ္ဘန် ပြဇာတ်တွင် သင်ကြား ပြသပေးရလေသည်။ ထိုစဉ်အခါက ဝင်ရောက် ကပြသော တက္ကသိုလ်ကျောင်းသားကျောင်းသူ တပည့်ကြီးများအနက် နာမည်ကျော် ဒေါက်တာသိန်းနှင့် ဆရာမကြီး ဒေါ်စီဘီအေတို့လည်း ပါဝင်ခဲ့လေသည်။

ထို့နောက် သူရိယ သတင်းစာတိုက်တွင် မြန်မာဖက်ဆိုင်ရာ ပညာရှိဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)သည် အလုပ်မှ နုတ်ထွက် သွားလေရာ ယင်းနေရာသို့ ဦးပြုံးချို ဝင်ရောက် လုပ်ကိုင်ရလေသည်။

သူရိယတွင် ရေးသားနေစဉ် ကဗျာနည်းအမျိုးမျိုး ကျမ်းနှင့် နေဇ လိမ်နည်းအမျိုးမျိုးကို ရေးသား ပြီးစီး၍ မဟာဂီတဋ္ဌကထာ ဒီပနီကျမ်းကိုလည်း [illegible]ဘင် ရေးသားနေ[illegible]ပြီ။ သို့သော် ကွယ်လွန်သောအခါ ထိုကျမ်းမှာ [illegible]ပိုင်းတစ်စမျှသာ [illegible]ချသည်။ မောင်နေဇ လိမ်နည်းအမျိုးမျိုးမှာ [illegible]အုပ်အဖြစ်ဖြင့် နှစ်ကြိမ်တိုင်တိုင် ရိုက်နှိပ်ရပြီးလျှင် သူရိယ ရုပ်စုံတွင် [illegible]တ် ၃၂က စ၍ အပတ်စဉ် ရေးသား ထည့်သွင်းခဲ့လေရာ လူကြိုက် အလွန်များလှလေသည်။

ဗန္ဓုလဦးစိန် ထုတ်ဝေသော ဗန္ဓုလဂျာနယ်တွင် ထည့်သွင်း ဖော်ပြခဲ့ဖူးသော မြန်မာတစ်ပြည်လုံး ရတုပိုဒ်စုံပြိုင်ပွဲတွင် မြန်မာပြည် ခရိုင်ဝန်ရှင်တော် မင်းကြီးဟောင်း မစ္စတာ ဘာနတ်ဟောက်တန်၏ ပထမဆုကိုလည်း ဦးပြုံးချိုသည် ရရှိခဲ့လေသည်။ ထိုရတုကို ဖတ်လျှင် လောက(ဆု)

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အပိုးပြတ်၍ မပြစ်နိုင်သော ရတုဖြစ်သည်ကို ဖတ်ရှုးသူ ရှင်လူရဟန်း တို့ သိရှိကြပြီး ဖြစ်လေသည်။

လက်ဝဲသုန္ဒရသည် မဲဇာတောင်ခြေ ချီရတုကို ရေးသဖြင့် ရာထူးနှင့် စည်းစိမ်ကို ပြန်လည်ရရှိသကဲ့သို့၊ ဦးပြုံးချိုမှာ သီချင်း သို့မဟုတ် လင်္ကာ ရတု တစ်ပိုဒ်စ၊ တစ်ပိုဒ်စကြောင့် ငွေအမြောက်အမြား ရခြင်း၊ အိမ် ရခြင်း၊ မင်းစိုးရာဇာများထံမှ အကူအညီ ရခြင်း၊ တေဘုမှာတစ်ပုဒ်ကြောင့် အလုပ် အကိုင်ကောင်း ရရှိမှုမက မြန်မာပြည်တွင် အထူး ကျော်ကြားသော ဘဝကို ရရှိလေသည်။

ဆရာကြီး ဦးပြုံးချိုသည် ၁၂၄၀ ပြည့်နှစ်တွင် ဖွားမြင်၍ ဇနီးဖြစ်သူ ဒေါ်သော်နှင့် သားသမီး စုစုပေါင်း ၁၁ ယောက် ထွန်းကားခဲ့ပြီးနောက် အသက် ၅၀ အရွယ် ၁၂၈၉ ခု၊ တပို့တွဲလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့ ညဦး ချိန်တွင် ဗိုလ်တထောင် ၆၁ လမ်း၊ အိ[illegible]တ် ၂၅ တွင် ကွယ်လွန် အနိစ္စရောက်ခဲ့လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## မင်းသားလုပ်၍လိမ်ခြင်း

တစ်ရံရောအခါ ဥစ္စာပစ္စည်း ကြွယ်ဝသူ တော်တော်ပေါသော တောရွာတစ်ရွာ၌ ရွာဦးရှိ ရေတွင်းရေကန်နှင့် ဘုန်းကြီးကျောင်းအနီး ဇရပ်တစ်ဆောင်ပေါ်တွင်၊ ဝတ်ဖြူစင်ကြယ်နှင့် ပုတီးစိပ်ခါ စကားမပြောဘဲ ရုပ်ရည် သားနားစွာနှင့် အသက် ၂၅ နှစ်ခန့်ရှိ လူတစ်ဦးသည် ထိုဇရပ်အနီးရှိ ရေကန်သို့ ရေခပ်လာကြသူ သူငယ် မိန်းမပျို ကလေးတို့ကို သာယာစွာ ခေါ်လျက် ရေကလေး တစ်ပေါက် သောက်ပါရစေ။ ဒါနပြုကြပါ တူမကြီးတို့ဟု တောင်းလေ၏။

ထိုအခါ ရေခပ်လာသော ကလေးမကလေးများက ရေကိုသောက်ရန် ခွက်မရှိပါဟုဆိုပြီး ရေအိုးကို အနားမှာသွား၍ တည်ကြ၏။ ထိုအခါ ရေတောင်းသောသူသည် မိမိလွယ်အိတ်ထဲမှ ရွှေခွက်တစ်ခွက်



ထုတ်ယူ၍ ငှက်ပျောဖက် ကန်တော့လိုး၍ စွပ်ပြီးလျှင် ရေကို ကောင်းစွာခပ်ယူ၍ သောက်ပြီးနောက် ဆုတောင်း၍ လွှတ်လိုက်လေ၏။

ဤအရာ၌ ရွှေခွက်နှင့် သောက်ရလျှင် ဖက်ကန်တော့ စွပ်ဖို့လိုတော့သည် မဟုတ်။ သို့သော်လည်း အထူးအဆန်း ဖြစ်စေချင်သော ဆန္ဒဖြင့် ဤကဲ့သို့ ဟန်ဆောင် ပြုလုပ်သော အမူအရာတည်း။

ထိုကလေးမ ကလေးများသည် ရွာတွင်းသို့ ရောက်သောအခါ ရွာပြင် ဇရပ်ပေါ်တွင် ဤလို လူတစ်ဦးကို ထူးဆန်းစွာ တွေ့ခဲ့ကြကြောင်းဖြင့် အမိအဖတို့အား ပြောကြားကြရာ၊ မင်းစိုးကို လိုလားသော အချို့လူကြီးများက–

"ဟဲ့ ... ဟဲ့ တိတ်တိတ်နေ လူကြားကုန်မယ်။ နင်တို့ ပြောတဲ့အတိုင်း မှန် မမှန်ကို နက်ဖြန် ငါတို့လိုက်၍ တော်ရာက ချောင်းကြည့်မယ်" ဆိုပြီးလျှင် နောက်တစ်နေ့၌ ဤကဲ့သို့ ကလေးမ များကို ရေခပ်လွှတ်လိုက်ပြီးလျှင် အချို့ လူကြီးများက လိုက်၍ ချောင်းမြောင်းကြည့်ရာ–

အဆိုပါ လူသည် ယခင်နည်းအတိုင်း ရေတောင်း၍ သောက်ပြန်၏။ ချောင်းကြည့်ရာမှ မြင်ကြသော လူကြီးများက "ဟာ ဧကန်မင်းသားပဲ" ဆိုပြီး၍ အပါးသို့ ရိုသေစွာ ကပ်လျက် ဒူးတုပ် ရှိခိုးကြသောအခါ

မင်းသား "အို အို ဦးမင်းတို့ သည်းခံတော်မူကြပါ။ အခါမဟုတ်နေရာ မဟုတ်သော ယခုအခါမှာ အရိုအသေ မပြုထိုက်သေးပါသဖြင့်၊

www.burmeseclassic.com

www.burmeseclassic.com



အရပ်သား ဆင်းရဲသားချင်းကဲ့သို့ပင် နှုတ်ဆက်တော်မူကြပါ။ အရှိအသေ မပြုကြရန် တောင်းပန်ပါတယ်"

အရပ်သားလူကြီး "မှန်ပါ ဤရပ်ပေါ်မှာ စံတော်မူ၍ အမြင်မတော် ဖြစ်ပါသည်။ ရွာတွင်းသို့ ကြွတော်မူပါ" ဟု ပင့်ခေါ်ပြီးလျှင် ခမ်းနားသော အိမ်ကြီးတစ်အိမ်အတွင်း ဖြူစင် သန့်ရှင်းသော ခုတင်၊ မွေ့ရာ၊ ခေါင်းအုံးတို့ဖြင့် ပြင်ဆင်လျက် ကန့်လန့်ကာ ကာပြီးလျှင် အချိုပွဲ၊ အချဉ်ပွဲများနှင့် သန့်ပြန့်စွာ ထားကြလေ၏။

၎င်းနေ့ညဦး၌ တော်တော် မင်းစိုး လိုလားကြသော ရွာနေ လူကြီး လူကောင်းများသည် တိတ်ကဆိတ် ဝင်ရောက် ခစားကြပြီးလျှင်၊ အကျိုးအကြောင်းကို မေးလျှောက်ကြရာ "လူကြီးမင်းများတို့ မိမိတို့ အမျိုးအရိုးကို မတိမ်ကောစကောင်း ဆိုသည့်အတိုင်း၊ မိမိ အမျိုးအရိုးကို ချစ်လျှင် နှုတ်လုံတော်မူကြပါ။ ကျွန်ုပ်သည် အခြားမဟုတ် မန္တလေး ရတနာပုံမြို့တည် နန်းတည် ပဌမ သင်္ဂါယနာတင် ဘုရင်ခမည်းတော် မင်းတုန်းဘုရားကြီး၏ သားတော် အစစ်အမှန် ဖြစ်ပါတယ်။ ကျွန်ုပ်တို့ ခမည်းတော်ဘုရားကြီးတွင် အဆောင်ရ မိဖုရား ၄၉ ပါး ရှိသည့်အနက် ကျွန်ုပ်၏ မယ်တော်မိဖုရားမှာ (လဲချားမိဖုရားကြီး) ဖြစ်ပါတယ်။ ၎င်း ကျွန်ုပ်၏ မယ်တော်သည် လဲချားစော်ဘွားကြီး၏ သမီးတော် ဖြစ်ပါတယ်။ ကျွန်ုပ်၏ မယ်တော်မှာ နောင်တော်တစ်ပါး၊ အစ်မတော် တစ်ပါး ငယ်စဉ်က လွန်တော်မူကြပါတယ်"

"၁၂၄၀ ပြည့်နှစ် ခမည်းတော်ဘုရားကြီး နတ်ရွာစံလွန်တော်မူတော့၊ သီပေါဘုရင် နန်းတက်ရာ ဤအခါ ကျွန်ုပ် ကျောင်းသားရွယ်မျှ ရှိသဖြင့် ဘိုးတော် စော်ဘွားကြီးများ ခမည်းတော် ဈာပန ကိစ္စအတွက် ကြွရောက် လာကြသည်နှင့် ဘိုးတော်နှင့်အတူ ကျွန်ုပ်တို့သားအမိ



ရှမ်းပြည်သို့ ပြန်လည် ထွက်ပြေး လိုက်ပါသွားရသဖြင့် အသက် ချမ်းသာရပါတယ်။ အချို့သော မင်းသားငယ်များမှာ သီပေါဘုရင် နန်းတက်သော နှစ်မှာပင် အလုံးစုံ ကံကုန်ကြရရှာပါတယ်။ ကျွန်ုပ်တို့ သားအမိမှာသာ ထွက်ပြေး၍ လွတ်လပ် ချမ်းသာရပါတယ်"

"သို့သော် ယခုအခါ သီပေါဘုရင်ကို အင်္ဂလိပ်မင်းများ ဖမ်းယူ၍ သွားသည့်နောက် အချို့ ကျန်ရှိရစ်သော မှူးမတ်များက ကျွန်ုပ်ထံသို့ တမန်စေ၍ မင်းမြောက်တန်ဆာများ ပို့ထားကြရာ၊ ကျွန်ုပ်ဆရာ ဘုန်းတော်ကြီးက ယခုအခါ မကောင်းသေး။ သို့ရာတွင် အောက်မြို့ ကျေးရွာမှာ လောကီပညာမှာ အလွန်စွမ်းသော ငါ့ဆရာတော်တစ်ပါး ရှိသည်။ အောက်မြို့ရွာသို့ ငါနှင့်အတူ လိုက်ခဲ့ပေတော့ ဆိုပြီးလျှင်၊ ၎င်း မင်းမြောက်တန်ဆာ စိန်ကျောက်ရတနာများပါ ယူ၍ ရုပ်ဖျက် အောက်မြို့ ကျေးရွာသို့ စုံဆင်း၍ လာကြရာ၊ ပါလာသော မင်းမြောက် တန်ဆာ ရတနာများကို အမှတ်တရ ပြောရာတွင် အိုးနှင့်မြှုပ်၍ ကျွန်ုပ်ကို ဤရပ်ပေါ်၌ ခုနစ်ရက် ဆိုင်းလင့်ရမည်။ အကယ်၍ ခုနစ်ရက်နှင့် ငါ ပြန်မလာလျှင် အကြောင်းထူးပြီဟု မှတ်၍၊ သည်မှာ မနေနှင့် ရှမ်းပြည်ကို ပြန်လိုက်ခဲ့။ ဟိုမှာ ငါ အရန်သင့် ပြင်ဆင်ထားနှင့်မည်ဟု မှာသွားပါသည်ဟု ပြောပြ၏"

အရပ်လူကြီး တစ်ယောက်ကလည်း "မှန်လှပါ ကိုယ်တော် အမည်တော်၊ ဘွဲ့တော်ကို ဘုရားကျွန်တော်မျိုးများ မသိရဘူးလား ဘုရား" ဟု လျှောက်ရာ—

"အို လူကြီးမင်းတို့ ဤမျှ ထုတ်ဖော်ပြောသည်ကိုပင် လွန်လွန်းပါပြီ။ ကျွန်ုပ်အမည်ကို သိတော် မမူလိုကြပါနှင့်" ဟု မျက်နှာပျက်ခါ

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ရာ အချို့ အတူလာ၍ ခစားကြသူ လူကြီးတို့က မေးသော လူကြီးကို–

“အို… ခင်ဗျားဟာ နားလည်း မလည်ဘဲကိုး။ မဟုတ်တဲ့နေရာမှာ မမေးသင့်တာ၊ လာပြီး သေသေချာချာများ မေးနေသကိုး”ဟု အပြစ်တင် ပြောဆိုကြလေ၏။

၎င်းနောက် အတော် ညဉ့်နက်သောအခါ၊ လာရောက် ခစားကြသော ရပ်ရွာလူကြီးများ ပြန်သွား ကုန်ကြ၏။ ထိုကဲ့သို့ နေ့စဉ်နေ့တိုင်း အရပ်လူကြီးများနှင့် အကျိုးအကြောင်း ပြောပြလျက်၊ ခုနစ်ရက်မြောက်သောအခါ အိမ်ရှင်လူကြီးအား ပန်ကြား၍

“သည်ယနေ့ ဆရာတော်ဘုရား မှာထားသော အချိန် ရက်မြောက်သဖြင့် ပထမနေရင်း ရွာဦးဇရပ်သို့ သွားရောက် စောင့်နေဦးမယ်”ဟု ဇရပ်ပေါ်၌ အကြိုထုတ်နေလေ၏။

နေဝင်၍ အတော်မှောင်မှ ရွာတွင်းသို့ ပြန်လာပြီးလျှင်၊ တည်းခိုသော အိမ်သို့ရောက်၍ “ဆရာတော် မကြွလာတော့ဘူး။ မှာထားရင်းအတိုင်း အကျွန်ုပ် အကြံအောင်တော့မယ်”ဟု အိမ်ရှင်လူကြီးကို တိုးတိုးကြိတ်၍ ပြောပြီးလျှင်၊ ညစာပွဲတော် ဆက်ကြ၏။ ထမင်းစားပြီးသောအခါ အရပ်က လူကြီးများ လာရောက် ခစားကြပြီးလျှင်၊ အိပ်ချိန်တန်၍ ပြန်ကြသောအခါ အိမ်ရှင်လူကြီးကို တိုးတိုးခေါ်၍။

ကျွန်ုပ်ဆရာ မှာခဲ့သည့်အတိုင်း ရှမ်းပြည်ကို ပြန်ရတော့မည်။ သို့ရာတွင် ကျွန်ုပ် မြုပ်နှံ၍ထားခဲ့သော မင်းမြောက်တန်ဆာ ရတနာကျောက်မျက် ရွှေငွေတို့ကို ကျောင်းဒကာကြီးအား လှူယုံပေးကြီးဖြစ်၍ ပြခဲ့မည်။ ကောင်းမွန်စွာ စောင့်ရှောက်ရစ်ပါ။ ကျွန်ုပ် အကြံအောင်၍ ထီးနန်း စည်းစိမ်ကို ရသောအခါ ကျောင်းဒကာကြီးတို့



တစ်ဆွေ တစ်မျိုးလုံး သားစဉ်မြေးဆက် ချမ်းသာကြအောင် ကျွန်ုပ်စောင်မပါမည်ဟု ပြောရာ

အိမ်ရှင် ကျောင်းဒကာကြီးက “မှန်လှပါ ဘာကိုမျှ စိုးတော်မမူပါနှင့်ဘုရား။ ကျွန်တော်မျိုးကိုသာ ပြသ၍ ထားတော်မူခဲ့ပါဘုရား”ဟု လျှောက်ထားလျှင်–

“ကောင်းပါပြီ ကိုင်း ဒါဖြင့် ကျွန်ုပ်နှင့်အတူ တူးရွင်းများ ယူ၍ လိုက်ခဲ့ပါ။ မီးခြစ်နှင့် မီးခွက်တစ်ခုကိုလည်း ယူခဲ့ပါ”ဟု၍ ပြောပြီးလျှင် ည ၁၂ နာရီအချိန်လောက် တောစပ် တစ်ခုသို့ သွားကြလေ၏။

ရောက်သောအခါ ကျောင်းဒကာကြီး သည်နေရာမှ တူးပါဟု ပြ၍ တူးရာ လူတစ်ရပ်မျှ တူးမိလျှင်ပင် စဉ့်အိုးတစ်လုံးပေါ်လာ၍ စလောင်းကို ဖွင့်လှစ်ပြီးလျှင် မီးခွက်ထွန်း၍ ပြလိုက်ရာ၊ အတု လုပ်ထားသော မကိုင်မှတန်ဆာ ရွှေခြေနင်း စိန်ရွှေကျောက်တို့ကို ပြိုးပြိုးပြောင်ပြောင် မြင်ရလေလျှင် ကျောင်းဒကာကြီးမှာ အံ့အားသင့်ခါငေးမော၍နေစဉ် မင်းသားက–

“ကျောင်းဒကာကြီး မီးခွက် မှုတ်လိုက်တော့။ လူသူလေးပါး မြင်ရော့မယ်။ နေရာကို သိပြီ မဟုတ်လား။ ကဲ ကဲ ပိတ်မြဲပိတ်။ မြေကို ပြန်ဖို့၍ ညီညွတ်စွာ ပြုထားခဲ့ပါ”ဟု စေခိုင်း ပြုလုပ်ပြီးလျှင် အိမ်သို့ မှောင်ခိုခါ ပြန်ခဲ့ကြလေ၏။

အိမ်သို့ ရောက်သောအခါ ကျောင်းဒကာကြီး လင်မယားကို ခေါ်၍ ကျောင်းဒကာကြီး စိတ်ချရပါစေနော်။ အိုးထဲမှာ ရှိတဲ့ စိန်ကောင်းကျောက်ကောင်းများဟာ နန်းစဉ်ကျောက်တွေပါ။ တစ်လုံးတစ်လုံးကိုပင် အဖိုး မဖြတ်နိုင်အောင် တန်ပါတယ်။ ကိုယ်မျှ အမိသော်လည်း သားတော်ခဲ ဆိုသလို၊ ကျွန်ုပ် အကြံ မအောင်ခင်မို့သာ

www.burmeseclassic.com



ကျောင်းဒကာတို့ကို စိတ်ချ ယုံကြည်၍ အပ်နှံထားခဲ့ရပါသည်။ ကျွန်ုပ် ယုံကြည်သလောက် သစ္စာ စောင့်တော်မူနိုင်ကြပါဟု အထပ်ထပ် မှာပြီးလျှင် စက်တော်ခေါ်မည့်ဟူ၍ ဘုရားပုထိုး ရှိခိုးနေလေ၏။

၎င်းနောက် အတော်ကြာသောအခါ ကျောင်းဒကာကြီး အိပ်ပြီလားဟု မေးရာ–

ကျောင်းဒကာကြီး၏ ဇနီးမယားမှာလည်း ဝမ်းသာမျိုးမက ဝမ်းသာ လျက် အိပ်၍ မပျော်နိုင်ဘဲ၊ လင်မယား တိုးတိုးကြိတ်နေကြဆဲဖြစ်၍ မှန်လှပါ မအိပ်သေးပါဘုရားဟု ထွက်လာပြီးလျှင် အပါး၌ ဝပ်လျက် ခစား၏။ ထိုအခါ မင်းသားက–

"ကျောင်းဒကာ ယခု ကျွန်ုပ် သွားမည့်မှာ အင်္ဂလိပ်အစိုးရများ မသိအောင် အမျိုးမျိုး ရုပ်ဖျောက်၍ သွားပေါမည်။ စရိတ်စကမှာလည်း ယခုအခါ မပြည့်မစုံ ဖြစ်နေပါသည်။ သို့အတွက် ကျောင်းဒကာကြီးက လည်း ကျွန်ုပ် အကျိုးတော်ကို ဆောင်သည့်အနေနှင့် ငွေ ၁၀၀၀ လောက် စရိတ် ရှာဖွေ၍ ထောက်ပံ့လိုက်ဦးမှ တော်မည်။ သို့မှ အကြံအောင်လွယ် တော့မည်"ဟု ပြောဆိုရာ–

ကျောင်းဒကာအဘိုးကြီးမှာ အိမ်ခန်းတွင်းသို့ ဝင်၍ မယားကို တိုင်ပင်ရာ မယားက–

"အို သူပစ္စည်းတွေ အဖိုးမဖြတ်နိုင်တဲ့ ရတနာတွေတောင် ကိုယ့်ကို ယုံလို့ ပုံခဲ့သေးတာ။ သည်ငွေလေး ၁၀၀၀ မျှ နှမြောနေလျှင် ဘယ်မှာ အကျိုးရောက်နိုင်တော့မလဲ။ မြန်မြန်ထုတ်ပြီး ဆက်သလိုက်ပါ" ဟု ပြောမှ၊ အဘိုးကြီးမှာ သံသေတ္တာကို ဖွင့်၍ ငွေ ၁၀၀၀ ကို ထုတ်ပြီးလျှင် မင်းသားဘက်သို့ ရိုသေစွာ ဆက်သလိုက်လေ၏။



မင်းသားလည်း ငွေ ၁၀၀၀ ကို ရလျှင် ဆားလွယ်အိတ်တွင် ထည့်၍ "တိုင်း ကျောင်းဒကာကြီး နံနက်မှ သွားလျှင် လူသူလေးပါး မြင်၍ အကြံပျက်စရာ ရှိပေသည်။ သို့အတွက် ယခုညပင် လှေငယ်နှင့် ကျွန်ုပ်ကို မြစ်တစ်ဖက်သို့ လိုက်၍ ပို့ပါ" ဆိုသဖြင့် ကျောင်းဒကာမှာ လိုက်၍ ပို့ရလေ၏။ မင်းသားယောင်ဆောင် မောင်နေမှာလည်း ငွေ ၁၀၀၀ ကို ယူ၍ ညတွင်းချင်း ထွက်ပြေးပြီးလျှင် နေရပ်သို့ ပြန်လေ ၏။

ကျောင်းဒကာ လင်မယားမှာလည်း တစ်လ နှစ်လ ကြာ၍မျှ မင်းသားလည်း မလာ၊ သတင်းထူးလည်း မကြားသဖြင့်၊ မသင်္ကာပြီး လျှင် မြှုပ်ထားသော စဉ့်အိုးကို သွားရောက် ဖော်ကြည့်ရာ၊ အတုလုပ်၍ ရွှေချထားသော မကိုဋ်နှင့် ဈေးတွင် ရောင်းသော ဖန်ကွဲကို သွေးထား သည့် စိန်ကျောက်များကို မြင်တော့မှ "ဟိုက် ကိုယ်ကျိုးနည်းပါပြီ။ တို့ကို လူလိမ်သွားပြီ" ဟု ဆိုကာ၊ လင်မယားနှစ်ယောက် မှိုင်တွေချ လျက် နေကြလေ၏။

ဥပဒေသ

အမျိုးမကောင်း၊ လူဖျင်းသောင်းကို၊ သူကောင်းထင်ကာ၊ အရှက်ရ၊ သူဖျားယောင်းလျှင်၊ ဉာဏ်မယှဉ်ဘဲ၊ ယုံချင်တတ် က၊ မွဲပြာကျ၊ ဟူ၍ မှတ်ကြလေ၊ မည်သည့်အရာ ဌာနမျိုးမဆို မစူးမစမ်း မဆင်ခြင်ဘဲ မယုံကြည်ရာ။

■

www.burmeseclassic.com

## အရာရှိအား လိမ်ပုံ

နေဓသည် ငယ်စဉ်ကပင် မိဘဆွေမျိုး ဘယ်မှာရှိသည်ဟု မသိရ။ အကျင့်စာရိတ္တမှာ ခိုးတတ်သည်၊ လိမ်တတ်သည်၊ ဘိန်းရှူတတ်သည်၊ အရက်သောက်သည်။ ၎င်း အကျင့်အကြံများအနက် လိမ်ခြင်းကို အလွန် ဝါသနာ ပါသည်။ သူငယ်ချင်း မိတ်ဆွေများထံမှ ဆေးလိပ်ဖိုး သရေစာဖိုး တစ်ပဲ တစ်မူးမျှကိုပင် ရိုးရိုးမတောင်း လိမ်လည်၍သာ တောင်းတတ်၏။ လိမ်ရမှပင် ဝသည် ထင်ဟန်ရှိ၏။ ထို ခိုးမှု၊ လိမ်မှုနှင့်ပင် ခဏခဏ ထောင်ကျ၏။ သို့ရာတွင် ဘယ်လိုပင် ထောင်ကျစေကာမူ ထောင်က လွတ်၍လာလျှင် လိမ်မြဲပင်၊ လိမ်တတ်၏။

တစ်ရံရောအခါ အရာရှိတစ်ယောက်က နေဓကို ခေါ်ပြီးလျှင် "နေဓ မင်း လိမ်လည်ခြင်း၌ အလွန် ကျင်လည်သည်ဟု ငါ ကြားရ မင်း လိမ်တတ်တဲ့ ပညာနှင့် ငါ့ဆီက တစ်စုံတစ်ခု ပစ္စည်း ရအောင် ငါ့ကို လိမ်စမ်းပါ ခိုင်းလေ၏။ ထိုအခါ နေဓက–



"ကျွန်တော်သည် အတိုင်းဖြင့် လိမ်လည်ဖို့ ဉာဏ်ကို မထွက်ပါ စင်စစ်မှာကား အရက် ကောင်းကောင်းကို သောက်ရလျှင် ကိုယ်တော်ကို လိမ်နိုင်မည်" ဟု ပြော၏။

ဆရာအရာရှိကလည်း "ကောင်းပြီး မင်း သောက်ချင်တဲ့ အရက်ကို ငါ တိုက်မည်" ဟုဆိုပြီး ဝီစကီအငယ် တစ်ပုလင်းကို ဝယ်၍ တိုက်လေ၏။ အရက် တိုက်ပြီးသောအခါ "ကိုင်း နေဓ၊ အရက်သောက်ပြီးပြီ ငါ့ကို လိမ်ပေတော့" ဟု ဆိုလေ၏။

ထိုအခါ နေဓက ရယ်မောလျက် "ဆရာ့ကို ကျွန်တော် လိမ်ပြီးပြီ" ဟု ပြော၏။

အရာရှိက "မင်း ဘယ်တော့ ငါ့ကို လိမ်ရသေးလို့တုံး"

"နေဓ ယခု အရက်သောက်ရတာ ဆရာ့ကို ကျွန်တော် လိမ်လည် သောက်တာပဲ မဟုတ်လား" ဟု ပြောတော့မှ။

အရာရှိမှာ ခေါင်းညိတ်လျက် "အေး ဟုတ်သဟေ့၊ မင်း တော်သကွယ်၊ ငါ့ကိုတောင် ကျအောင် လိမ်နိုင်တဲ့လူပဲ" ဟု ချီးမွမ်းပြီးလျှင် ထမင်းဟင်း ကျွေးမွေး၍ လွှတ်လိုက်လေ၏။

### ဥပဒေသ

လိမ်တတ်သောသူကို၊ ငါနပ်သည်၊ ငါပါးသည်၊ ငါ့ကို မလိမ်နိုင်ရာဟု မမှတ်သင့်၊ လိမ်မှုကို ကျွမ်းကျင်သောသူသည်၊ နပ်သည့်သူကို ဖြစ်စေ၊ ပါးသည့်သူကို ဖြစ်စေ၊ ထိုသူနှင့် လျော်သော နည်းနှင့်ပင် လိမ်တတ်၏။ ထို့ကြောင့် လိမ်တတ်သူကို အကျွမ်းမဝင်ရာ။

■

www.burmeseclassic.com

www.burmeseclassic.com

## စကြာမင်းကလေးလုပ်၍လိမ်ပုံ

တစ်ရံရောအခါ ကုန်သည်လယ်လုပ်သော အမှုဖြင့် အတော်ပင် ချိမ်းသာ ကြွယ်ဝကြသောသူများ များပြားသော ရွာကြီးတစ်ရွာတွင် တစ်နေ့သောနေ့၌ ရွာဦးစေတီတစ်ဆူ၏ ရင်ပြင်တော်တွင်၊ ထူးဆန်းသော ရွှေပေလွှာ တစ်ခောင်ကို၊ ကျောင်းသားကလေး တစ်ယောက် ကောက်၍ ရသဖြင့်၊ ဘုန်းတော်ကြီးကို ကပ်ရာ ဘုန်းတော်ကြီးက ကျောင်းဒကာများ ရပ်ရွာနေ လူကြီးများကို ခေါ်၍ ၎င်းရွှေပေလွှာကို ပြသပြီးလျှင်၊ လူကြီးများလည်း တစ်ယောက်တစ်လှည့် ဖတ်ကြည့်ပြီးလျှင် တိုးတိုး တိုးတိုးဖြင့် ခေါင်းချင်းရိုက်ကာ နေကြလေ၏။

ထိုအခါသည် မြန်မာနိုင်ငံကို အင်္ဂလိပ်မင်း အုပ်စိုးသည်မှာ မကြာသေးမီအခါ ဖြစ်လေသည်။ ၎င်းရွာ၌ လူကြီးလူကောင်းများသည် အလှူအိမ်၊ မသာအိမ်၊ ဥပုသ် ဇရပ် အစရှိသည်တို့၌ ပရိသတ် ဝိုင်းဖွဲ့



မိလျှင် သိုက်စကား၊ တဘောင်စကား၊ မင်းစကား၊ စိုးစကား အလွန် ဝါသနာ ပါသဖြင့် ပြောလေ့ ရှိကြ၏။

ထိုရွာဦးကျောင်း၌ ကိုးကွယ်ကြသော ဘုန်းကြီးသည်လည်း ကျောင်းအနီးတွင် ဗိုရ်ုနှင့် အဂ္ဂိရတ်ကို အမြဲထိုးလျက်၊ ဆေးဒန်းသတ္တု ကို ကြိုးဖော်ရန် အားထုတ်ပြီးလျှင်၊ စားပြီး၊ သေနတ်ပြီး စသော ကာယသိဒ္ဓိနည်းကိုပင်၊ လုံ့လစိုက်ထုတ်လျက် နေ၏။ ကျောင်းထိုင် ဘုန်းကြီးကလည်း ဥပုသ်နေ့ စသည်တို့၌ ဒကာများ ကျောင်း၌ ဆုံမိကြလျှင်

"သီပေါရှင်ဘုရင်ကို အင်္ဂလိပ်မင်း ဖမ်းသွားတာ သီပေါအစစ် မဟုတ်ပါဘူး ဒကာတို့ရယ်၊ ရှင်ဘုရင်မကြီးကို ကြက်ကလေး၊ ငှက်ကလေးမှ မဟုတ်ဘဲ သူတို့ ဘာရမလဲကွဲ့။ ဒီလို ရှင်ဘုရင်ဖြစ်ပြီးနေတဲ့ ပုဂ္ဂိုလ်ကို မဆိုထားနဲ့၊ ကုန်းဘောင်ရှင်ဘုရင် လက်ထက်က ညောင်ရမ်းတား စကြာမင်းကလေးကို မယုံကြည်တာနဲ့ ကတ္တီပါရွှေအိတ်နဲ့ ရေဆိပ်ချတော့၊ တဘောင်က ပေါ်လာသတဲ့ကွဲ့။"

ဆင်ဖြူမသား ရေကိုလား သိကြားသော်လည်း ဆောင်လတ္တံ့။ နဂါးသော်လည်း ဆောင်လတ္တံ့။

ဆိုတဲ့ တဘောင်ပေါ်တော့၊ စကြာမင်း သေတယ်၊ မသေဘူး ငြင်းကြ ခုန်ကြရော၊ သည်အခါ ကုန်းဘောင် ရှင်ဘုရင် ရွှေနားတော် ကြားလို့၊ မင်းလုလင်များကို ခေါ်၍ စကြာမင်းကလေးကို တုပ်ပြီး ပစ်ချတဲ့ ကတ္တီပါအိတ်ကို ငုပ်၍ ဖော်ယူစေသော်၊ ကတ္တီပါအိတ်နှင့် ကျောက်ခဲများသာ တွေ့ရသည်။ အလောင်းတော်ကိုကား မတွေ့ဘူး တဲ့။ အဲ... ရှင်ဘုရင် မဟုတ်ဘဲ၊ မင်းသားအဖြစ်နှင့်တောင် သေသေ ချာချာ ကတ္တီပါအိတ်ထဲမှာ တုတ်နဲ့ ရိုက်သတ်ပြီး၊ ရေထဲ ပစ်ချ

www.burmeseclassic.com

www.burmeseclassic.com



တာတောင် မသေဘဲဟာ။ သိပေါရှင်ဘုရင်ကို အင်္ဂလိပ်မင်း ဖမ်းသွားတယ်ဆိုတာ၊ အစစ် ဘယ်မှာ ဟုတ်မလဲ၊ လူတုမရှား ဆိုသည့်အတိုင်း အတုသာ ဖြစ်တော့မပေါ့ဟု ပြောလေ့ ရှိနေကြ၏။

ထိုကဲ့သို့ ပြောဆိုလျက် နေကြသည့် အတောအတွင်းမှာ ပြဆိုခဲ့သော ရွှေပေလွှာကို ရကြ၏။ ၎င်းရွှေပေလွှာကား ပိဋကတ်စာပေများ ရေးသော ပေရွက်အကြီးဆုံး တစ်ပေမျှကို၊ သပ်ရပ်စွာ ရွှေချလျက်၊ ၎င်းရွှေပေါ်မှာ မှင်အနက်ဖြင့် ရေးထားသည်။ ၎င်းရွှေပေလွှာတွင် အပေါ်ဆုံးက (သတ္တဝါများအတွက် သိကြားမင်း ချထားသော ရွှေပေလွှာ) ဟူ၍ ခေါင်းတပ်ပြီးလျှင် အောက်ဒွပါသော စာမှာ-

အို လူအပေါင်းတို့ ငါးပါးသီလ မြဲကြကုန်၊ မေတ္တာတရားပွားများကြကုန်။ ထိုကဲ့သို့ သီလအာစာရနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များသည် ယခုနှစ် ကဆုန် လပြည့်နေ့ ဤဘုရားရင်ပြင်တော်တွင် နံနက် အာရုဏ်တက်အခါ၊ ကြာငါးလက်ဖြင့် ဘုရားဖူးကြွလာသော စကြာမင်းကလေးကို အသင်တို့ ဖူးတွေ့ကြရလတ္တံ့။ ထိုအခါ ထိုစကြာမင်းကလေးကို ပင့်လျှောက်ကြလေ။ ဘုန်းကံရှိသော သူများအိမ်သို့ ကြွရောက် ခေတ္တ စံတော်မူလတ္တံ့။ ထိုအိမ်ရှင်လည်း ချမ်းသာ ကြွယ်ဝလတ္တံ့။

ဟူသော စကားကို လှပစွာ ဝိုင်းဝိုင်းစက်စက် လက်ရေးဖြင့် ရှိ ဖတ်ကြည့်ကြရသောကြောင့်၊ ရပ်သူရွာသားတို့သည် ကဆုန်လပြည့်နေ့ ရောက်ခဲလိုက်တာနော်ဟု များစွာ တောင့်တ မျှော်လင့်လျက်က၊ ကို အင်္ဂလိပ်အစိုးရ အရာရှိများ မတော်တဆ ကြားသိသွားမည်ကို



စိုးသဖြင့်၊ မိမိတို့ သားသမီးကိုမျှ မပြောဘဲ၊ လူကြီးချင်းသာ တိုးတိုးကြိတ်လျက် ခေါင်းချင်းရိုက်ခါ နေကြလေ၏။

ကဆုန်လပြည့်နေ့သည် နက်ဖြန်ပင်ဖြစ်လတ္တံ့သော အဖိတ်နေ့နံနက်အခါက လူအများသည် ယောက်ျား မိန်းမ ရှစ်ပါးသီလ ခံကြ၊ မေတ္တာပို့ကြ၊ ပုတီးစိပ်ကြနှင့် တစ်ရွာလုံးသည် တိတ်ဆိတ်လျက် ရှိနေကြ၏။ အဖိတ်နေ့ညတွင်ကား တစ်ညလုံး အိမ်သို့ မပြန်ကြတော့ဘဲ၊ စေတီတော်နှင့် မနီးမဝေး အချို့ ကျောင်းအောက် အချို့ ဇရပ်ပေါ်မှာ ပုတီးစိပ်ကာ မအိပ်ဘဲ စောင့်၍နေကြလေ၏။

နံနက် အရုဏ်တက်ခါနီးသောအခါ၊ အသက် ၂၅ နှစ်ခန့်ရှိ လူတစ်ယောက်သည်၊ ဝတ်ဖြူစင်ကြယ်ကို ဝတ်လျက် ပိတ်ဖြူတဘက်ဟစ်ခုကို၊ ပတ်သိုင်းလျက် ပိုးပုဝါ အဖြူကို ဖော့ဂ ကဲ့သို့ ပေါင်းကာ၊ ပဒုမ္မာကြာ ငါးလက် ကိုင်ပြီးလျှင်၊ စေတီတော်၏ အရှေ့ ဘက်မုခ်ဝက ဝင်ပြီးလျှင် စေတီတော်ကျ လက်ယာရစ် သုံးကြိမ် ရှိခိုးလျက် လှည့်လည်ပြီးသော် အရှေ့ဘက် တည့်တည့်မှ ထိုင်၍ ပူဇော် ကန်တော့လေ၏။

ထိုအခါ စောင့်ဆိုင်းလျက် နေကြသော၊ အရပ်လူကြီး မိန်းမယောက်ျားတို့သည် မြတ်စွာဘုရား ရင်ပြင်တွင်းသို့ စုရုံးလုံးခဲလျက် ဝင်ကြပြီးသော် သူ့ထက်ငါ တိုးဝှေ့၍ ကြည့်ရှုကြလေ၏။ ထိုအခါ ကြာငါးလက်ကို ကိုင်လာသော သူ၏ ကိုယ်လုံးမှ မွှေးသော အနံ့တို့သည် ကြိုင်လျက်ရှိ၏။ ထိုအခါ ရပ်ရွာလူကြီးများသည် ဘုရားကိုဦးစွာ ဝတ်ချပြီးလျှင် ရိုသေစွာ ဒူးတုပ်လျက် အဆိုပါ လူ၏ အပါးသို့ ဝိုင်းဝန်း ခစားရန် အနီးသို့ ချဉ်းကပ်လာကြသောအခါ၊ ဝတ်ဖြူစင်ကြယ် ဝတ်သော လူသည် မည်သူ့ကိုမျှ စောင်း၍ မကြည့်ဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကြာငါးလက်ကို မြတ်စွာဘုရား ပန်းတင်ခုံတွင် စိုက်လျက်၊ ဘုရားကို ဝတ်ပြုပြီး–

အရှေ့ဘက်မုခ်ဝသို့ ပြန်၍ ထွက်သောအခါ၊ လူ အပေါင်းတို့သည် စုရုံး ဝိုင်းဝန်းကြလျက် "ကျွန်တော်မျိုးများ အိမ်တွင် ခေတ္တကြွရောက် စံမြန်းတော်မူပါဘုရား" ဟု လူတိုင်းကပင် ပင့်ခေါ်ကြလေ၏။

ထိုအခါ ဘုန်းတော်ကြီးဘုရားလည်း ကျောင်းပေါ်က ဆင်းကြွ၍ လာသောအခါ ထိုအဝတ်ဖြူနှင့် လူသည် မတ်တတ်ပင် ရှိခိုး ဦးညွတ်လျက်–

"အရှင်ဘုရား မည်သည်ကို မိန့်တော်မူလိုပါသလဲ ဘုရား" ဟု လျှောက်ရာ

ဘုန်းတော်ကြီးက "တကာတော် ကျောင်းပေါ်သို့ ခေတ္တကြွရောက်စေလိုပါသည်" ဟု ခေါ်၏။

ထိုအခါ ထိုဝတ်ဖြူစင်ကြယ်နှင့် လူသည် ကျောင်းပေါ်သို့ လိုက်သွားရာ၊ ဘုန်းတော်ကြီးလည်း ချောမွေ့လှစွာသော သင်ဖြူးကို ခင်း၍ပေးပြီးလျှင် "ဒကာတော် ဤတွင် ထိုင်ပါ" ဟု ဆိုပြီးမှ ၎င်း၏ရှေ့ ခင်းထားသော ကော်ဇောပေါ်တွင် ဘုန်းတော်ကြီးသည် ထိုင်တော်မူလျက် ဒကာတော်မျိုးရိုး ဇာတိကို အမိန့်ရှိစေလိုသည်" ဟု မေး၏။

**မင်းဒကာ–** "မှန်လှပါ၊ တပည့်တော်၏ မျိုးရိုးဇာတိကို အရှင်သိတော်မူ၍ အကျိုးရှိမည် မထင်ပါဘုရား"

**ဘုန်းကြီး–** "ဒကာတော် လွန်ခဲ့သော ဆယ်ရက်လောက်က ဤမြတ်စွာဘုရား ရင်ပြင်တော်မှာ သိကြားမင်း ချထားသော ရွှေပေလွှာ တစ်ခုကို ငါတို့ ရသည်။ ထိုရွှေပေလွှာအတိုင်း ဒကာ



တော်သည် မင်းကလေးပင် ဖြစ်မည်ထင်သဖြင့် ဘုန်းကြီးက မေးရတော့သည်။ ထင်သည့်အတိုင်း မှန်မည် မမှန်မည်ကို ဘုန်းကြီး အမှန် သိလိုသည် ဒကာတော်"

**မင်းဒကာ–** "မှန်လှပါ အရှင်မြတ်များမှာ ရတနာသုံးပါးပင် ဖြစ်ပါသဖြင့် တပည့်တော်မှာ လိမ်လည်၍ လျှောက်ထားတော့သည် မဟုတ်ပါ။ အရှင်မြတ်များနှင့် အားလုံး ဒကာ ဒကာမများပါ အမျိုးကို စောင့်သောအားဖြင့် နှုတ်လုံနိုင်ကြပါလျှင် လျှောက်ထားရတော့မည်။ တပည့်တော်သည် အရှင် ထင်ကော်မူတဲ့အတိုင်း အမှန်ပင် ဖြစ်ပါကြောင်းပါ ဘုရား"

**ဘုန်းကြီး–** "အနို့ ဒကာတော်၊ ယခု ဘယ်အရပ်မှာ စံနေပါသလဲ။ ယခု ဘယ်အရပ်က ကြွလာပါသလဲ။ ဘုန်းတော်ကြီး သိလိုသဖြင့် အမှန်ကို လျှောက်ထားစေချင်ပါသည် ဒကာတော်"

**မင်းဒကာ–** "မှန်လှပါ ဘုရား တပည့်တော် ယခုအခါ သုဝဏ္ဏပဗ္ဗတောင်မှာ ဆရာတော် ရသေ့၊ ရဟန်းတော်များ စောင့်ရှောက် ခေါင်ထားသဖြင့်၊ နဝင်္ဂသီလကို အမြဲစောင့်လျက် နေရပါသည်။ ယခုအခါ တပည့်တော် စံနေသော တောင်မှ ဆရာတော် ရသေ့ကြီးများ အမိန့်အရ (ဆောင်မြေရလာက စကြာရှင်ဘုရား) ၎င်းသော ဘွဲ့တော်နှင့် စေတီ တည်ထားရမည် အမိန့်ရှိသဖြင့်၊ အမြို့မြို့ အရွာရွာ ဤဇမ္ဗူဒိပ်ကျွန်းအနှံ့ သီရိခေမ္မာ သောက မင်းကြီး တည်ထားတော်မူခဲ့သော၊ စေတီတော်တောင်းများမှ ဓာတ်တော်များကို အချို့တစ်ဂါက် ပင့်ယူရန်၊ လှည့်လည်၍ လာရာ ဤရွာဦးစေတီတော်လည်း၊ အစ ပထမက သီရိခေမ္မာ သောကမင်း တည်တော်မူသော စေတီတော်တောင်း ဖြစ်ကြောင်း

www.burmeseclassic.com



ကို သိရသဖြင့်၊ သရိရဓာတ်တော်မွေတော်များကို အချို့အဝက် ပင့်ယူရန် လာပါသည်ဘုရား” ဟု လျှောက်ထား၏။

ရပ်ရွာလူကြီးများက “မှန်လှပါ အရှင်မထေမြတ်သည် ဘုရားကျွန်တော်မျိုး မြန်မာတို့၏ ဦးစွန်းမကိုင် ဖြစ်ပါသဖြင့်၊ နောင် သားစဉ်မြေးဆက် ပြောစမှတ် ဖြစ်ရအောင်၊ ဘုရား ကျွန်တော်မျိုးများ အိမ်တွင် ခေတ္တ တည်းခို စံမြန်းတော်မူပါမည့် အကြောင်းပါ ဘုရား” ဟု လျှောက်ထားကြရာ–

စကြာမင်းကလေး မောင်နေဇမှာလည်း ယခင်ကပင် ဤရွာ၌ ပစ္စည်းဓန ပေါများ၍ အချမ်းသာဆုံးဟု စုံစမ်း သိရှိထားပြီး ဖြစ်သဖြင့်၊ “ကောင်းပါပြီ လူကြီးမင်းများ၊ သို့ရာတွင် ကျွန်ုပ် တွင် ကိုယ်စောင့်နတ် အမြဲကပ်လျက် ရှိပါသည်။ ကျွန်ုပ်၏ ကိုယ်စောင့် နတ် ညွှန်ကြားသော အိမ်ကို ကျွန်ုပ် တကြွ တည်းခိုပါမည်။ ကျွန်ုပ် ၏ ကိုယ်စောင့်နတ် ညွှန်ကြားအောင်သာ ဆုတောင်းတော်မူကြပါ” ဟု ပြောပြီးလျှင် ဘုန်းတော်ကြီးကို ဝတ်ချပြီးလျှင်၊ ရွာတွင်းသို့ ကြွသွား တော်မူ၏။ ရပ်ရွာသား ယောကျ်ား မိန်းမတို့လည်း တစ်ပြုံတစ်စုကြီး နောက်က လိုက်လေ၏။

၎င်းစေတီကို ထပ်မံတည်သော ဘုရားဒကာ အိမ်ရှေ့သို့ ကျရောက်သောအခါ၊ ရပ်တံ့နေလျက်က၊ “ဤအိမ်သည် မည်သူ့အိမ် ပါလဲ” ဟု မေးလေ၏။ ထိုအခါ အရပ်လူကြီးများက “ဤအိမ်သည် နံနက်က အရှင်ကိုယ်တော် ဖူးမြော်သော ဘုရားကို ထပ်မံတည်သူ ဘုရားဒကာအိမ်ပါ” ဟု ပြောကြ၏။ အိမ်ရှင် ဘုရားဒကာကြီးက လည်း “မှန်လှပါ သည်အိမ်ဟာ ကျွန်တော်မျိုး၏ အိမ်ပါဘုရား” ဟု ရှိခိုး၍ တင်လျှောက်လျှင် မင်းကလေးက “လူကြီးမင်းတို့ ကျွန်ုပ်၏



ကိုယ်စောင့်နတ်သည် ဤအိမ်ကို ညွှန်ပြလျက် ရှိနေသည်။ ဤအိမ်မှာပင် တည်းခိုတော့မည်ဟုဆိုကာ ဝင်လေ၏။

ဘုရားဒကာကြီးကလည်း အလွန် ဝမ်းမြောက်ဝမ်းသာလျက် ကောင်းစွာ ခင်းကျင်းပြီးလျှင်၊ အိမ်ပေါ်မှာလည်း သန့်ပြန့်စွာ အခန်းကို ချက်ချင်းပင် ခမ်းနားစွာ ရှင်းလင်း သုတ်သင် ပြင်ဆင်ပြီးလျှင် လှပစွာ ခုတင် မွေ့ရာ စသည်တို့ဖြင့် တင့်တယ်စွာ ခြယ်လှယ်လျက် လုံခြုံစွာ ကန့်လန့်ကာများကို ကာရံလျက်ထားကြလေ၏။

ရပ်ရွာလူကြီး မိန်းမ ယောကျ်ားတို့မှ စ၍ ဘုရားဒကာ အိမ်မှာ နေ့ညမစဲ ဝင်ရောက် ခစားကြ အချီအချဉ်ပွဲများ ဆက်ကပ် လာကြသဖြင့်၊ တရုန်းရုန်းရှိရာ မင်းကလေးက အမိန့်ရှိသည်မှာ–

မင်းကလေး “အိမ်ရှင် ဘုရားဒကာကြီးရဲ့၊ ယခု ရပ်သူရွာသား အားလုံးတို့သည်၊ မိမိ၏ မျိုးရိုးအလိုက် အရှင်ရင်း၊ ကျွန်ရင်း ကဲ့သို့ ရှိသေ ဆည်းကပ်ကြခြင်းကို လွန်စွာပင် ဝမ်းမြောက်ပါ သည်။ သနား ကရုဏာလည်း အလွန် ရှိလှပါသည်။ သို့ရာတွင် မိမိတို့ နိုင်ငံကို သိုးဆောင်းအင်္ဂလိပ် လူမျိုးများ၊ တန်ခိုးကြီး နေတုန်းအခါဖြစ်၍၊ ၎င်းတို့၏ ရန်ကလည်း ရှိပေသေးသည်။ သို့အတွက် အလွန် ဖူးမြော်လိုသော ဆန္ဒရှိသောသူများသာ၊ မထင်မရှား နောက်ဖေးတံခါးမှ ကိုယ်ရပ်ဖျောက်ကာ လာရောက် ခစား ကြစေလိုသည်”

ဟု အမိန့်ရှိလိုက်လေ၏။ ဘုရားဒကာကြီးမှာ ရပ်ရွာလူအပေါင်း တို့ကို တားမြစ်လျက်၊ အချို့ ပေါ်ပေါ်ထင်ထင် လူကြီးများမှသာ တိတ်တဆိတ် လာ၍ ခစားကြရသည်။ ရွာဦးကျောင်းထိုင် ဘုန်းကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com



မှကား နေ့စဉ်နေ့တိုင်း တစ်နေ့တစ်ခေါက် အမှန်လာ၍ စကြာမင်း ဆိုသူနှင့် စကားပြောလျက်နေ၏။

*

## ရသေ့ဦးအောင် လာခန်း

ထိုကဲ့သို့ သုံးရက်လောက် ရှိသောအခါ၊ နံနက်စောစော အဆိုပါ ရွာဦး ဘုရားရင်ပြင်တော်မှ သစ်ခေါက်ဆိုး သင်္ကန်းကို ဝတ်ရုံလျက် ခေါက်ချာ မဆောင်းဘဲ ခေါင်းတုံးပြင့်၊ ရုပ်ရည်မှာ ခပ်ခန့်ခန့် အသက် လေးဆယ်မျှလောက်ရှိ ရသေ့ကြီး တစ်ပါးသည်၊ နောက်ပါ အဝတ် အဖြူ ဝတ်သော သူတော်ကလေး တစ်ယောက်က အညာထန်းခေါက် ဖာကြီးကို ထမ်းလျက်၊ ရွာဦးဘုန်းတော်ကြီး ကျောင်းထဲ ဝင်လာလျက်၊ ကျောင်းပေါ်သို့ တက်ရောက်ကာ ဘုန်းတော်ကြီးကို ဝတ်ချပြီး စကား ရတ်တရက် မဆိုဘဲ နေ၏။

ဘုန်းကြီး “ယခု ကြွရောက်လာတာ ရဟန်းလား၊ ရသေ့လား အမိန့်ရှိပါ” ဟု မေးရာ၊ “ရသေ့ ဖြစ်ပါသည်”

ဟု လျှောက်၏။

ဘုန်းကြီး “ရသေ့ကြီး ဤအရပ်ကို ဘယ်အတွက် ကြွလာပါသလဲ။ ဘယ်အရပ်မှာ နေပါသလဲ”

ရသေ့ “တပည့်တော် တောထဲမှာ နေပါသည်။ ယခု ဤအရပ် ကို လာရခြင်းမှာ၊ အရှင်ဘုရားကို တစ်ခု မေးလျှောက်လိုပါသည်။ ထူးဆန်းသော ပုဂ္ဂိုလ်တစ်ယောက် လာရောက်သည်ကို မကြား ဘူးလား သုရား” ထိုကဲ့သို့ မေးလေ၏။



ဘုန်း[illegible]ကြီးသည် ရသေ့ကြီးကို စိန်းစိန်းကြည့်လျက် “ရသေ့ကြီး မင်းကလေးကို တွေ့လိုပါသလား” ဟု မေးလိုက်ရာ–

ရသေ့ကြီး “အရှင်ဘုရား အမည်နာမ ထုတ်ဖော်၍ မိန့်တော်မမူ စေလိုပါ။ ၎င်းအိမ်သို့ တပည့်တော် သွားရောက်ရန် အရှင်ဘုရား ပါ လိုက်ပါ ကြွရောက်စေလိုသည် ဘုရား” ဟု လျှောက်ရာ။

ဘုန်းတော်ကြီး “ကောင်းပြီ ရသေ့ကြီး လိုက်ပါမည်” ဟု သင်္ကန်း များ ပြင်၍ နေလေ၏။

ဘုရားဒကာကြီး အိမ်မှာလည်း ရွာနေလူကြီးများ လာရောက် ခစားနေခိုက် မင်းကလေးက “လူကြီးမင်းတို့ ယခုနေ့ ကျွန်ုပ်၏ ဆရာတော်ရသေ့ကြီး ကြွရောက်လာပြီ” ဟု နတ်များ လျှောက်တင် ကြား သိရသည့်အတွက်၊ ဘုရားဒကာကြီးနှင့်တကွ အားလုံး လူကြီးမင်း များပါ၊ ကျွန်ုပ် အခန်းမှ တစ်ယောက်မကျန် ခေတ္တ ဖယ်ရှားလျက် နေကြစေလိုပါသည်” ဟု အမိန့်ရှိရာ လူကြီးများသည် အားလုံး အခန်း တွင်းက ထွက်လျက်၊ ဘုရားဒကာ အိမ်အတွင်းခန်းတွင် စကား မပြော ဘဲ တိတ်တိတ် ကြိတ်လျက်နေကြလေ၏။

နံနက် ကိုးနာရီလောက် ရှိသောအခါ၊ ရွာနေဘုန်းတော်ကြီးနှင့် ရသေ့တစ်ပါး၊ နောက်ပါ သူတော်ယေ ထန်းခေါက်ဖာ ထမ်းလျက်၊ ဘုရားဒကာကြီး အိမ်သို့ တက်ရောက်ကာ၊ မင်းသားက ရှိသေစွာ နေရာများ ပေးလျက်၊ ဘုန်းတော်ကြီးက [illegible]တစ်ခုသော ကုလားထိုင်ပေါ် တွင် ထိုင်၏။ ရသေ့ကြီးမှာ အောက်သင်ဖြူးပေါ်တွင် ထိုင်လျက် မင်းသားနှင့် မျက်နှာချင်းဆိုင်ကာ နေကြ၏။ ထိုအခါ ကပ်လျက် အတွင်းခန်းရှိ လူကြီးများမှာလည်း သူ့ထက်ငါ ဖျဉ်ထောင်ကြားမှ ချောင်းမြောင်း တိုးဝှေ့လျက် ကြည့်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီး "မင်းကလေးတို့ တယ်ပေါ့သကိုး၊ ယခု ဝါမဆိုမိ အောင် မြေလောကဘုရား တည်ထားပြီးစီးမှ အကြွဲအောင်မယ်ဟု အထပ်ထပ် ပြောပါလျက်၊ ဤမျှလောက် ရက်ရှည်ကြာအောင် အေးအေးဆေးဆေး လုပ်နေတာ ဘယ်မှာ နေရာကျပမလဲ"

မင်းကလေး "မှန်လှပါ တပည့်တော် မအေးပါ ဘုရား။ အလို ရှိအပ်သော ဓာတ်တော်များလည်း တော်တော်ပင်၍ ရပါပြီ။ နောက်အလိုရှိတာကိုသာ မိန့်တော်မူပါတော့ ဘုရား"

ရသေ့ကြီး "အင်း ဒါဖြင့် တော်လှပြီ။ သို့ရာတွင် တစ်ခု ရှိတယ်။ ဓာတ်တော်ရလျှင် ဘုရားပြီးမြောက်ဖို့ဟာ ဆရာတို့ အစွမ်းနှင့် ပြီးစီးနိုင်တယ်။ သို့ရာတွင် ထိုဘုရား တည်ခြင်းဟာလည်း တစ် နိုင်ငံလုံး သတ္တဝါတွေ၊ ကြီးပွား ချမ်းသာရအောင် စောင်မဖို့ တည်တာဖြစ်တော့၊ အားလုံးနှင့် ကုသိုလ်ဆက်ကြရအောင် အလှူ ဝတ္ထုကိုခံယူပေတော့" ဟု ဆိုပြီးလျှင် နောက်ပါ သူတော်ကလေး ကို ကြည့်လိုက်၊ ထန်းခေါက်ဖာကြီးကို ဖွင့်လိုက်ရာ လက်မ ၂၀ ခန့်ရှိ သေတ္တာတစ်လုံးကို ယူ၍ထုတ်ရာ၊ ၎င်းသေတ္တာမှာ တစ်ခုလုံး ရွှေပိန်းချထားလျက်၊ ၎င်းသေတ္တာ အဖုံးပေါ်က (အောင်မြေလောက စကြာရှင် စေတီတော်၏ အလှူ[illegible]ကုသိုလ် တော် ဘဏ်သေတ္တာ[illegible]ဟု လှပစွာ စာရေးထားသည်။ ၎င်းကို သော့ဖွင့်လိုက်ရာ အတွင်း၌ ဇာတ္တိပ်ါ အနီကပ်လျက် ငွေဖလား ကြီး နှစ်လုံးကို မြင်ရ၏။

၎င်းငွေဖလားကြီးအတွင်း၌ လှပစွာ ရွှေစာလုံးဖြင့် (စကြာ) ဟူသော စာလုံးနောက်က ရုပာတ်ပန်ကာများ သင်္ကေတန်ကဲ့သို့ တံဆိပ်



ရိုက်နှိပ်ထားသော စက္ကူချပ်ကလေးများ အချပ် ၅၀၀ လောက် ပါသည်။ ၎င်းတို့ကို ဖွင့်ပြ၍ ရသေ့ကြီးက ပြောသည်မှာ

၎င်းအမှတ်တံဆိပ်များမှာ၊ နောက်အောင်မြင်တော်မူသည့် ကာလ သူကောင်းဖြစ် ကျွန်တော်မျိုးများဟု မှတ်မိရန် ကုသိုလ် ပါဝင်သူများ ကို ပေးရမည်။ သို့ရာတွင် အလှူဝတ္ထု ၁၀၀ ထက် နည်းသူများကို အမှတ်တံဆိပ် မပေးရ၊ အဲဒါကို မင်းသား ဆောင်ရွက်၍ မကြာမီ ပြန်ခဲ့။ ဆရာလည်း နက်ဖြန် ပြန်ကြွမည်။ ဓာတ်တော်များကိုလည်း ပင့်ဆောင်သွားနှင့်မည်" ဟု ပြောဆိုနေစဉ်၊ ဖြူစင် သန့်ရှင်း လှပလျက် အသက် ၂၀ အရွယ်မျှရှိ၊ ယံလရှင်လေး တစ်ပါးသည် သစ်လွင် တောက်ပသော ဝတ်ဖြူစင်ကြယ်နှင့် တက်ရောက်လာ၍ ဝတ်ချသည်။

ရသေ့ကြီး "အို...ဘယ့်ကြောင့် အစော လိုက်လာရပြန်ပါလိမ့်မလဲ"

သီလရှင် "မောင်တော်ဘုရား စိတ်မချလို့ပါဘုရား"

မင်းသားက ပြုံးလျက် "အို အစောတို့များ တယ်စိုးရိမ်တော် မူတတ်တာကိုး။ မောင်မောင့်အတွက် စိုးရိမ်တော်မူခွင့် မရှိပါ။ အို... လူသူလေးပါး သိကုန်လျှင်၊ အကြံတော် ပျက်ကုန်ပါလိမ့်မယ်။ နက်ဖြန် ဆရာတော်ဘုရားနှင့်အတူ စောစော ပြန်တော်မူနှင့်ပါ"

သီလရှင် "မှန်လှပါ အမိန့်တော်မြတ်အတိုင်း မောင်မောင် ပြန်စေ လိုက အာဏာတော်ကို မငြင်းဆန်ဝံ့ပါဘုရား"

ဟု လျှောက်နေ စဉ်

ရွာနေဘုန်းတော်ကြီးမှာလည်း အံ့အားသင့်စွာ ကြည့်ရှုပြီးမှ "ကိုင်း မင်းကလေး ဘုန်းကြီးကို ခွင့်ပြုပါဦး။ နေ့ဆွမ်း ဘုဉ်းပေးချိန် တော်နေ ပြီ" ဟု အမိန့်ရှိတော့—

www.burmeseclassic.com

www.burmeseclassic.com



မင်းသားက "အို... ဟုတ်ပါရဲ့ စကားကောင်းနေလိုက်ကြတာ။ ဘုန်းတော်ကြီးဘုရား ဆွမ်းကပ်ဖို့တောင် မေ့နေပါပြီ" ဟု ပြောပြီးလျှင်၊ အိမ်ရှင် ဘုရားဒကာကြီးကို ခေါ်၍ "ဆွမ်းပြင်ပါ ကျွန်ုပ်တို့ ပွဲတော်စာကို ကျွန်ုပ် ပွဲတော် မတည်ပါဘူး။ ဘုန်းတော်ကြီးကို ကပ်လှူပါ" ဟု အမိန့်ပေးလိုက်ရာ ကျောင်းဒကာကြီးမှာလည်း ပျာပျာသလဲ ဆွမ်းပွဲများ ပြင်၍ ယူလာလျက် ဆွမ်းကပ်လေ၏။

အရပ်ထဲက လူကြီးများမှာလည်း နောက်ဖေးမှ တိတ်တဆိတ် တက်လာလျက် ဘုရားဒကာ အိမ်ပေါ် အနောက်ခန်း၌တွင် ပြည့်ကြပ်လျက် ရှိလေသတည်း။ ထိုသို့ ဘုန်း[illegible]ကြီးကို ဆွမ်းကပ်ပြီးသော် သီလရှင်ကလေးက၊ မိမိ ဆွမ်းတောင်းတွင်ပါ[illegible]သော တစ်ထွာမျှလောက်ရှိ ရွှေငှက်ပျောသီး နှစ်လုံးကို ရသေ့ကြီးအား ထ၍ ကပ်၏။

ထိုအခါ ရသေ့ကြီးက ခါး၌ပါသော ရွှေကြုတ်ကို ဖွင့်၍၊ ငှက်ပျောဖက်ပေါ်တွင် ဖြူသော ပြာအနည်းငယ်ကို ပုံလျက်၊ ငှက်ပျောသီးနှင့် တို့၍ဖေးလျက်၊ မင်းသားနှင့် သီလရှင်ကိုလည်း ပြာ အနည်းငယ်စီ ပေးလေ၏။ သီလရှင်လေးက ၎င်းငှက်ပျောသီးကို မင်းသားအားလည်း နှစ်လုံး ရေမိုးဆေးလျက် ဆက်ကပ်လေ၏။ မိမိလည်း တစ်လုံးမျှ ဖဲ့၍ ပြာနှင့်တို့ကာ စားလျက်၊ ပွဲတော်ဆက်သော ထမင်းတို့ကို ပြန်၍မျှ မကြည့်ကြချေ။

ထိုကဲ့သို့ စားသောက်နေကြစဉ် ဘုန်းတော်ကြီးလည်း ဆွမ်းအာနုမောဒနာ ပေးပြီး၍ "ဆရာ ရသေ့ကြီးရဲ့ ယခုတွင်က ပြာဟာ ဘာပြာလဲ" ဟု မေးရာ—

**ရသေ့ကြီး:** "ပြဒါးပြာပါ ဘုရား" ဟု လျှောက်၏။



**ဘုန်းကြီး:** "ဆရာရသေ့ကြီး ၎င်းပြာကို ဘုန်းကြီးကို အနည်းငယ်မျှ မလှူနိုင်ဘူးလား"

**ရသေ့** "အလိုတော်ရှိလျှင် လှူရပါမည်ဘုရား" ဟု လျှောက်ထား၏။

ဘုန်းကြီးကလည်း "ကိုင်း ကိုင်း အောင်မြေလောက ကောင်းမှုတော်အတွက် ဘုန်းကြီးကလည်း ကုသိုလ် ဆက်လိုသည် အလှူငွေ ၃၀၀ မှတ်လိုက်" ဟု ဘုရားဒကာကြီးထံမှ ငွေ ၃၀၀ ကို ခေတ္တယူ၍ ဘုန်းကြီးက အလှူထည့်လိုက်သော် မင်းကလေး (စကြာ)တံဆိပ်နှင့် လက်မှတ်တစ်ခုကို ကပ်လှူရ၏။ ရသေ့ကြီးကလည်း ပြဒါးပြာကို ပုလင်းငယ် တစ်လုံးနှင့် ထည့်၍ ကပ်လှူ၏။ ဘုန်းကြီးကလည်း ဝမ်းသာအားရနှင့် ကျောင်းကိုပြန်၍ ကြွတော်မူလေ၏။

ဘုန်းကြီး ပြန်ကြွပြီးနောက်၊ အိမ်ရှင် ဘုရားဒကာကြီးက ငွေ ၅၀၀ အလှူဝင်၍ စကြာတံဆိပ် တစ်ခုကို ပေးသည်။ ပြဒါးပြာကိုမူကား ရသေ့ကြီးက အပါနည်း၍ မပေးနိုင်တော့ပြီ။ သို့ရာတွင် အကြံအောင်၍ မြန်မာပြည်ကို ရွှေမိုးငွေမိုးရွာစေသော ကာလမှာ ၎င်း စကြာတံဆိပ်ရ တပည့်ရင်းတို့မှာ ဘာကိုမျှ မတောင့်မတ ရလိုသမျှ ပြီးစီးမည်ဟု အမိန့်ရှိရာ

အိမ်၏ အတွင်းခန်း၌ လာရောက်နေကြသော အရပ်လူကြီးတို့သည် အသီးအသီး ထွက်လာကြ၍၊ အချို့ ၁၀၀၊ အချို့ ၂၀၀ စသဖြင့် စကြာတံဆိပ်ရရန် အလှူဝင်ကြသည်မှာ၊ ၎င်းနေ့ တစ်နေ့တည်းမှာပင် ငွေ ၅၀၀၀ ကျော်လောက် ရလေ၏။

ထို့နောက် ဇရိသတ် အဘော်စဲ၍ သွားပြီးလျှင် နေဝင်မိုးချုပ်စ အခါမှာ မင်းကလေးက ဘုရားဒကာကြီးကို ခေါ်၍ "ယခု ညအခါ

www.burmeseclassic.com

www.burmeseclassic.com



လူအဝင်အထွက် မများရန် တောင်းပန်ပါသည်။ အကြောင်းမှာ ည အခါ ဆရာတော်ရသေ့ကြီး ကမ္မဋ္ဌာန်းကို အားထုတ်ရာ အနှောင့် အယှက် မဖြစ်ရအောင် တားမြစ်ပေးပါ" ဟု ပြောသဖြင့် ဘုရားဒကာ ကြီးက အရပ်လူကြီးများကို အဝင်အထွက် မများရန် တားမြစ်လိုက် လေ၏။

ငင်းည လူခြေတိတ်၊ နာရီပြန် တစ်ချက်လောက် ရောက်သော အခါ၊ ရသေ့ကြီးနှင့် သီလရှင်တို့ အဝတ်တစ်မျိုးလဲ၍ လူမသိအောင် အိမ်မှ ဆင်းသွား၍၊ ကမ်းဆိပ်မှာ အသင့်ငှားထားသော သမ္ဗာန်စီး၍ သွားကြလေ၏။ နံနက် မိုးသောက်သောအခါ၊ ဘုရားဒကာတို့ အိမ်သား အားလုံးနှင့် အချို့လူကြီး တစ်ယောက်နှစ်ယောက်တို့ ထလာ ၍ မင်းသားကို ခစားပြီးလျှင် "ဆရာတော် ရသေ့ကြီးနှင့် ထိပ်ခေါင် တင်မတို့ ဘယ်အချိန်က ပြန်ကြွသွားပါသလဲ ဘုရား" ဟု မေးလျှောက် ကြရာ–

မင်းသားက "အို ယခု နံနက်ပဲ ပြန်ကြွသွားကြသည်။ မသိလိုက် ကြဘူးလား" ဟု ပြောလေ၏။

အရပ်လူကြီးများမှာလည်း တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လျက် "ဘယ့်နှယ်လဲ ကျုပ်တို့လည်း အစောကြီးက ထပြီး နေကြတာ၊ မမြင်လိုက်ပါကလား"

ဘုရားဒကာ "အို တန်ခိုးနှင့် ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ထူးတွေ၊ စိတ် သွားရာ ကိုယ်ပါနေကြတာ ဘယ်မှာ မြင်နိုင်လိမ့်မတုန်း"

မင်းသား "ဘုရားဒကာနှင့် လူကြီးမင်းများတို့ ကျွန်ုပ်၏ ဆရာ ရသေ့ကြီးသည် ယခု ကျွန်ုပ်၏ နမိတော်ကို ပြန်၍ ပို့တော်မူ သည်။ နက်ဖြန်ခါညမှာ ၁၀ နာရီမှ ၁၂ နာရီအထိ ရှာဦးဘုရားမှ



ဓာတ်တော် အချို့ကို လာ၍ ပင့်လိမ့်မည်။ ထိုအခါ ဓာတ်တော် များ မြူးကြွလျက် ရောင်ခြည်တော်များ ပြလိမ့်မည်။ ထိုအခါ ဖူးမြော်ရသောသူများမှာ၊ အတိုင်းမသိသော အကျိုးကို ခံစားရ မည်။ ကျွန်ုပ်လည်း ယခု၊ နေ့တစ်နေ့သာ အလှူခံရတ် ရှိတော့ သည်။ နောက်ကို ဘယ်လိုပင် လှူချင်ပါတယ် ဆိုစေ ကျွန်ုပ်နှင့် တွေ့ဖို့ များစွာ ခဲယဉ်းလိမ့်မည်" ဟု ပြော၏။

ထိုအခါ ကျောင်းဒကာနှင့် အရပ်လူကြီးများမှာ ရွာနီးချင်းများ အချို့ မလှူရသေးသူများကို ဖိတ်ကြား နိုးဆော်၍၊ လာရောက် လှူဒါန်း ကြသည်မှာ၊ ငင်းနေ့ တစ်နေ့တည်းပင် ၆၀၀၀ ကျော်မျှလောက် ရ၏။ နောက်တစ်နေ့ မိုးချုပ်၍ ယခုည ရသေ့ကြီး မြတ်စွာဘုရားဓာတ်တော် ကို လာ၍ပင့်မည်။ ညကို ဘုရားရောင်ခြည်တော် လွှတ်မည်ဟု တစ်ဆင့် တစ်ဆင့် ပြောကြားကြလျက် ရွာဦးကျောင်းနှင့် ဘုရားရင်ပြင်တော်မှာ ရွာရှိ ကလေး လူကြီးအကုန် ပြည့်ကျပ်လျက် ရှိ၏။

"ဘုရားဒကာကြီး အိမ်သားတစ်စုတို့မှာလည်း ဘုရားမှာ အကုန် စည့်ခံရန် သွားပါ" ဟု မင်းသားက စေ၏။

ဘုရားဒကာကြီး "အနို့ အရှင်ဘုရားကော မကြွဘူးလား ဘုရား" ဟု လျှောက်ရာ–

မင်းသား "အိုဘုရားဒကာသာ ကြွနှင့်၊ ကျွန်ုပ်မှာ ဆရာတော်ရသေ့ ရောက်ရှိမှ အတူတကွ ဓာတ်တော်ပင့်ရန် ကြွလာမည်။ သို့ရာတွင် ပရိသတ်များသည် ကျွန်ုပ်တို့ကို မြင်ရမည်မဟုတ်" ဟု ပြောပြီး လျှင်၊ ကျောင်းဒကာကြီးတို့ အိမ်သားအားလုံး၊ ဘုရားရင်ပြင်တော် သို့ သွားကြလျက် တစ်ရွာလုံး တိတ်ဆိတ်လျက် နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စကြာမင်း မောင်နေစလည်း အသင့် ငှားထားပြီးဖြစ်သော သမ္ဗာန်ပေါ်သို့ ငွေသေတ္တာနှင့် နောက်ပါ သူတော်ငယ်ပါ၊ ရုပ်မျက်ဆင်းလျက် အပြင်းခတ်ပြီးလျှင် ထွက်ပြေးကြလေ၏။

ဘုရား ရင်ပြင်တော်တွင် စောင့်နေသောသူများလည်း ၁၀ နာရီကျော်၍ ၁၂ နာရီ ထိုးသည့်တိုင်အောင်၊ ဘုရားမှ တစ်စုံတစ်ရာ ရောင်ခြည်တော် မပြူ။ နာရီပြန် တစ်ချက်ကျအောင်လည်း ရောင်ခြည်တော် မလွှတ်၊ နာရီပြန် နှစ်ချက်လောက် စောင့်၍ အချို့လည်း ပြန်ကြ၏။ အချို့လည်း မိုးလင်းအောင်ပင် စောင့်ကြ၏။ ဘုရားဒကာကြီးမှာလည်း မိုးစင်စင်လင်းသည့်တိုင်အောင် တစ်မှေးမျှ မအိပ်ရရှာချေ။

ကျောင်းထိုင်ဘုန်းကြီးမှာလည်း ရသေ့ကြီးက ပေးခဲ့သော ပြဒါးပြာကို ငှက်ပျောသီးနှင့် တို့ကာ စားပြီးလျှင် ဆွမ်းမစားဘဲ နေနိုင်သည်ထင်၍၊ ငှက်ပျောသီး လေးလုံးမျှ ဘုဉ်းပေး၍ နံနက်က ဆွမ်း မစားရသဖြင့်၊ ညစာလည်း အရှင်းမစားရတော့ဘဲနေရာ၊ တစ်ညလုံး ဝမ်းတွင်းက ပြဒါးပြာ တန်ခိုးပြကာ၊ အလွန် ဆွမ်းဆာလှသဖြင့် အူတကြွတ်ကြွတ်နှင့် ရေသောက်ပါသော်လည်း အဆာမပြေနိုင်ဘဲ၊ ကျောင်းစကြံဦးတွင် ရောင်ခြည်တော် မှုးမည်စောင့်ရာ ရင်ပူလှသဖြင့် ကွေးလျက်နေရှာလေ၏။

နံနက် မိုးသောက်သောအခါ ဘုရားဒကာကြီးနှင့် အရပ်လူကြီးအချို့တို့ မင်းသားကို၊ ဖူးမြော်ရန် အိမ်သို့ ပြန်ကြရာ အိမ်တွင်လည်း တစ်စုံတစ်ခု ဘာမျှ မတွေ့ရတော့ဘဲ၊ အိမ်ခန်းတွင်းရှိ အဖိုးတန်သော အထည်အလိပ်များပါ ယူ၍၊ စကြာမင်း ပျောက်ကြသွားကြောင်းကို သိရသောအခါ လွန်စွာ ရှက်လှသဖြင့်၊ နာလည်းနာ၊ နလည်း



ဆိုသကဲ့သို့ ဒူးတုပ်၍ ရှိခိုးကာ ဘုရားလည်း ထူးရသေးသည်။ စားကောင်းသောက်ဖွယ် ပွဲရုံပြင်၍လည်း ဆက်ရသေးသည်။ အလှူတော်ငွေ ဆို၍ လည်း များစွာ ထည့်လိုက်ရသေးသည်။ အိမ်တွင်းရှိ အဖိုးတန်ပစ္စည်းများလည်း ပါသွားလေတော့သည်။ ဤကား မင်းဆိုးလိုလား၍ ရှုးသောသူများ ခံရသော ဝဋ်ကြီးပေတည်း။

လိမ်ပုံမှာ ရသေ့ဦးအောင် လုပ်လာသောသူနှင့် စောပုမယ် လုပ်လာသော သီလရှင်ကလေးမှာ မောင်နေစ၏ တပည့်များ ဖြစ်ကြ၏။

## ဥပဒေသ

**မိမိတို့နှင့် မတန်မရာသော အမှုကို မရှင့်ထောက် ဟုတ်တန်သင့်၊ မဟုတ်တန်သင့်၊ မစဉ်းစားတတ်သောသူ ဟူသမျှ ထိုကဲ့သို့ အလိမ်ခံရမြဲ မှတ်ဘွယ် ဖြစ်ပေ၏။**

■

www.burmeseclassic.com

## ကျိုက်လတ်မြို့ပွဲစားကြီးသားအဝကို မင်းသားလုပ်၍လိမ်ပြန်ခြင်း

တစ်ခါတစ်ပါး ကျိုက်လတ်မြို့တွင် လူမှုလူရာကို အတော် ကျွမ်းကျင်
လျက် အတော် အကင်းပါးသော ပွဲစားကြီးတစ်ဦးသည် ရှိ၏။
ပွဲစားကြီးမှာ ပွဲကတော်ကြီး အနိစ္စ ရောက်သွားပြီးသည့်နောက်၊ သမီး
တစ်ယောက်နှင့်ပင် ပွဲပြလျက် စားသောက်ခါ နေရှာသည်။ ဥစ္စာ
ပစ္စည်းလည်း အတော်အတန် ကြွယ်ဝသဖြင့်၊ သမီးနှင့် မသင့်မည်ကို
စိုး၍ နောက်အိမ်ထောင်လည်း မပြုရှာတော့ချေ။

ထိုပွဲစားကြီးသည် တစ်နေ့သောအခါ၊ ဝါတွင်း ဥပုသ်နေ့ တစ်
၌ ဥပုသ်ဇရပ်တွင် ဥပုသ် ဆောက်တည်လျက် နေကြရာ၊ ၎င်း
တကာ ဇရပ်အစ်မတို့ကလည်း နံနက်အခါ၊ လာသမျှ လူတို့ကို မုန့်
သရေစာတို့ဖြင့်၊ ကျွေးမွေးလျက် နေကြလေ၏။ ထိုအခါ အသ
၂၀ ခန့် လှပုံ ခပ်သေးသေးသွယ်သွယ် သူငယ်တစ်ယောက်သည် ဝတ်



စင်ကြယ်နှင့် နောက်ပါ ခပ်ငယ်ငယ် သူငယ် အဖော်တစ်ယောက်နှင့်
ဇရပ်ရှေ့သို့ ယောင်လည်ယောင်လည်နှင့် လျှောက်လာကြရာ၊ ဇရပ်
ဒကာ ဇရပ်အမတို့ကလည်း ဖြာဖြာသလဲ

"ကြွကြပါ၊ ဝင်ကြပါ။ သည်မှာ မုန့်သုံးဆောင်သွားကြပါဦး" ဟု
စသဖြင့် ခေါ်ငင်သောအခါ၊ ၎င်းသူငယ်နှစ်ဦးသည် ဇရပ်တွင်းသို့
ဝင်လျက်၊ အဝတ်ဖြူနှင့်လူက ဇရပ်တွင်းရှိ မြတ်စွာဘုရား ဆင်းတု
တော်ကို ဂင်၍ ရှိသေစွာ ဝတ်ပြု၏။ နောက်သူငယ်ကလည်း ခပ်လှမ်း
လှမ်းကပင် မြတ်စွာဘုရားကို ဝတ်ပြုပြီးကာ၊ ဥပုသ်သည် လူကြီးများ
နှင့် မနီးမဝေး သင်ဖြူးတစ်ချပ်ပေါ်တွင် ခြေနှစ်ဖက် ကွေးလျက်
ကျုံ့ကျုံ့ ထိုင်လေ၏။ နောက်ပါ သူငယ်မှာလည်း ခပ်လှမ်းလှမ်းက
ဝပ်လျက်နေ၏။

ထိုအခါ ဥပုသ်သည် လူကြီးတစ်ဦးက "မောင်တို့ ဘယ်မြို့က
ပါလဲ"

လူငယ် "ကျွန်တော်များ မန္တလေးရွှေမြို့တော်ကပါ"

လူကြီး "ယခု သည်ကို ဘာကိစ္စဖြင့် လာခဲ့ပါသလဲ"

လူငယ် "ကျွန်တော်များ ၎င်းဆရာ ဘုန်းတော်ကြီးဘုရားက
ခေါ်တော်မူသော အမိန့်ကြောင့် ဆရာတော်ဘုရား ခြေရင်းတော်
သို့ ဖူးမြော်လာရောက်ရပါတယ်" ဟု ပြောဆိုနေခိုက် အကျွေး
အမွေး မုန့်ဆီကြော်၊ မုန့်ဖက်ထုပ်တို့ကို ပန်းကန်ပြားတွင်
ထည့်လျက် ရှေ့တွင် လာ၍ တည်ကြ၏။

ထိုအခါ ပိတ်ဖြူနှင့် သူငယ် တော်တော်ကြီးက အနားတွင်
ဝပ်နေသော သူငယ်ကို လှည့်ကြည့်လိုက်ရာ၊ အပါးတွင်ရှိသော သူငယ်

www.burmeseclassic.com

www.burmeseclassic.com



သည် ရုတ်တရက် ထသွားလျက်၊ ဈေးနောက်ဖေးက ငှက်ပျောတစ်ပင်၌ ငှက်ပျောဖက် တစ်ခုကို ဓားငယ်ဖြင့် ဖြတ်လျက်၊ ထိုငှက်ပျောဖက်ကို ဖက်ဝန်းလိုးပြီးလျှင်၊ တည်လာသော မုန့်ကို ထုပ်ထားသော ဖက်ကို ခွာလျက်၊ မုန့်သားတို့ကိုသာ ဖက်ဝန်းတွင် ထည့်၍ ဒူးထောက်ကာ အပေါ်းသို့ ကပ်၍ အဝတ်ဖြူနှင့် လူကို ပေး၏။

ထိုသူသည် ထိုမုန့်ကို အနည်းငယ်မျှ သပ်ရပ်စွာ စားပြီးလျှင် ကျန်မုန့်တို့ကို နောက်ပါသူငယ်အား ပေးလိုက်၏။ နောက်ပါသူငယ်လည်း ထိုသူပေးသော မုန့်တို့ကို မစားမီ၊ ငှက်ပျောဖက်ကတော့ လုပ်၍ ရေခွက်တွင် ခိုက်ပြီးမှ ရေကို ခပ်၍ ပေးပြီးလျှင်၊ မုန့်တို့ကို မြိန်ရှက်စွာ စား၏။ ထိုကဲ့သို့ အမူအရာကို အားလုံး ဥပုသ်သည် မိန်းမ ယောကျ်ားတို့ပင်၊ ဘယ်လို လူစားတွေပါလိမ့်မလဲဟု စိန်းစိန်း ကြည့်၍ အကဲခတ်ကာ နေကြလေ၏။

ထိုအဝ်နဲပြီးသော ပွဲစားကြီးသည်ကား၊ လောကဗဟုသုတ အမှတ်အသား ထီးသုံးနန်းသုံးတို့ကို အတော်ကြီး နားလည်သဖြင့်၊ ထိုသူတို့၏ အမူအရာကို ကြည့်ရှုပြီးလျှင်၊ ၎င်းသူငယ်အသည် စေတနံ မဟာဘွား မင်းသားကလေး ဖြစ်ရမည်။ တိုင်းပြည် ပျိုမရဲ့ မင်းပြောင်းမင်းလွှဲမှာ ထိုမင်းသားကလေးမှာလည်း၊ အသက်ဘေး လွတ်ရာလွတ်ကြောင်း ရှောင်တိမ်းနေရဟန် လက္ခဏာ ရှိသည်ဟု တွေးတောပြီးလျှင် ထို ပိတ်ဖြူနှင့် သူငယ်အနားကို ကပ်ကာ–

"မောင် ဘယ်က လာ၍ ဘယ်မှာ တည်းခိုနေပါသလဲ" ဟု မေး၏။

မင်းသား "ကျွန်တော်များ ဓမ္မအာဂန္တုအဖြစ်ဖြင့် လာပြီးလျှင် အရှေ့ရှမ်းကျောင်းမှာ တည်းခိုပါသည် ဘဘကြီး ခင်ဗျား"



ပွဲစားကြီး "ကိုင်း မောင်ရင်၊ ဘကြီး မောင်ကို တိုင်ပင်စရာ တစ်ခု ရှိ၍ အိမ်ကို ခေတ္တကြွပါ" ဟု ခေါ်သွားလေ၏။ အိမ်သို့ ရောက်သောအခါ သမီးကို ခေါ်လျက် အကျိုးအကြောင်း ပြောပြပြီးလျှင် ဥပုသ်ကိုမျှ သတိမရနိုင်ဘဲ မင်းသားကို မိမိအိမ်တွင် တည်းခိုနေထိုင်ရန် တောင်းပန်လေ၏။

ထိုသို့ တောင်းပန်သောအခါ မင်းသားဆိုသူကလည်း "ကောင်းပါပြီ ဘဘကြီးခင်ဗျား။ နေစေလိုက ကျွန်တော် နေပါမည်။ သို့ရာတွင် ဘဘကြီး နှုတ်မလုံမည်ကိုသာ ကျွန်တော် စိုးရိမ်ပါသည်" ဟု ပြောပြီးလျှင် နောက်ပါ တပည့်တစ်ယောက်နှင့် ပွဲစားကြီးအိမ်မှာ ကောင်းစွာ ကျွေးမွေး၍ ထား၏။ ပွဲစားကြီးလည်း ထိုနေ့မှ စ၍ အခြားကိုလည်ပတ်ခြင်း မပြုဘဲ အိမ်တွင်သာ မြဲ၍နေ၏။

တစ်နေ့သောနေ့၌ အထက်မီးအောက်မီး ခေါ် မုန့်ကို ဖောက်သည် ခံ၍ လှည့်လည်ရောင်းသော ကလေးမ မုန့်သည်ကလေးသည် (အထက်မီးအောက်မီးနော်၊ မွှေးမွှေးနွေးနွေး)ဟု အော်သံကို ကြားရာ အိမ်ပေါ်မှ ပြတင်းပေါက်ကို ခေါင်းပြူကာ နားထောင်လျက် မင်းသားက ပွဲစားကြီးကို မေးသည်မှာ "ဘဘကြီးခင်ဗျား လမ်းမက အော်တဲ့ ကလေးမ ကလေးဟာ အထက်မီးအောက်မီး ဆိုပါကလား။ ဒီစကားဟာ ဘာကို အော်တာလဲ" ဟု မေးရာ

ပွဲစားကြီး "အထက်မီး အောက်မီးဆိုတာ မုန့်တစ်မျိုး ဖြစ်ပါတယ်။ ၎င်း မုန့်ကိုဖုတ်သောအခါ အဖုံးပေါ်ကလည်း မီးထည့်ရသည်။ အောက်ကလည်း မီးနှင့် ချက်ရသည်။ သို့ကြောင့် အထက်မီး အောက်မီး ခေါ်ပါသည်" ဟု ပြောရာ မင်းသားက နောက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တပည့်ကလေးကို၊ ထိုသူငယ်မကလေးအား လိုက်၍ အခေါ်ခိုင်း၍ ရောက်ရှိသောအခါ

မင်းသား "ဟဲ့ ကလေးမ၊ နှင့်မုန့် ဘယ်လိုရောင်းသလဲ"

ကလေးမ "ကျွန်မမုန့် တစ်ပြား တစ်ခု ရောင်းရပါတယ်"

မင်းသား "နို့ မင်း သည်မုန့်ကို လည်ရောင်းတာ တစ်နေ့ ဘယ်လောက်များ မြတ်သလဲ"

ကလေးမ "တစ်နေ့ကို ဆယ်ခေါက်လောက် လည်နိုင်လျှင် ငါးမူးသုံးမတ်လောက်တော့ မြတ်ပါတယ်"

မင်းသား "ဩော် ကျွတ် ကျွတ် ကျွတ် ဆင်းရဲပါဘိကရိုး။ ဩော် မိမိ အမျိုးသား မြန်မာများ သနားစရာ တယ်ကောင်းပါကလား ဘာဘကြီးရယ်။ ကြည့်ပါဗျာ တစ်နေ့လုံး ဆယ်ခေါက်လောက် နေပူကြီးကျဲကျဲမှာ လည်နိုင်မှ ငါးမူးသုံးမတ်တဲ့။ ရင်ထုမနာ ရှိပါဘိကရိုး။ ဟဲ့ ဟဲ့ ကလေးမကလေး ပြန်ပြန်၊ နှင့်မုန့် လည်မရောင်းနဲ့ ဖျားနာရှိပမယ်ကွယ်၊ ရော့ ရော့ နင်တို့ သုံးဖို့ ယူသွား" ဟု၍ ဆိုပြီးလျှင် ခါးထဲက ရွှေဒင်္ဂါးတစ်ပြား နှိုက်၍ သူငယ်မကလေးကို ပေးလိုက်လေ၏။

ထိုသို့ ပေးလိုက်သည်ကို ပွဲစားကြီးက မြင်သော်

"ဟဲ့ မုန့်သည်ကလေး လာဦး။ ဒီရွှေဒင်္ဂါးကို ဒီက ပေးလိုက်တယ် မပြောနဲ့ နှင့် အမေ မိတ်ဆွေများက မေးရင် ကျွန်မ လမ်းမှာ ကောက်ရပါတယ်ပြော ကြားလား" ဟု ကလေးမကလေးကို အသေအချာ မှာပြီးလျှင် လွှတ်လိုက်လေ၏။ သူငယ်မကလေး သွားသောအခါ ပွဲစားကြီးက မင်းသား အနားကို ကပ်၍-



"မောင်မောင် သတိတရားဟာ အလွန် လိုလှပါသည်။ ယခုအခါ မောင်မောင့်မှာ (သိန်းလက်ကလွတ် စွန်၊ စွန်လက်ကလွတ်တော့ သိန်း) ဟူသော စကားကဲ့သို့၊ သီပေါဘုရင်မင်းမြတ်၏ ရာဇဝတ်တော်ရေးကြောင့် ထွက်ပြေး တိမ်းရှောင်လျက် နေခဲ့ရပြီ။ ယခုအခါ သီပေါဘုရင်မင်းမြတ်ကို၊ အင်္ဂလိပ်မင်းများ ဖမ်းယူသွားပြီးနောက်လည်း၊ မြန်မာနိုင်ငံ အလုံးကို အုပ်စိုးလျက် ရန်စထော်လော် ပေါ်လေသမျှကို၊ နှိပ်ကွပ် ဖမ်းဆီးလျက်ပင် ရှိနေပါသေးသည်။ သို့အတွက် အခါမဟုတ်သော နေရာ၌၊ အရာမဟုတ်သောသူကို ထိုသို့ အပေးအကမ်း ကြီးခြင်းသည်၊ မိမိကိုယ်၌ ဘေးဥပါဒ်များ ရောက်တတ်ပါသည်။ ထုံးပုံဥပမာကို ပြဝါဦးအံ့။

နရာယည်ပြည်၌ ဓမ္မရာရှည်မင်းကြီး၊ သားတော်နှစ်ပါး၊ ကြီးကြာငက်သတ်မှုအတွက်၊ ထွက်ပြေးလာရာ ဥခေါင်းသားကို စားမိ၍ ရယ်လျှင် ပတ္တမြား၊ ငိုလျှင် ပုလဲ ထွက်ပါသည်။ အခါတစ်ပါး အနုရာဓပြည် ဥယျာဉ်တော်တွင် အပန်းဖြေခိုက် ဆာလောင် မွတ်သိပ်လှ၍ ရယ်မိတိုင်း ထွက်၍ရသော ပတ္တမြားတို့အနက်၊ ပတ္တမြားတစ်လုံးဖြင့် မုန့်ဝယ်မိရာ၊ မတန်လွန်းသော အရာ၌ဒါန ကို အသုံးမှားချေ၍ မင်းသားငယ်သည် ပုဏ္ဏားကြီးအိမ်တွင် ခြေကျဉ်းခတ်၍ အချုပ်ခံပြီးလျှင် ကာလရှည်စွာ နေရှူးပါသည်။ ဤအကြောင်းကို ထောက်သဖြင့် နောက်နောင်ကို ဤသို့ မပြုမလုပ်ရန် သတိပေး စကားဖြင့် လျှောက်ထားရပါသည် မောင်မောင်" ဟု ပွဲစားကြီးက ပြောပြတော့မှ

မင်းသား "ဘာဘကြီး အမိန့်ရှိမှပဲ သတိရပါတော့တယ်။ ကျွန်တော် မှားပါပြီ၊ နောက်ကို သည်လိုလည်း မပြုတော့ပါ" ဟု ဝန်ခံလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပွဲစားကြီးသည် အင်္ဂျီရတ်ကို အလွန် ဝါသနာပါ၍ ဗိုလ်လုံ မီးသွေးတို့ကို နောက်ဖေးတွင် ဂုဏ်နှင့်ထား၍ နေ့စဉ်နေ့တိုင်း အမြဲမပြတ် လျက်သားရှိနေလေ့ရှိ၏။ အခါတစ်ပါး မင်းသားသည် ပွဲစားကြီး အင်္ဂျီရတ်ထိုးရာ အပါးသို့ ရောက်ရှိ၍ "ဘဘကြီး ဘာလုပ်တာလဲ။ ပြဒါးလမ်းလား၊ သံလမ်းလား၊ ရွှေငွေလမ်းလား" ဟု မေးလေ၏။

ထိုအခါ ပွဲစားကြီးက "သံလမ်း၊ ပြဒါးလမ်းကို မလိုက်နိုင်သေးကြောင်းပါ။ ယခု ထိုးနေတာ ဘော်ဝါစပ်တဲ့လမ်းကလေးကို လုပ်နေပါသည်" ဟု ပြောလေ၏။

မင်းသား "အို ဘဘကြီး အလုပ်တွေဟာ ခရီးရှည်လှပါတယ်။ မီးသွေးမီး ကုန်တာတစ်မျိုး၊ လုပ်ခိုးကုန်တာက တစ်မျိုး ရင်ဘတ်မီးပွဲခံရသေးရဲ့ မျက်စိများလည်း တင်မိုးရိုက်လို့ ဥပါဒ်ပေးတတ်ပါတယ်။ ဘော်ဝါလမ်းကိုဖြစ်လို့ ရွှေနှင့်စပ်လို့ စပ်ကဲလိုက်ရင်တော အရည် မမှီပါဘူး။ အရည်မှီပြန်ရင်လည်း ရွှေစစ် မဟုတ်ဘူး။ ရွှေကိုလိုလို့ ရှိရင် ရွှေအစစ်ကို လိုသလောက် ရလျှင်ကော မကြိုက်ဘူးလား ခင်ဗျား"

ပွဲစား "ဩော် ဒါကတော့ မောင်မောင်ရယ်၊ အတိုင်းထက်အလွန် တဲ့ခွန်နှင့်ဘုရား ဆိုတာလို အမေ မရှိလို့ မီထွေးအမေ ခေါ်နေရတာပါ။ အမေအစစ်ကို ရပါမင့်ကပဲ၊ ပဂေ အဘာယ်ဆိုဖွယ် ရှိအံ့နည်း ဆိုတာလိုပါပဲ၊ ဘယ်လို နည်းများတုန်း မောင်မောင်ရဲ့ အမိန့်ရှိပါဦး"

မင်းသား "ရွှေငွေဆိုတာ ရှေးက ဝိဇ္ဇာဓိုရ် ယောကျ်ားများ မြှုပ်လို့ ၍ သိုမှီးထားတာ၊ သို့မဟုတ် ဥစ္စာ ကြွယ်ဝသော သူဌေးသူကြွယ်



တွေ့သည်တို့ မြှုပ်နှံထားတဲ့ ဥစ္စာဟောင်းတွေ မြေကြီးထဲမှာ အတိုင်းမသိ ပေါ်တာကလား ဘဘကြီးရဲ့"

ပွဲစား "ဩော် ဒါကတော့ ဟုတ်တာပေါ့ မောင်မောင်ရဲ့။ သို့ပေမဲ့ သူ့ဘာသာ သူ ရှိချင်တဲ့ နေရာမှာ ရှိနေတာ နတ်မျက်စိ ရတာမှ မဟုတ်ဘဲ၊ ဘယ်လို သိနိုင်ပါ့မလဲ"

မင်းသား "အဲဗျာ၊ ဘဘကြီးတို့ ကျွေးမွေးထားတဲ့ ကျေးဇူးကလည်း ရှိပါသေးတယ်။ တစ်ကြိမ်တစ်ခါလောက်ဟာ ကျေးဇူးဆပ်ရသေးတာပေါ့။ လောဘလည်း တယ်မကြီးနဲ့နော် ရတနာဆိုတာ ဘုမ္မာစိုးနတ်များ စောင့်ကြပ်နေတာဖြစ်တော့၊ သူတို့ကို မေတ္တာပို့ရတယ်။ သူတို့ဆီမှာ တောင်းလို့ သူတို့က ပေးမှရကာ၊ သူတို့က မပေးလျှင် မြေပြင်အနံ့ လျှောက်တူးပေမယ့် ဘယ်တော့မှ မတွေ့ဘူး။ ကိုင်းဗျာ လှူဖို့တန်းဖို့လောက် အောက်မေ့ပြီး ရှာတာပေါ့။ ဘဘကြီးတို့ အိမ်မှာ ကြက်မကလေးများ အရှင်တစ်ကောင်လောက် မရနိုင်ဘူးလား"

ပွဲစားကြီး "ဟာ ရပါရပါ၊ မရှိ ဝယ်ယူတာပေါ့။ တစ်ကောင်မှ ငါးမူးသုံးမတ် ပေးရတော့မပေါ့" ဟူ၍ ပြောပြီးလျှင် အိမ်နီးချင်း သူငယ်တစ်ယောက်ကို ခေါ်၍ ကြက်မကလေးတစ်ကောင် အဝယ်ခိုင်းလိုက်ရာ၊ ရရှိသဖြင့် မင်းသားကို ပေးလိုက်လေ၏။ မင်းသားလည်း ထိုကြက်မလေးကို အရှင်လိုက် ရေစင်စွာ ဆေးကြောလျက် အမွေးအတောင်ကို အဝတ်နှင့် သုတ်ပြီးလျှင် နှုတ်ကို ဆီနှင့်ပျော်၍ လိမ်းသုတ်လျက် အဝတ်တစ်ခုနှင့် ပတ်ပြီးလျှင် တောင်းတစ်ခု၌ ထည့်၍ အပေါ်က ဇလ်ကို ဖုံးအုပ်

www.burmeseclassic.com



ပြီးလျှင် နောက်ပါတပည့်ကို အထမ်းခိုင်းလျက် ပွဲစားကြီးကို ခေါ်၍ နေ့ခင်း ၁၂ နာရီသာသာလောက်ကို သုသာန်ရင်ကွဲ ရေပ် ကြီး အနီး သာလာယံဇရပ် တစ်ခုသို့ ခေါ်သွားလေ၏။

ထိုအခါက သုသာန်ရင်ကွဲဇရပ်ကြီးမှာ၊ ယခု ကျိုက်လတ်မြို့ ဈေးနေရာမှာပင် ဖြစ်သည်။ ၎င်းသာလာယံဇရပ်မှာ လူလည်း အလွန် တိတ်ဆိတ်၏။ ထိုသာလာယံဇရပ်ကို ရောက်သောအခါ ကြက်မ ကလေးကို တောင်းထဲမှ ထုတ်၍ ဇရပ်နားတွင် လွှတ်ထားပြီးလျှင်။

"ကိုင်း ဘဘကြီး၊ ကြက်မကလေး အထူးသဖြင့် ယက်တဲ့နေရာ ကို အသာကြည့် ဘယ်နေရာမှာ ယက်မလဲ အဲ သူယက်တဲ့နေရာကို တုတ်စိုက်ပြီး မှတ်လိုက်ပါ။ ကျွန်တော် ဟိုသစ်ပင်ကြီးရင်းမှာ ဘုမ္မာစိုး နတ်များကို မေတ္တာပို့လျက် အခွင့်တောင်းရင်း မန္တာန်စိပ်ဦးမယ် ဆိုပြီး လျှင် ညောင်ပင်ကြီး တစ်ပင်အောက်မှာ၊ တင်ပျဉ်ခွေလျက် ပုတီးစိပ်၍ နေလေ၏။

ပွဲစားကြီးနှင့် မင်းသား၏ နောက်ပါသူငယ်တို့မှာ ကြက်မကလေး သွားရာကို ကြည့်လျက်နေကြ၏။ ကြက်မကလေးသည် တစ်ခုသော နေရာတွင် ကွတ်ကွတ်ကွတ်ကွတ်ဟု အော်လျက် မြေကြီးကို များစွာ ယက်၏။ အခြား မညီသည့် နေရာကိုမျှ မသွား။ ထိုကြက်မကလေး အမူအရာကို ပွဲစားကြီးမြင်သော် အထူး အံ့သြလျက် သူငယ်ကို "ဟော ကြက်မကလေးတော့ ဒီနေရာက ဘယ်မှ မသွားဘဲ ယက်နေပြီ မင်းသား အမိန့်အတိုင်း ထိုနေရာကို တုတ်စိုက်ပြီး မှတ်လိုက်ရပေတော့" ဟု ခိုင်းရာ သူငယ်က တုတ်စိုက်လျက် မြေခြစ်၍ ဝိုင်းလျက် မှတ်သား လေ၏။



ထိုသို့ မှတ်ပြီး၍ မင်းသားကို ကြည့်ရာ မင်းသားသည် ညောင်ပင် အောက်တွင် သူငယ်တစ်ယောက်နှင့် စကားပြောနေဘိသကဲ့သို့ ပါးစပ် လှုပ်လှုပ် လက်ဟန်ခြေဟန် ပြနေသည်ကို ပွဲစားကြီးက မြင်သောအခါ သြော် မင်းသားသည် ဘုမ္မာစိုးနတ်ကို မြင်၍ ဥစ္စာကို တောင်းနေပြီ ထင်ရဲ့ဟု ဝမ်းသာလျက် အဝေးက ကြည့်၍ နေလေ၏။

အတော်ကြာသောအခါ မင်းသားသည် တစ်နေရာကို ကြည့်လျက် လက်ယှက်ခါ ခေါင်းညိတ်လျက် ပြန်လာပြီးလျှင်၊ ပွဲစားကြီး အနားသို့ ရောက်သောအခါ "ဘဘကြီးတော့ တယ်ကုသိုလ် ကောင်းသဗျာ တစ်ခွန်းပဲ တောင်းလိုက် တယ်။ မင်းသားတို့ မှတ်တဲ့ နေရာမှာ ညကို လာတူးပါ၊ ငါးပိဿာဝင်အိုးနှင့် တစ်လုံး။ ရွှေမန်ကျည်းတောင့် အပြည့်ပေးလိုက်မယ် လှူပါတန်းပါ၊ ပိုတာကို စားပါ၊ လှူတဲ့ကုသိုလ် ကိုလည်း သူ့ကို အမျှဝေပါလို့ မှာသွားပါသည်။ ကိုင်း စိတ်ချရပြီ ပြန်ကြစို့" ဟု ဆိုကာ တပည့်ကို ကြက်မကလေး ဖမ်းစေ၍ တောင်းထဲ ထည့်ပြီးလျှင် အိမ်သို့ ပြန်လာကြလေ၏။

အိမ်သို့ ရောက်သောအခါ မင်းသားမှာ အိမ်ပေါ်သို့ တက်၍ ပုတီးစိပ်ခါ နေလေ၏။ ပွဲစားကြီးမှာကား မီးဖိုချောင်ထဲမှာ၊ သမီးကို တိုးတိုးပြောလျက် ဝမ်းမြောက်ဝမ်းသာ၊ မျက်နှာ ရွှင်ပြလျက် မိုးချုပ် ခြင်းကိုသာ တောင့်တလျက် ရှိလေ၏။ မိုးချုပ်၍ အတော် ညဉ့်နက် သောအခါ မင်းသား၏ နောက်ပါသူငယ်ကို သံပုံးတစ်ခုထဲသို့ မီးခွက် ကြီး တစ်ခုကို ထည့်စေလျက် တူးရွင်းငန်းပြားတစ်ခု၊ ဓားရှည်ကြီး တစ်ချောင်းကို ယူခဲ့စေ၍ အိမ်နီးချင်းများအားလုံး တံခါးပိတ်၍ အိပ်ကြ သောအခါကို ငံ့လျက်၊ ထွက်သွား ရောက်ရှိကြပြီးကာ မင်းသားမှာ လက်ညှိုးဖြင့် အရပ် ရှစ်မျက်နှာကို ညွှန်လျက် ဂါထာရွတ်လျက် စည်းချ

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင်၊ တူးဆေသော် တစ်တောင်လောက် နက်သောအခါ ငါးပိသာဝင် စဉ့်အိုးအဟောင်းတွင် စလောင်းပိတ်ကာ ပွဲညက်ကို ထေးလျက်ထားသည်ကို ပေါ်လာ၊ တွေ့မြင်ရရှိသောအခါ ဝမ်းသာအားရ မှင့်၍ မကြည့်ဘဲ အိမ်သို့ ယူဆောင်လျက် ပြန်ခဲ့ကြလေ၏။

အိမ်သို့ ရောက်သောအခါ အိုးကို ဖွင့်၍ ကြည့်လိုက်ရာ ရွှေမန်ကျည်းတောင့်များ ဝင်းဝင်းတောက်လျက်၊ အိုးပြည့်လျက် နေသည်ကို တွေ့မြင် ရသောအခါ၊ ပွဲစားကြီးမှာ ရွှေမန်ကျည်းတောင့် အပေါ်ဆုံးက တစ်ခုကို ယူလိုက် အောက်သို့ ဆင်းပြီး၊ စားဖြင့် နှစ်ကျပ်သားလောက် ဖြတ်၍၊ လုံတွင်ထည့်ကာ ဂြ...၍ အခဲ ပြုလုပ်ပြီး မှတ်မှာတင်သောအခါ ပုရပိုက်ခေါက် ရွှေအစစ် မှန်း ကြောင်းကို သိလေ၏။

ထိုကဲ့သို့ သိပြီးသောအခါ မင်းသားက "ဘဘကြီး ခင်ဗျား ရွှေအိုးတော့ လက်ဝယ် ရောက်ပါပြီ။ သို့ရာတွင် ယခုချက်ချင်း သုံးရမသုံးရကို မသိရသေးသဖြင့် နက်ဖြန် ဘုရားကို တိုင်တည်၍ ဘုမ္မာစိုးနတ်များကို ပင့်ခေါ် မေးမြန်းလိုပါသည်။ သို့အတွက် အရွက်ထုထုနှင့် နဂါးစက်ခေါ်သော ညှောင်ရေအိုးစိုက်တဲ့ ပန်းကို ခတ်များများ ဈေးမှ ဝယ်ခဲ့ပါ။ ထိုမှတစ်ပါး ငှက်ပျောသုံးပွဲ၊ ဖယောင်းတိုင်၊ အမွှေးတိုင်များတို့ ဝယ်ခဲ့စေလိုပါသည် ခင်ဗျား" ဟု ဆိုလေ၏။

ပွဲစားကြီးကလည်း ဝမ်းသာခြင်းမက သာလှ၍ "မင်းသား အလိုရှိသမျှကို ရပါစေမည်" ဟု ပြောဆိုပြီးလျှင် ညကို မေတ္တာများ ပို့လျက် အိပ်ကြလေ၏။

နက်ဖြန်နံနက် မိုးသောက်အခါ ပွဲစားကြီးသမီးနှင့် မင်းသား၏ တပည့်သူငယ်တို့ကိုပါ ဈေးကိုသွား၍ လိုတာကို ပြည့်စုံအောင် ဝယ်ခဲ့ပြီးလျှင်၊ အိမ်သို့ ရောက်သောအခါ မင်းသားက တပည့်သူငယ်ကို



အိမ်ပေါ်တက်၍ ဘုရားခန်းမှာ ကန်တော့ပွဲများ ပြင်၍ ညှောင်ရေအိုးများ ပန်းထိုးလျက်။ ဆီမီးများ ထွန်းညှိထားချေဟု စေခိုင်းလိုက်လေ၏။ ပွဲစားကြီး သမီးမှာလည်း ထမင်းဟင်း ချက်ပြုတ်လျက် နေလေ၏။

မင်းသားနှင့် ပွဲစားမှာ အောက်ဆင့် အိမ်ဦးခန်းတွင် ထိုင်လျက် အကြောင်းကြောင်း အရာရာကို တိုင်ပင်လျက် နေကြသည်မှာ "ဘဘကြီးကိုတော့ တစ်သက်မှာ လှူဒါန်း သုံးစွဲ၍ပင် မကုန်နိုင်လောက်အောင် ကျွန်တော် ဆောင်မခဲ့ရမှာပေါ့။ ကျွန်တော်လည်း သည်မှာ ကြာကြာ မနေနိုင်ဘူး။ သို့ရာတွင် ကျွန်တော်အကြံကို ဘဘကြီး ထောက်မနိုင်လျှင်တော့ တစ်သက်လုံး ချမ်းသာဖို့ ပြုလုပ်ပေးနိုင်မှာပဲ။ ကျွန်တော်ကိစ္စ အကြံက သည်လိုပါ။ ကျိုက်ထီးရိုး မြတ်စွာဘုရားကို သွားသောတောင်တစ်တောင်၏ ခုလတ် ကမ်းပါးယံမှာ ကျောက်ဂူတစ်ခု ကျောက်မျာ ပိတ်လျက် ရှိပါသည်။ ထိုကျောက်ဂူ အတွင်း၌ ဆရာတော်အော်ဂို မန္တာန် စိပ်လျက် ရှိပါသည်။ ထိုကျောက်ဂူနှင့် တည့်တည့်အပေါ်က ဌာပနာ ကျောက်စေတီကို တည်ရမည်။ ပြီးစီးသောအခါ သံဃာတော်များနှင့်တကွ ကောင်းမှုကုသိုလ်ကို ရေစက်သွန်းချပြီး၊ အားလုံးသော ရဟန်းပရိသတ်၊ လူပရိသတ်တို့ ပြန်ကြွကြသောအခါမှ၊ မိမိတစ်ဦးတည်း ထိုစေတီတော်အပါးတွင် မေတ္တာကမ္မဋ္ဌာန်း ပွားများလျက် နေရမည်။ ရှေ့လအခါမှာ သန်းခေါင်ကျော်က နေသီဒ္ဓနက္ခတ် မွန်းတည့်လိမ့်မည်။ ထိုနက္ခတ် မွန်းတည့်သောအခါ (ယခုပြုသော ကောင်းမှုကို ဆရာတော် (မဟာဣန္ဒ) အမျှယူတော်မူပါ) ဟု သုံးကြိမ် အော်လျှင် တောင်ကမ်းပါးယံ ကျောက်တံခါးကြီး ပွင့်၍၊ မဟာဣန္ဒ ဝိဇ္ဇာမိုရ် ပျံတက်ကြွလာ၍ အတွေ့ခံပြီးလျှင် ၁၁င် အလိုရှိသော အတတ်ပညာကို တောင်းလော့၊ ငါ ပေးအံ့ဟု ... ...မည်။ ထိုအခါ

www.burmeseclassic.com



ကျွန်ုပ် လိုအပ်သော ပညာတို့ကို ရ၍ အလုံးစုံ အကြံလည်း အောင်လေတော့မည်။ မိမိနိုင်ငံလည်း ပြန်၍ အုပ်စိုးရတော့မည်။ ကျွန်တော်ထီးနန်း စည်းစိမ်ကို ရပြီးလျှင်၊ ဘဘကြီးတို့မှာ ဘာကိုမျှ စောင့်တာရတော့မည် မဟုတ်ပါ။ ယခု ကျွန်တော်ကို မှာ၍ လာရခြင်းမှာလည်း ၎င်းအတွက် ဆရာကြီးက တိုင်ပင်လို၍ မှာပါသည်။ ကျွန်တော့် ဆရာဘုန်းကြီးလည်း သည်မှာ အမြဲ သီတင်းသုံးသော ကိုယ်တော် မဟုတ်ပါ။ ယခုလည်း ကျွန်တော် ရောက်လာတုန်းက တစ်နေ့ တွေ့လိုက်ရပါသည်။ ယခု နောက်မတွေ့တော့ပါ။

အဲ... ယခု ကျွန်တော် ပြောပြအပ်သော ကိစ္စကိုလည်း ဘဘကြီး နှုတ်လုံပါ။ ၎င်းကိစ္စ အရေးကြီးသော အချက်မှာ ကျောက်စေတီ တည်ရန် ကိစ္စမှာ ပန်းရံလက်ခ ကျောက်ချပ်ဖိုး ဌာပနာရန် ပိဋကတ်သုံးပုံ ပေစာများ မန္တလေးမှာ သွားရောက် ဝယ်ရမည့် အဘိုး၊ ဘုရားတည်ပြီးသောအခါ အနေကဇာတင် သံဃာတော်မြတ်များ ဆွမ်းလုပ်ကျွေးရန် လှူဒါန်းစသည်တို့ဖြင့် ပင့်ခေါ်ရေးကိစ္စ၊ ၎င်းအစုစု အရေး ငွေ ၅၀၀၀ လောက် စရိတ်စက လိုနေပါသည်။ သို့အတွက် ဘဘကြီးက ၎င်းကုသိုလ်စရိတ်ကို ထောက်ပံ့နိုင်ပါက၊ ဆိုဖွယ်ရှိတော့မည်မဟုတ် အလုံးစုံကိစ္စ ပြီးမြောက်တော့မည်မှာ အမှန်မလွဲ ဖြစ်ပါသည် ခင်ဗျား" ဟု ပြောဆိုနေစဉ်–

ပွဲစားကြီး သမီးက "ဖေဖေ ထမင်းပွဲ ပြင်ပြီးပါပြီရှင့်" ဟု ပြောသဖြင့်

"ကိုင်း... မောင်မောင် ပွဲတော်တည်တော်မူပါ" ဟု ခေါ်၍ ထမင်းစားကြလေ၏။



ထမင်း စားသောက်၍ ပြီးကြသောအခါ တော်တော်ကြာ၍ နေ့ဘ နှာရီခွဲလောက် ရှိသောအခါ မင်းသားက "ကိုင်း... ဘဘကြီး မေလေးတို့ အိမ်ပေါ်သို့ ကြွကြပေတော့။ နတ်ပင့်ဖို့ အချိန်ရောက်ပါပြီ" ဆို၍ အိမ်ပေါ်သို့ တက်ကြပြီးခါ၊ ကန်တော့ပွဲတွင် ဆီမီးများ ထွန်းညှိလျက် နံ့သာရေမွှေး ဖျန်းပက်ပြီးခါ မင်းသားက ဘုမ္မစိုးနတ်ကြီးများ ကြွရောက်တော်မူကြပါဟု ရွှေချထားသော တောင်ဝှေးနှင့် ဝင့်၍ ဝင့်လိုက်ရာ၊ ညောင်ရေအိုး၌ စိုက်ထားသော နဂါးစက်ပင် အရွက်များ လေမလာဘဲ တဖျတ်ဖျတ် လှုပ်လျက် နေကြသည်ကို မြင်ကြသောအခါ၊ ပွဲစားကြီး သားအဖမှာ ကြက်သီးမွေးညင်းများ ထ၍ အံ့သြကြလေ၏။

ထိုအခါ မင်းသားက "ဘဘကြီးတို့ ဘုမ္မစိုးနတ်မင်းကြီး ကြွတော်မူလာတယ်၊ မြင်ကြပါရဲ့လား" ဟု မေးရာ။

ပွဲစားကြီး "မြင်ပါပြီ မောင်မောင် ထင်ရှားပါပေတယ်" ဟု ပြောလေ၏။

ထိုအခါ မင်းသားက "ကိုင်း ကိုင်း လိုသမျှကို ကျွန်တော် ပြောတော့မည်။ ယခု ကြွရောက်သော နတ်ကြီးဟာ ဒီဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ တန်ခိုး အကြီးဆုံးသော ကမ္ဘာစောင့်နတ်ကြီး ဖြစ်ပါသည်။

အလွန် တန်ခိုးကြီးမြတ်တော်မူသော အရှင်ဘုမ္မစိုးနတ်မင်းကြီး ယခု အရှင်တို့ သနားတော်မူသော ရွှေအိုးကို ယခုချက်ချင်း သုံးစွဲထိုက်ပါလျှင်၊ ဤညောင်ရေအိုးပန်းများကို လှုပ်၍ ပြတော်မူပါ။ မသုံးရသေးလျှင် ပကတိ ငြိမ်သက်စွာ တည်ပါ" ဟု ဆိုလျက် လက်နှစ်ဖက်ဖြင့် ခယ်လှမ်းလှမ်းက ဝဲလိုက်ရာ ညောင်ရေအိုးပန်းများ ငြိမ်လျက်ရှိကြ၏။

www.burmeseclassic.com



ထိုအခါ မင်းသားက "ဘယ့်နှယ် ဘဘကြီး ယခု မသုံးထိုက်ဘူး ဆိုပါကလား"။

ပွဲစားကြီး "အနို့ မောင်မောင် ဘယ်တော့မှ သုံးရမည်ကို ပြန်၍ မေးတော်မူပါဦး"

ထိုအခါ မင်းသားက ကောင်းပါပြီ။ မေးပါမယ်ဆိုပြီး၍ "တန်ခိုးကြီးသော အရှင်ဘုမ္မစိုးနတ်မင်း၊ ၎င်းရွှေရတနာတို့ကို တစ်လမျှသာ ဆိုင်းငံ့လျက် တစ်လကျော်က သုံးစွဲ လှူဒါန်းလိုပါသည်။ သုံးစွဲလှူဒါန်း ထိုက်ပါလျှင် ၎င်းပန်းပင်များ ပြင်းစွာ လှုပ်၍ပြတော်မူပါ" ဟု သက် နှစ်ဖက်ဖြင့် လက်ဝါးကာ၍ တစ်ခေါက်ကွာလောက်က ဝဲလိုက်ရာ ညောင်ရေအိုးပန်းပင် အရွက်တို့သည် တဖျတ်ဖျတ်ဖြင့် လှုပ်ရှားလျက် နေကြကုန်၏။ ထိုအခါ ပွဲစားကြီးသားအဖမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ အံ့ဩလျက် နေကြလေ၏။

ထိုအခါ မင်းသားက "ကိုင်း ဘဘကြီးတို့ ယခုက နောက်တစ်လ ကျော်လျှင် သဘောအတိုင်း လှူဒါန်း သုံးစွဲနိုင်သတဲ့။ ကိုင်း ဘဘကြီး ကိစ္စပြီးပြီ။ ကျွန်တော်၏ ကိစ္စကို မေးရန်လိုသေးသည်၊ မေးမယ်" ဆို၍

"တန်ခိုးကြီးလှပေသော အရှင်ဘုမ္မစိုးနတ်မင်း၊ ကျွန်ုပ် ကြံသည့် အတိုင်း မောရဂီဝါတောင်တွင် ကျောက်စေတီ တည်၍ အထမြောက် ပြီးလျှင်၊ မဟာဣန္ဒဝိဇ္ဇာဓိုရ်နှင့် တွေ့၍ အလုံးစုံ လိုအပ်သော ပညာရပ် များကို ရရှိ အကြံအောင်ပါလျှင် ၎င်းညောင်ရေပန်းများ လှုပ်ရှား ပြတော်မူလိုက်ပါ အရှင်ကောင်း" ဟု ဆိုကာ ယခင်ကကဲ့သို့ လက် နှစ်ဖက်နှင့် ဝဲလိုက်ရာ ပန်းပင်ရွက်များ တဖျတ်ဖျတ် လှုပ်လျက်ပြ လေ၏။



နောက်တစ်ဖန် "အနို့ အရှင်နတ်မင်း။ ကျွန်တော်၏ ဆရာ ဘုန်းကြီးလည်း ထိုဝိဇ္ဇာနှင့် တွေ့၍ ကျွန်တော်ကဲ့သို့ အတတ်ပညာ များ ရပါမည်လား။ ရလျှင် လှုပ်ရှားပြတော်မူပါ" ဟူ၍ လက်နှစ်ဖက် ဝဲလိုက်ရာ ပန်းပင်များ ငြိမ်သက်လျက်နေကြ၏။

ထိုကဲ့သို့ မေးမြန်းပြီးသောအခါ "ကိုင်း အရှင်နတ်မြတ် အလိုရှိရာ သို့ ကြွတော်မူပါတော့" ဟု ပြန်၍ နင်လိုက်သောအခါ ပန်းခက်များ တုန်လှုပ်လျက် ရှိကြကုန်၏။ ထိုသို့ နတ်မေးသော ကိစ္စပြီးသောအခါ မင်းသားလည်း နေရာမှ ထလျက်၊ စဥ့်အိုးကို အမွှေးနံ့သာရေများ ပက်ပြီးလျှင်၊ အဘိုးကြီး၏ ရှေးသံသေတ္တာကြီးတွင်သို့ သော့တောင်း၍ ဖွင့်ထည့်လျက် လုံခြုံစွာ ပိတ်ပြီးလျှင်၊ "၎င်းသော့ကို ကောင်းစွာ သိမ်းထားပါ။ တစ်လ မစေ့မီ ၎င်းသံသေတ္တာကို မဖွင့်ပါနှင့်" ဟု ပြောပြီးလျှင် ငြိမ်ဆိတ်စွာ ပုတီးစိတ်လျက်နေလေ၏။

နောက်နှစ်ရက်လောက် ကြာသောအခါ ခပ်ဖြူဖြူဖိုင့်ဖိုင့် သက်တော် ၄၀၊ ဝါတော် ၂၀ ခန့် ဘုန်းတော်ကြီး တစ်ပါး၊ ပွဲစားကြီး အိမ်သို့ ဝင်လာပြီးလျှင် "ဒကာကြီး ဒကာကြီးအိမ်မှာ ရှိနေသော ပုဂ္ဂိုလ်တစ်ဦးကို စကားပြောလို၍ ခေတ္တအိမ်ပေါ်သို့ တက်ရန် အခွင့် ပြုပါ" ဟု ခွင့်တောင်းရာ ပွဲစားကြီးမှာ ၎င်းဘုန်းတော်ကြီးကို စိန်းစိန်း ကြည့်လျက်။

"တက်တော်မူပါဘုရား" ဟု ဆိုကာ အိမ်အပေါ်ထပ်သို့ ညွှန်ပြ၍ ဘုန်းတော်ကြီး တက်သွားသောအခါ မိမိလည်း နောက်ကတက်၍ လိုက်ပါသွားလေ၏။

မင်းသားလည်း ဘုန်းတော်ကြီးကို မြင်လျှင် နေရာမှ ထ၍ နေရာ ခင်းကျင်း၊ ရှိခိုး ဝတ်ဖြည့်ပြီးသောအခါ၊ ဘုန်းတော်ကြီးသာ ပွဲစားကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်ကာ "ဒကာကြီး ငါတို့ နှစ်ဦးတည်းသာ တိုင်ပင်လိုသော ကိစ္စရှိ၍ ခေတ္တရှောင်ရှားပါ" ဟု ပြော၍ ပွဲစားကြီးက ထမည်အပြုမှာ-

မင်းသားက "မှန်လှပါ တပည့်တော်နှင့် တစ်စိတ်တည်းရှိ၍ ယုံကြည်အပ်သော သမာဓိဂုဏ်ရှိသော ပုဂ္ဂိုလ်ကြီး ဖြစ်ပါ၍၊ ထိုဒကာကြီးကိုလည်း ကိုယ်တော့် တပည့်အရင်းပင် ထင်မှတ်တော်မူပါ။ ကြားသိပါစေ မနှင်ပါနှင့် အလိုရှိသမျှကိုသာ မိန့်တော်မူပါဘုရား" ဟု လျှောက်ထားရာ။

ဘုန်းကြီးက "မင်းသားကို တိုင်ပင်လိုတာက အခြားမဟုတ် ရှေ့လမှာ သန်းခေါင်မနသိဒ္ဓိနက္ခတ် မွန်းတည့်မည်။ ယခုလက ကျောက်စေတီပြီးမှ တော်မည်။ သို့အတွက် မင်းသား စရိတ်စကများ ရှာ၍ အမြန် လိုက်လာခဲ့ပေတော့။ ဘုန်းကြီးမှာ ဟိုကို အရင်ရောက်နှင့်၍ ကျောက်ဆစ်ပန်းရံဆရာများကို အရန်သင့်ခေါ်၍ ပြုပြင်နှင့်တော့မည်။ ယခုနံနက် သင်္ဘောနှင့်ပင် ဘုန်းကြီးလိုက်တော့မည်။ မင်းသား မပေါ့ပါနှင့် ကိုယ်ကျိုးစီးပွားအတွက်က အရေးမကြီးဘူး။ တိုင်းပြည် သတ္တဝါအများ ချမ်းသာ၍ ဘုရားသာသနာတော်ကြီး ထွန်းလင်းဖို့ ကိစ္စကို ကြည့်ရမည်"

မင်းသား "ကောင်းပါပြီဘုရား။ အရှင်ဘုရားသာ ကြွတော်မူနှင့်ပါတော့။ တပည့် မကြာမီ လိုက်လာခဲ့ပါမည်ဘုရား" ဟု လျှောက်ထားကာ ဘုန်းတော်ကြီးလည်း ကြွမည်ဟု ထ၏။ မင်းသားကလည်း ဦးသုံးကြိမ် ချ၍ "ကြွတော်မူနှင့်ပါတော့ဘုရား" ဟု လျှောက်ကြား၍ နေရစ်၏။ ဘုန်းတော်ကြီးလည်း အိမ်ပေါ်မှ ဆင်းကြွ၍ သွားလေသည်။

နောက် နှစ်ရက်လောက် ရှိသောအခါ မင်းသားက ပွဲစားကြီးကို ခေါ်၍ "ကိုင်း ဘဘကြီး ကြံရေးဖန်ရေး ကိစ္စကလည်း အလွန် နီးကပ်



လျက် ရှိနေပြီ။ (အချိန်လွန်က ပြန့်မရ၊ အချိန်တန်က ဘိုးနှင့်၊ အချိန်ရှိခိုက် လုံ့လစိုက်)ဟူ၍ ရှေးသူဟောင်း စကားရှိသည့်အတိုင်း ကျွန်တော်၏ ကိစ္စကို ဘဘကြီး အလုံးစုံ သိရှိတော်မူသည့်အတိုင်း စရိတ်အတွက် အလိုရှိအပ်သော ငွေ ၅၀၀၀ ကို ဘဘကြီးက ထောက်ပံ့ နိုင်ပါမည်လား" ဟု မေးရာ။

ပွဲစားကြီးက "အားလုံးကို ယုံကြည်ပြီး ရှိသည့်အတိုင်း မောင်မောင် အလိုရှိသောနေ့ ရပါစေမည်။ အလိုရှိသောအခါကိုသာ အမိန့်ရှိပါ။ အသင့် ရှိပါကြောင်း" ဟု ပြော၏။

ထိုအခါ မင်းသားက "ဘဘကြီး သိရှိပြီးအတိုင်း အလွန် အလျင်လိုလှသည်။ နက်ဖြန်နံနက် သင်္ဘောမှာပင် လိုက်ရပါလိမ့်မည်။ ယခုညကပင် ပြင်ဆင်ထားမှ သင့်ပါမည်" ဟု ပြောကာ ပွဲစားကြီးက ငွေ ၅၀၀၀ ထုတ်ပေး၍ ပွဲစားကြီး သမီးကလည်း မိုးမလင်းမီက လမ်းတွင် စားရန် ထမင်းဟင်းများ ထလျက် ချက်ပြုတ် လုပ်ကိုင် ပြီးစီးနှင့်လေ၏။

မင်းသားမှာလည်း မိုးမလင်းမီ ထ၍၊ ဘုရားပုထိုး ရှိခိုးလျက် မေတ္တာများ ပို့သပြီးလျှင် ပွဲစားကြီးကလည်း အတူပင် ဘုရားရှိခိုးလျက် နံနက်လင်းသောအခါ မင်းသားက "ကိုင်း ဘဘကြီး ကျွန်တော် သွားဦးမည်။ ကျွန်တော့်တပည့်ကလေးကို ထားခဲ့ပါမည်။ ဘဘကြီး ကြည့်ရှုရစ်ပါ။ ကိုင်း ကျွန်တော် ကန်တော့ပါသည် ခင်ဗျား" ဟု ပွဲစားကြီးကို ကန်တော့လျက် ပွဲစားကြီးသမီးကိုလည်း "ကဲ မမလေး၊ မောင်မောင် သွားဦးမယ်။ အောင်မြင်အောင် ဆုတောင်းရစ်ပါနော်" ဟု ပြောဆိုလျက် ငွေ ၅၀၀၀ နှင့် စားရိက္ခာ ထမင်းထုပ် ငှက်ပျောဖက်တို့ကို ယူ၍ သင်္ဘောဆိပ်သို့ ဆင်းသွားရာလိုက်ပို့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားခေါ် မောင်နေမျှာ သဆော်ပေါ်သို့ ရောက်သော် ဘိုးတုပ် လက်မှတ်ခံ၍ ဘိုးတုပ်မှာ ဆင်းပြီးလျှင်၊ သံမှန်ကြဲ့နှင့် ကျိုက်လတ်ကို ညှဉ့်အခါ ပြန်လာရောက်ရှိလျက်၊ တော်ရာလျှော်ရာတွင် ငွေ ၅၀၀၀ ကို သုံးခါ ဖြုန်းခါ ဘိန်းဆိုင်မှာ ဘုရားတည်၍ နေလေ၏။ ပွဲစားကြီး အိမ်မှာ ကျန်ရစ်ခဲ့သော မင်းသားတပည့်လည်း ၎င်းနေ့ညပင် နောက်မေးမှ ဆင်းပြေးလေ၏။

ပွဲစားကြီးသားအဖမှာလည်း တစ်လကျော်သောအခါ၊ သံသေတ္တာ ကြီးကို ဖွင့်လျက် ရွှေအိုးကို ထုတ်ယူပြီးလျှင် ရွှေများကို သုံးရန် ချိန်ကြည့်မည်ဟု ရွှေမန်ကျည်းတောင့်များကို ထုတ်ကြည့်ရာ ရွှေစေးစေး ကို ရွှေမန်ကျည်းတောင့်သဏ္ဌာန် လုပ်၍ ရွှေချထားသော အောက်က ရွှေတောင့်အတုများကိုသာ ရတော့သည်။ အပေါ်က ဖုံးထားသော် ပုရပိုက်ခေါက် ရွှေမန်ကျည်းတောင့် အစစ်တို့မှာကား၊ မင်းသား ပြန်ယူ သွား၍ စမ်းသပ်ရန် ဖြတ်၍ အရည်ကျိုယူထားသော ရွှေနှစ်ကျပ်သား လောက် ရရှိကျန်ရစ်လေ၏။

ထိုအခါကျတော့ ပွဲစားကြီးက "သမီးရေ မင်းသားဆိုတဲ့အကောင် တို့အပေါ် လိမ်သွားပဟော့။ ကိုယ်ကျိုးနည်းလို့ သူ့ဆီက ရွှေနှစ်ကျပ် သားကလေး ရတာနှင့် တစ်လလောက်လည်း ပွဲတော် ကောင်းစွာ ဆက်လိုက်ရသေးသည်။ ငွေ ၅၀၀၀ လည်း ဆုံးလိုက်ရသေးသည်။ မြွေပွေးထိတာပဲ" ဟု ညည်းညူကာ မှိုင်နေလေ၏။

သမီးက "ဖေဖေရယ် ဂါတ်မှာတိုင်ရ မကောင်းဘူးလား" ဟု မေးရာ

"သမီးရယ် ဂါတ်မှာ တိုင်ပေတဲ့ သူ့နာမည် ဘယ်သူလို့လည်း မသိ၊ မင်းသား လိမ်သွားတယ် ပြောရမှာကလည်း ကိုယ်ပါ အပြစ်လွတ်



မည် မထင်။ အို ကိုယ်မိုက်လို့ ဖြစ်ရတာ အသာကလေးသာ လူ မသိအောင် ဖုံးဖိ၍ တိတ်တိတ်သာ နေလိုက်ပါတော့" ဟု ဆိုကာ ကြိတ်၍ ခံရရှာလေ၏။

၎င်း ပွဲစားကြီး သားအဖသည် ယခုအခါ အနိစ္စရောက် ကုန်ကြ ရှာပြီ။

၁၄

## လိမ်နည်းဖော်ပြချက်

၎င်းလိမ်ခြင်းမှာ အံ့သြဖွယ် အချက်နှစ်ခု ပါသည်။ ရွှေအိုးမြှုပ်ထားသော နေရာကို ကြက်မကလေး ဘာပြုလို့ ယက်နေသလဲ။ လက်နဲ့ မထိဘဲ တစ်တောင်ထွာလောက်က ယမ်းဘာ ညောင်ရေအိုးပန်းအေ ဘာပြုလို့ လှုပ်သလဲ။ ဤနှစ်ချက်မှာ ထူးဆန်းသော အချက်ဖြစ်၍ ဖော်ပြလိုက်အံ့။

ပထမ ကြက်မကလေး ရွှေအိုးရှိရာမှာ ယက်ခြင်းကား၊ ၎င်းရွှေအိုး အတုကို အပေါ်က ရွှေအစစ် တစ်ဆယ်သားလောက် ဖုံး၍ မြှုပ်ထားစဉ် ကား ၎င်းရွှေအိုးထဲမှာ ဂုန်းကြက်သာကြီးပါသည်။ ၎င်းဂုန်းသည် ကြ များကို လာဆေ ပ်၏။ သို့ရာတွင် နှမ်းသုတ်သော ကြက်ကို ကား ၎ လျှင်မြန်မြန် လာ နိုင်၏။ ထို့ကြောင့် ကြက်မကလေးကို နှမ်းသုတ်သည်ဟု မှတ်ရမည်။ ဒုတိယ ၎င်းရွှေအိုးကို တစ်လကျော်မှ သုံးရမည်ဟု၍ ညာ ပင်ခြင်းမှာ အပေါ်က ရွှေစစ် တစ်ဆယ်သားကို ပြန်၍ ယူနိုင်ရန် ဖြစ်သည်။ ရွှေချသော တုတ်တိုကလေးနှင့် မထိဘဲ ယမ်းခါရုံဖြင့် သစ်ပင်သစ်ရွက် လှုပ်ရခြင်းမှာ ပထမ ညောင်ရေအိုးတွင် စိုက်ရန် အရွက်ထူသော ပန်းကို ညွှန်းသည်။ ဖိနပ်ရိုက်သော သံမှို အသေးဆုံးကလေးတွေကို သစ်ရွက်အောက်က အရွက်အတိုင်း ထိုး၍

www.burmeseclassic.com

www.burmeseclassic.com



တပည့်လုပ်သူက စိမ်ထားပြီးလျှင်၊ တောင်ဆေးတို့၏ ထိပ်မှာ သံလိုက်ကြီးကို မြှုပ်ထားသည်။ လက်ထဲမှာလည်း သံလိုက်ကြီးတစ်ခဲ ကိုင်ထားသည်။ သစ်ရွက်လှုပ်စေလိုက လက်မှာ သံလိုက်ခတ်ခဲကို ကိုင်သည်။ မလှုပ်စေလိုက သံလိုက်ကို ချထား၍ လက်ချည်းယမ်းသည်။ ၎င်းကို အသိဉာဏ် မစုံသောသူများက အကယ်ပင် နတ်လာ၍ လှုပ်သည်ဟု ထင်ရသည်။ ထို့ကြောင့် မည်မျှပင် ငါ ပါးသည် ငါ နပ်သည် ဆိုစေကာမူ ဗဟုသုတ မစုံလင်က အလိမ်ခံရမြဲပင် ဖြစ်လေသည်။ ၎င်းလိမ်ပုံမျိုးသည် တော်မှာသာ ကျသည် မထင်နှင့် ယခုအခါ ရန်ကုန်မြို့ကြီးမှာပင် ယုံကြည်မည့်သူ အလွန် ပေါ်များလိမ့်မည်မှာ မလွဲချေ။

## ဥပဒေသ

**အခါကာလနှင့် မလိုက်အောင် အခြေအနေ ကြီးလာလျှင် ထိုသူသည် အကြောင်းတစ်ခု ရှိပြီဟု စုံးစမ်းရမည်။ မရှုးမစမ်း မတန်မရာကို ယုံတတ်သောသူများသည် အလိမ်ခံရ၍ ဥစ္စာလည်း များစွာကုန်သေးသည်၊ မိုက်သောသူဟု လှုကဲ့ရဲ့ခြင်းကိုလည်း ခံရသေးသည်။ ဥစ္စာရမွက်ဖြင့် မေးမေးတက်လောဘကြီးသော သူသည် လူလူချင်းကို မဆိုထားဘိ တိရစ္ဆာန်က လိမ်သည်ကိုပင် ယုံကြည်ခံရတတ်ကြောင်းကို ကေနိပါတ် ဟံစိဂ် သိင်္ဂါလဇာတ်၌ ဘုရားဟောတော်မူသည်။ ဤစကားကို အမြွက်မျှ ပြဦးအံ့။**

ရှေးသရောအခါ ဗာရာဏသီပြည်၌ နက္ခတ်သဘင်ပွဲကြီး ဖြစ်သောအခါ လူအပေါင်းတို့သည် များစွာသော သေအရက် အမဲ



သားငါးတို့ကို ရိုးလမ်းဆုံ၌ ထားကြကုန်၏။ ထိုအခါ တစ်ခုသော မြေခွေးသည် မြှုန်ပေါက်မှ မြို့တွင်းသို့ ဝင်၍ ငါးအမဲသေတို့ကို များစွာ သောက်စားလျှင် သေယစ်ပြီးလျှင် တစ်ခုသော ချုံ၌ အိပ်၏။ အရုဏ်တက်သောအခါ မြို့ပြင်သို့ ထွက်ခြင်းငှာ မတတ်နိုင်၍ တစ်ယောက်သော မျက်နှာသစ်ရန် ထွက်လာသော ပုဏ္ဏားကို မြင်သော် ပုဏ္ဏားဟူသော အမျိုးသည် ဥစ္စာ၌ အလွန် မက်မော၏ ထိုပုဏ္ဏားကို ငါ လိမ်အံ့ဟု မြေခွေးက ပုဏ္ဏားဟု ခေါ်၏။

ပုဏ္ဏားလည်း "ငါ့ကို အသူခေါ်သနည်း" ဟု ကြည့်၏။

မြေခွေးလည်း "ပုဏ္ဏား ငါ ခေါ်သည်။ သင်သည် ငါ့ကို သူတစ်ပါး မမြင်အောင် ပုဆိုးဖြင့် လွှယ်၍ မြို့ပြင်သို့ ထုတ်ဆောင်နိုင်လျှင် ငါ သိမ်းဆည်းထားသော အသပြာ ၂၀၀ ကို အသင့်အား ပေးအံ့" ဟု ဆိုသည်ကို ယုံကြည်သဖြင့် အပေါ်ရုံပုဆိုးဖြင့် မြေခွေးကို ထုတ်ကာ လွှယ်၍ မြို့ပြင်သုသာန်သို့ ရောက်သော် မြေခွေးက-

"အသင်ပုဏ္ဏား သင့်အဝတ်ကို ဖြန့်ခင်းလော့။ ဤသစ်ပင်ရင်းတွင် တူးလော့" ဟု ပြော၍ ပုဏ္ဏား မြေတူးစဉ် ဖြန့်ထားသော အဝတ်ပေါ်၌ ကျင်ကြီးကျင်ငယ်တို့ကို စွန့်လျက် မြေခွေး ထွက်ပြေးလေ၏။ ထိုအခါ ဘုရားအလောင်းသည် သုသာန်တောစောင့် ရုက္ခစိုးဖြစ်၍ သစ်ပင်ခွ၌ ရပ်လျက်

သဒ္ဒဟာသိ သိင်္ဂါလဿ၊ သုရာပီတဿ ဗြဟ္မဏ။
သပ္ပိကာနံ့ သတံ နတ္ထိ၊ ကုတော ကံသသတာ ဒုဝေ။

ဟူသော ဂါထာကို ဆို၏။ ဗြဟ္မဏ၊ ပုဏ္ဏား။ သုရာပီတဿ၊ သေသောက်သော။ သိင်္ဂါလဿ၊ မြေခွေး၏။ ဝစနံ၊ စကားကို။ တွံ၊ သင်သည်။ သဒ္ဒဟာသိ၊ ယုံကြည်သလော။ တဿ၊ ထိုမြေခွေးအား။

www.burmeseclassic.com



သိပ္ပံကာန်၊ ယောက်သွားတို့၏။ သမာ၊ တရားသည်လည်း။ နတ္ထိ၊ မရှိ။ အသာ၊ ထိုမြေခွေးအား။ ဒုဓေက်ဲသတော၊ ငွေအသပြာနှစ်ရာတို့သည်ကား။ ကုတောအတ္ထိ၊ အဘယ်မှာရှိအံ့နည်းဟု ဘုရားလောင်းဆိုသော ကာလမှ မြေခွေး လိမ်လည်ကြောင်းကို သိရလေ၍ နလုံးမသာမယာဘဲ ဖဲလေ၏။ ဤကဲ့သို့ လောဘကြီးသောသူသည် လူလိမ်သည်ကို မဆိုထားဘိ၊ ခွေးလိမ်သည်ကိုပင် ခံရဖူးချေသည်။

■

## ဦးလေးလုပ်၍လိမ်နည်း

လွန်ခဲ့သော အနှစ် နှစ်ဆယ်လောက်က ကျိုက်လတ်မြို့ အောက်ပိုင်း၊ အောက်ရွာကလေး ခေါ် လှေစင်တန်း၌ ဥစ္စာပစ္စည်းဖြင့် အတော်အတန် ကြွယ်ဝ ချမ်းသာသော လှေထောင်ကြီး တစ်ဦးသည် ရှိ၏။ ၎င်းလှေထောင်ကြီးသည် မိမိလှေစင်တွင် ပျဉ်းကတိုး၊ သစ်ရာ၊ အင် စသော သစ်ကောင်းများကို အနည်းငယ်မျှသာ တိုက်ခွဲ၍ များသောအားဖြင့် ပင်လယ်သစ်၊ လဘိုင်သားတို့ကိုသာ ပျဉ်စသည်တို့ တိုက်ခွဲပြီးကာ မြို့တွင်း၌ ဥစ္စာရှိသော သူများက အိမ်ငှား၍ စားရန် အချောင် ပျဉ်ထောင်အိမ်တို့ကို တန်ထရိုက် ယူ၍ ဆောက်လုပ်ကာ အမြတ်ငွေတို့ကို စုဆောင်းတတ်၏။

ထိုလှေထောင်ကြီးသည် စာတီ အညာသားဖြစ်၍ အလှူ ဥစ္စာကို ချွေတာတတ်၏။ လှူလားမြောက်ခါစ လှူဖို့အရွယ်ကပင်၊ မိဘ ညီသား

www.burmeseclassic.com



နှမသားချင်းတို့ဖြင့် ခွဲခွာခဲ့၍ အောက်အရပ်မှာ လွှတိုက်သော အလုပ်နှင့်ပင် တစ်စတစ်စ တိုးပွား၍ မိမိပိုင် လွှစင်ကြီးကို တည်ထောင်လျက် ဥစ္စာရွှေငွေ များပြားစွာ စုဆောင်းမိလေ၏။

လွှထောင်ကြီးတွင် သမီးနှစ်ယောက် ရှိ၏။ တစ်ယောက်ကား ၁၇ နှစ်အရွယ်၊ တစ်ယောက်က ၁၅ နှစ်အရွယ် ဖြစ်လေသည်။ ၎င်းသမီးများမှာလည်း လက်ဝတ်လက်စား ရွှေငွေ အတော်အသင့် ဝတ်ဆင်လျက် ထား၏။ လွှထောင်ကြီး၌ ဥစ္စာ ပြည့်စုံ ကြွယ်ဝကြောင်းကို နေသည် မထင်ရှားသော အသွင်ဖြင့် နေ့တိုင်းလိုပင် လွှထောင်ကြီးနှင့် ရင်းနှီးသူတို့ကို စကားစပ်မိအောင် သွယ်ဝိုက်လျက်၊ ဇစ်မြစ် နေရပ်ဇာတိ မိဖ ညီသား နှမသားချင်းတို့၏ အမည်ပါ မေးမြန်းမှတ်သားလျက် ထား၏။ နေ့စဉ်လည်း တော်ရာလျော်ရာက ချောင်းလျက်၊ အကဲခတ်ခါ လွှထောင်ကြီး၏ အပြောအဆို အနေအထိုင်ကို မှတ်၏။ တစ်နေ့သ၌ ညအခါ လွှထောင်ကြီးသည် မယားနှင့် သမီးများကို ပြောပြနေသည်မှာ—

"အညာက ငါ့ညီထံက စာရောက်ရှိနေသည်မှာ နှစ်စောင်ရှိပြီ။ အမေလည်း ကောင်းကောင်း မမာဘူးဟု ပါလာတယ်။ အမေ အနိစ္စမရောက်မီ ရှိသော ယာခင်းလယ်မြေ၊ နွားများ၊ လှည်းများ စသော ပစ္စည်းတို့ကို ညီအစ်ကို မောင်နှမ သုံးယောက် အမွေခွဲရန် အညာကို သွားဦးမှ တော်မည်။ သို့ရာတွင် ယခု မသွားနိုင်သေး။ ပင်လယ် သစ်ခုတ်သမားတွေ လွှတ်လိုက်တာလည်း သစ်ဖောင် ပြန်မလာတာ ဘာဖြစ်နေသလဲ လို့ စိတ်မချဘူး။ နောက်နှစ်ရက်လောက် ရှိလျှင် ပင်လယ်ကို လိုက်ဦးမှ ဖြစ်မှာပဲ" စသည်ဖြင့် ညအခါ မီးခွက်တစ်ခု



အနားမှာ ထိုင်၍ လင်မယား သားအမိ သားအဖတစ်တွေ စကားပြောလျက် နေကြလေ၏။

ထိုအခါ နေသည် မထင်မရှား လွှစင်အောက်က ချောင်း၍ နားထောင်သဖြင့် အလုံးစုံ အကြောင်းအရာ အကြံအစည်တို့ကို ကြားသိရလေ၏။ ထို့နောက် နေသည် အညာသို့သွားသောသူများကို ပုန်းရည်ကြီးအိုး၊ သကာအိုး၊ အညာထန်းလျက်၊ ပေါက်ပေါက်ဆုပ်၊ အညာတမာချဉ်အိုး၊ ထန်းလျက်တံပိုး၊ အညာတင်းတိန်စောင်များကို ဝယ်ယူခဲ့ရန် ငွေပေးမှာလိုက်သဖြင့် မကြာမီ ရောက်ရှိလာလေ၏။

ထိုအခါ လွှထောင်ကြီးသည် အောက်ပင်လယ်သို့ သစ်ဖောင်အတွက် လိုက်သွားရာ ငါးရက်မျှ ကြာရှိသည့်နေ့တွင် အညာ ပင်နီအင်္ကျီနှင့် မဲပုဆိုးကို ဝတ်လျက်၊ ပုန်းရည်ကြီးအိုး၊ သကာအိုး၊ တမာချဉ်အိုး၊ ထန်းလျက်ပုပ် စသည်တို့ကို ထန်းလက်တံပိုးဖြင့် ထမ်းလျက် အညာတင်းတိန်စောင်ကို ခေါက်လျက် တင်ပြီးကာ လွှစင်ထန်းကို လျှောက်လျက်

"လွှထောင်ကြီး ဦးမည်သူဆိုတာ ဘယ်ဟာပါလဲဗျာ" ဟု မေးရာ

လွှစင်တစ်စင်က "ဟောဟိုရှေ့က ကလေးမကလေး နှစ်ယောက် ထိုင်နေတာ မြင်ရဲ့လား။ အဲဒါ ဦးမည်သူရဲ့ သမီးကလေးများပဲ။ အဲဒါ သူတို့ လွှစင်ပဲ" ဟု ညွှန်ပြနေစဉ် လွှထောင်ကြီးကတော်ကလည်း ထိုသူကို ကြည့်မျှော်လျက်ပင်နေတုန်း၊ ထိုသူသည် မိမိတို့ လွှစင်သို့ ဝင်လာပြီးလျှင်—

"အစ်မ ကိုရင် ဘယ်သွားသလဲ" ဟု မေးရာ လွှထောင်ကတော်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



"အို ကျွန်မယောက်ျားကို မေးသလား။ ရှင်က ဘယ်ကလဲ၊ ကျွန်မယောက်ျားနှင့် ဘယ့်နှယ်တော်ပါသလဲ" ဟု မေးရာ

**အညာသား** "လှထောင်ဦးမြည်သူဟာ ကျွန်တော်ရဲ့ အစ်ကိုအရင်းပါ။ သူ အောက်မြို့ကျေးရွာကို ဆင်းသွားကတည်းက တစ်ခေါက်လား အညာကို ရောက်လာပါတယ်။ အမေ မမာတုန်းက ကျွန်တော် စာပေးတာ စာနှစ်စောင်ပဲ။ တစ်စောင်မှ မရောက်ဘူးလား အစ်မရဲ့"

**လှထောင်ကတော်** "ဪ ရောက်ပါတယ်။ သူ ပင်လယ် မဆင်းမီ နှစ်ရက်လောက်တုန်းကပေ ... ဒီအကြောင်း ပြောသေးတယ်။ နို့ ယခု အမေ တော်တော်သက် ... ပလား"

**အညာသား** "ဟုတ်ကဲ့ တော်တော်တော့ သက်သာပါပြီ။ နို့ပေမဲ့ တယ်ပြီး မာမာသန်သန် လမ်းမလျှောက်နိုင်သေးဘူး။ ထမင်းကလေးမှ နည်းနည်း ဝင်သေးတယ်။ ဒါနဲ့ ကျွန်တော့်ကို အမေက ခေါ်ပြီး "နင့်အစ်ကိုကို စာပေးတာ နှစ်စောင်ရှိပြီ။ စာလည်း မပြန်၊ လူလည်း မလာ၊ ဘယ်လိုများ ဖြစ်နေပါလိမ့်မတုံး။ မမာမကျန်းများ ဖြစ်နေရှာသလား"၊ တစ်ဆိတ်သုတ်သုတ် သွားစမ်းပါဦး သားရယ်လို့ နှိုင်းလို့ လာရပါတယ်။ ဒီရောက်လာပြန်တော့လည်း ကိုရင့်ကို မတွေ့ရ။ ကျွန်တော်တော့ အားကိုငယ်သွားတာပဲ" ဟု ဝမ်းနည်းသံနှင့် ပြောသောအခါ လှထောင်ကတော် မရီးက "အို အားငယ်မနေပါနှင့်။ သူ လှဲသွားတာ ငါးရက်တောင် ရှိပြီ။ နောက် ကြာလှရင် လေးငါးရက်ပြင်က တိုးမကြာပါဘူး။ သည်မှာပဲ တူမတွေနှင့် ပျော်ပျော်နေတာပေါ့"



**အညာသား** "ဟောဒီမှာ အစ်ကိုကို အမေက ပေးလိုက်တဲ့ ပုန်းရည်ကြီးအိုးနဲ့ သကာအိုး ယောတာကာ ကျွန်တော်က ကိုရင်ကြိုက်တတ်လို့ ဝယ်လာတယ်။ တမာချဉ်ဖျော်။ ဟောဒါက ထန်းလျက်ဖြူဆုပ်နှင့် လုပ်တဲ့ အညာပေါက်ပေါက်ဆုပ်၊ ဟောဒါက ထန်းလျက်ပုပ်၊ ကဖျာကာသီနဲ့ လာရလို့ ဘာမှ စုံအောင် မဝယ်နိုင်ဘူး။ တူမကလေးတွေ သည်လို အရွယ်ရောက်နေမှန်း သိရင် ဟိုမှာ ယောထဘီမှုင့်ထိုးကလေးတွေ ကျွန်တော် ဝယ်အလာသား။ ခုတော့ ဘာမျှ မပါဘဲ၊ ရမ်းသန်း လာရတာကလား အစ်မရဲ့။

**မရီး** "အို ... ဒါတွေ ဘာလုပ်ဖို့လဲ။ လူကို ကျန်းကျန်းမာမာ တွေ့ရတာပဲ ဝမ်းမြောက်လှပါပြီ။ ကဲ ကဲ ဟဲ့ လုံမကလေးတွေ နင့်ဦးလေး မောလာပါတယ်။ အဲဟို အိမ်ဦးခန်းမှာ သင်ဖြူးဖျာကလေး ခင်းပြီး ခေါင်းအုံးနှစ်လုံး ထုတ်ပေးလိုက်ပါ။ လက်ဖက်ရည်များ တည်ကြပါဟဲ့။ ကွမ်းအစ်များ၊ ဆေးလိပ်များ ထုတ်ထားဟဲ့" ဆိုပြီးလျှင် ဈေးဝယ်သွားရန် ဈေးခြင်းတောင်းကလေးကို သုတ်၍ နေလေ၏။

ထိုအခါ အညာသားက ကလေးမလေး အငယ်ကို အနားသို့ ခေါ်၍ "ရော့ နင့်အမေကို သွားပေးလိုက်" ဟု အတွင်းအိတ်က ငွေစက္ကူ တစ်ဆယ်တန်ကို ထုတ်ပေး၏။

ကလေးအငယ်မက "အို ... ဦးလေးကလည်း ဘာဝယ်မလို့လဲ" ဟု မေးရာ

"အို ... နင့်အမေ ဈေးသွားမလို့ ဟင်းလျာ ကျွေးဖို့ ဝယ်ရအောင် ဦးလေးက ပေးတာ" ဟု ပြောသော ... ခါ

www.burmeseclassic.com

www.burmeseclassic.com



မရီးက "အိုမတော်မတဲ့ အညာက မတ်ကလေးအရင်း တစ်ခါမှ မလာစဘူး လာတာကို ညည်းသည်က ဆန်တစ်ခွက်ကြုံး မလုပ်ပါနဲ့။ အစ်မတို့မှာ ဆင်းဆင်းရဲရဲ မဟုတ်ပါဘူး" ဟု ပြောပြီးလျှင် ဈေးသို့ သွားလေ၏။

ထိုအခါ အညာသားက တူမကလေး နှစ်ယောက်ကို အနားသို့ ခေါ်၍ "သြော်... ငါ့တူမတွေ မြင်တော့ ဦးလေးသမီးသာ ပြန်ခေါ်ချင်တာပဲ"

အကြီးမ "ဦးလေးမှာ သမီး ဘယ်နှယောက် ရှိသလဲ"

ဦးလေး "သမီးက နှစ်ယောက် ၁ ားတစ်ယောက်၊ သားက ၁၈ နှစ် ရှိပြီ။ အင်္ဂလိပ်ကျောင်းမှာ ထားတယ်။ အင်္ဂလိပ်လို ကိုးတန်းအောင်ပြီ။ သမီးနှစ်ယောက်ဖြင့် တစ်ယောက်က ၁၆ နှစ်၊ တစ်ယောက်က ၁၄ နှစ်၊ အို... မင်းတို့နှစ်ယောက်နဲ့ မျက်နှာပုံချင်း ချွတ်စွပ်ထားသလို သိပ်တူတာပဲ"

အငယ် "အနို့ ဆွေမျိုးတော်တာကိုး ဦးလေးရဲ့ တူတာပေါ့"

ဦးလေး "နောက်တစ်ခေါက် ဦးလေး လာဦးမယ်။ နောက်တစ်ခေါက်လာတော့ နင့်မောင်ရယ်၊ နင့်အစ်မတွေ၊ ညီမတွေရော၊ အဒေါ်ရော အားလုံး ခေါ်လာခဲ့မယ်။ ငါ့တူမတွေ ကျွေးနိုင်ပါ့မလား"

အကြီးမ "အမယ် ဦးလေးကလည်း ကျွန်မတို့ ဖေဖေမှာ ပစ္စည်း အများကြီးရှိပါတယ်။ ဦးလေး တစ်အိမ်ထောင် မပြောနှင့်တော့ ဆွေမျိုးတွေ အားလုံးလာတောင် ကျွေးနိုင်သေးတယ်"



ဦးလေး "ဦးလေးက မင်းတို့ ချမ်းသာနေတယ်ဆိုတာ ကြားချင်ပါတယ်ကွယ်" စသည်ဖြင့် တူမလေးများ၊ မရီးများနှင့် ချစ်အောင်ခင်အောင် ပြောဆိုလျက် လိမ်ဖို့ အချက်ကိုသာ ရွေးချယ်လျက် နေလေ၏။

ထိုကဲ့သို့ နေစဉ် တူမလေးများနှင့် မရီးကို၊ ချစ်ခင်မှုယ်တို့ဖြင့် မြှောက်ကာပင့်ကာ၊ ပြောဆို၍ သုံးရက်ကြာ ရှိသောအခါ နေ့လည် ၁၁ နာရီ အချိန်လောက်တွင် ၎င်းလွှထောင်ကြီးထံသို့ ခဏခဏ လာရောက်သော စိန်ကုန်သည်ကြီးသည် စိန်လက်စွပ်၊ စိန်လက်ကောက်၊ စိန်ဆွဲကြိုးသီး စသော အထည်တို့ကို ဥစ္စာရှိသော အိမ်တကာ၌ လှည့်လည် ပြသမြဲအတိုင်း လာရောက်၍

စိန်ကုန်သည် "ဘယ့်နှယ် ဇရပ်အစ်မ၊ ဇရပ်ဒကာကြီး ဘယ်သွားသတုန်း"

ဇရပ်အစ်မ "အို ပင်လယ်ကို သစ်ဖောင် ရောက်ခဲလို့ လိုက်သွားပါတယ်ရှင်။ ဘာအထည်တွေများ ပါလာပါလိမ့်ရှင်"

စိန်ကုန်သည် "လွှထောင်ကြီးက မှာထားလို့။ ကလေး ကလေးများနဲ့ တော်တဲ့ ဟောဒါက စိန်တစ်လုံး နားကပ်။ ဟောဒါက ရှစ်လုံးရံနားကပ်ဗျ။ ဟောသည့် မြထုတ်ကွပ် စိန်ခြယ်ထားတဲ့ လက်ကောက်ကလေးများ ယဉ်ရန် ကလေးမ အကြီးကလေးဖို့ ဝယ်ဆင်စမ်းပါ ဇရပ်အစ်မရဲ့"

လွှထောင်ကတော် "ကျွန်မကတော့ သမီးကလေးများဖို့ ဝယ်ဆင်ချင်ပါတယ်။ သို့သော်ပေမဲ့ သူ့အဖေ ပြန်လာတော့မှပဲ တစ်ခေါက် ကြွလာလျှင် တောင်းမယ်လို့ ထင်ပါတယ်" ဟု ပြောဆိုနေကြ

www.burmeseclassic.com



ခိုက်တွင် အညာသား ဦးလေးဆိုသူက ရှစ်လုံးရဲ့ စိန်နားကပ် တစ်ရံကို ကြည့်လျက်

"အင်း… သည်နားကပ်ကလေးဟာ မရိုးရဲ့ ကျွန်တော့်သမီးနှင့် တယ်တော်တယ်။ အဲဒါ အဖိုးစားနား သိစမ်းပါရစေ ခင်ဗျား"

**စိန်ကုန်သည်** "အဖိုးကတော့ သူ့အမျိုး သူ့အချိန်အတွယ်နှင့် ဖြစ်တော့၊ ကျွန်တော်တို့က ပိုယည်း မပြောဝံ့ဘူး။ မိတ်ဆွေ လိုလျှင် ၃၅၀၀ လောက် ကျပါတယ်"

**အညာသား** ကျွန်တော်တော့ ဝယ်ရတော့မှာ၊ မနေနိုင်ဘူးခင်ဗျ။ သို့ရာ တွင် ကျွန်တော်တို့ အညာသားများမို့ ဘာမျှ နားမလည်ဘူး သည်လို စိန်ထည်ကျောက်ထည်ဆိုတာ အဘိုးကလည်း တရှင် တန်းကြီးဖြစ်တော့ စိတ်လည်း မရှိပါနှင့်ခင်ဗျာ၊ ရောင်းတဲ့လူ ဆိုတာ မိမိတုန်ကို မကောင်းစေကာမူ မကောင်းဟု ပြောရိုးထုံး မရှိပါ။ ကျွန်တော်တို့မှာ သည်စိန်နားကပ် တစ်ရန်မှိုးလော က သုံးနှစ်လောက် ရှာဆောင်းရပါတယ်။ သို့သော် အဖိုးမဆုံ နိုင်တဲ့ဟာမျိုးမို့လို့၊ သမီးကလေးများ၏ ကျက်သရေအတွ စွန့်ပြီး ဝယ်ရမှာပါ။ သည်တော့ ကျွန်တော်လည်း စိတ်ကျေ ဆောင်၊ မိတ်ဆွေကြီးလည်း ရောင်းရအောင် သည်စိန်နားကပ် ကျွန်တော်တို့မိတ်ဆွေ စိန်ကျောက်အရာမှာ၊ လွှန်စွာ နားလည် လှသော ပန်းထိမ်ဆရာကြီး တစ်ဦး သည်မြို့ထဲမှာ ရှိပါတယ် အဲဒီ ပန်းထိမ်ဆရာကြီးထံ ကျွန်တော် ခေတ္တ သွားပြီး ပြလို တယ် ခင်ဗျာ"



**စိန်ကုန်သည်** "ပြရပါတယ်၊ ပြရပါတယ်။ မိတ်ဆွေကတော့ ဘယ်မှာ နေပါသလဲ။ သည်က လှထောင်ကြီးနှင့် ဘယ်လိုများ တော်ပါသလဲ"

လှထောင်ကတော်က ဖြတ်၍ "အို… ဒါဟာ ကျွန်မမတ် ကျွန်မ ယောက်ျားရဲ့ ညီအရင်းပါ။ သူ့အစ်ကိုဆီ လာလည်ပါတယ်။ သူတို့ လည်း ဥစ္စာ အခြေအနေ ပေါပါတယ်။ ကျွန်မယောက်ျားတောင် သူတို့ဆီမှာ သွားပြီး အမွေခွဲရဦးမယ်ရှင့်" ဟု၍ ပြောသောအခါ စိန် ကုန်သည်ကြီးကလည်း ရောင်းလိုသော စိတ်ကိုသာ စွဲလမ်းလျက် လှထောင်ကြီးရဲ့ ညီအရင်းလည်း ဖြစ်သည်။ ချမ်းသာကြွယ်ဝသော လူကုံထံလည်း ဆိုသည်။ အညာသားတို့ ထုံးစံအတိုင်းမို့သာ အဝတ် အစားမှာ မပြောင်မလက် ဖြစ်သည်။ ထိုပုဂ္ဂိုလ်အတွက် မယုံကြည်စရာ မရှိပေဟု စိတ်က အောက်မေ့ကာ

"ကိုင်း မိတ်ဆွေ အလိုရှိ၍ ဝယ်မည်မှန်လျှင် ပြလိုသောသူကို သွား၍ပြပါတော့။ သို့ရာတွင် မြန်မြန် ပြန်ကြွခဲ့ပါ။ ကျွန်တော်များ သည်က စောင့်နေပါမည်" ဟု ပြောလေ၏။

သူငယ်မအကြီးကလေးကလည်း "ပြပါစေရှင်၊ ကျွန်မတို့ဦးလေး မှာ သမီးနှစ်ယောက် ရှိပါတယ်။ ယခု ငွေအပါနည်းလို့ တစ်ရန်တည်း ဝယ်ဖို့ ပြောနေတာပါ။ သည်တစ်ရန်တည်းနှင့် ဟိုကျ ညီအစ်မ နှစ်ယောက် ရန်ဖြစ်နေမှာပါ။ ဘယ်နည်းနဲ့မဆို နောက်တစ်ရန်တော့ ထပ်ဝယ်ရဦးမှာပဲ" ဟု ပြောဆိုခါနေခိုက် အညာသားဦးလေးက စိန် နားကပ်ကို ယူ၍ ချပ်သုတ်သုတ် ဆင်းသွားလေ၏။

စိန်ကုန်သည်မှာလည်း လာခဲလာခဲနှင့် မျှော်ရာ နေ့ခင်း ၁၂ နာရီခွဲ သွားသည်။ ညနေစောင်းမှ ပြန်မလာသဖြင့် "ဘယ်နှယ်လဲ ရေပ်အစ်မ၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားမတ်က ရိုးရိုးမှ ဟုတ်ကဲ့လား။ သည်လို အဖိုးတန်ကြီး ယူသွားပြီး သည့်လောက်ကြာအောင် နေခြင်းဟာ ကျွန်တော့်မှာ များစွာ ခရီးပင်ပန်း အချိန်ကုန် ဖြစ်ကုန်ပါပြီ။ တစ်ဆိတ် လိုက်ခေါ်ပေးပါဦး" ဟု ပြောသော အခါ ဇရပ်အစ်မ လွှတောင်ကတော်မှာ မျက်စိမျက်နှာများ ပျက်လျက် မိမိလွှစင်မှာ လွှတိုက်နေသော လွှသမားများကို ခေါ်၍ "တစ်နေ့က လာတဲ့ လွှထောင်ညီဆိုကို တစ်ဆိတ်လိုက်ပေးကြပါ" ဟု ခိုင်းရာ လွှသမား လေးငါးယောက် လမ်းခွဲလျက် တစ်မြို့လုံး မွှေနှောက် ရှာပါသော်လည်း မတွေ့သဖြင့် ပြန်လာကြပြီးလျှင်၊ "တိုင်း လွှထောင် တတော်ရေ ကျွန်တော်တို့တော့ မြို့အဆုံးအဖျား နှံ့ပြီ။ ပန်းထိမ်အိမ် တကာမှာလည်း အကုန်လုံး မေးကြည့်တာ ဘယ်ပန်းထိမ်မှ မလာဘူး ပြောတယ်။ အဲတာ ခင်ဗျားမတ်ဟာ စိန်နားကပ်ကို ယူပြီး အညာ ထွက်ပြေးပြီ ထင်တာပဲ" ဟု ပြောရာ

လွှထောင်ကတော်နှင့် သမီးနှစ်ယောက်မှာလည်း များစွာ ပူပင်လျ သဖြင့် စိန်ကုန်သည်ကြီးကို "အစ်ကိုရယ် ကျွန်မယောက်ျား နက်ဖြန် သန်ဘက် ပြန်ရောက်ပါလိမ့်မယ်။ တစ်ဆိတ်ကလေး သည်းခံပြီး ဆိုင်းလိုက်ပါဦးရှင်" ဟု ရှိခိုး၍ တောင်းပန်ကြရာလေ၏။ စိန်ကုန်သည် ကြီးလည်း "ဇရပ်အစ်မတို့ကို ယုံလို့ ကျွန်တော် ပေးလိုက်တာ ဒီမှစည်း ကို အဆုံးတော့ မခံနိုင်ဘူး။ ဆိုင်ရာဌာနကို တိုင်ကြား တရားစွဲရပါလိမ့် မည်" ဟု ပြောဆိုလျက် ပြန်သွားလေ၏။

လွှထောင်ကတော် သားအမိသုံးယောက်မှာလည်း ခေါင်းချင်း ဆိုင်ကာ ငိုယိုလျက်သာ နေကြလေ၏။ အညာသား ဦးလေးခေ မောင်နေမှာလည်း စိန်နားကပ် တစ်ရံကို အခြားမြို့သို့ သွားရောင်း



ရောင်းချလျက် ဝတ်ကာစားကာ အခြား၌ လိမ်ဖို့ ကိရိယာတို့ကို ဝယ်ခြမ်းလျက် ပုန်းလျှိုးနေလေ၏။

## လွှထောင်ကြီး ပြန်ရောက်ခန်း

လွှထောင်ကြီးလည်း ပင်လယ်မှ ပြန်ရောက်လာရာ သမီးများ၊ မယား များက ငိုယို၍ အကြောင်းကြောင်း အရာရာကို ပြောပြကြရာ တွေဝေ ငေးစားလျက် နေပြီးမှ "လူပုံကို နင်တို့ မှတ်မိရဲ့လား" ဟု မေး၏။

ထိုအခါ မယားသားသမီးတို့က "ဒီအိမ်မှာပဲ သုံးရက်လောက် အဘုတ္ နေသွားတာ မမှတ်မိဘဲ နေပါ့မလား။ ကျွန်မတော့ ရှင့်ညီပဲ ထင်တာပဲ။ ရှင့်ညီမဟုတ်ရင် ရှင့်ဆိုကို ဟန်နှစ်ဆောင်ပေးတာတွေ၊ အမေ မေးတာတွေ သူ ဘာပြုလို့ ပြောနိုင်သလဲ"

လွှထောင် "ဒါဖြင့် ကောင်းပြီ။ ငါညီဆိုကို သင်္ကြိုးရိုက်ပြီး ခေါ်ကြည့်မယ်။ ဟိုမှာ မရှိဘူးလို့ ဖြစ်စေ၊ မလာဘူးဖြစ်စေ၊ သင်္ကြိုး ပြန်လျှင် ငါကိုယ်တိုင် သွားမယ်" ဟု ပြောပြီးလျှင် သင်္ကြိုးရုံးကို သွား၍၊ အမြန် သင်္ကြိုးရိုက်၍ ညီကို ခေါ်ရလေ၏။

စိန်ကုန်သည်ကြီးလည်း လွှထောင်ရောက်ပြီ ကြား၍ "ဘယ့်နှယ် သဲ မိတ်ဆွေ မိတ်ဆွေဇနီး ဇရပ်အစ်မကြီး အာမခံချက်အတွက် ယုံကြည်၍ စိန်နားကပ်ကို ပေးလိုက်မိတာ ကျုပ်မှာ ကိုယ်ကျိုးနည်း တော့မလို ဖြစ်နေပြီ။ ကျုပ်တော့ အဆုံးမခံနိုင်ဘူး"

လွှထောင် "မိတ်ဆွေ ပစ္စည်းဖိုးကို မဆုံးရပါဘူး။ နောက်ဆုံး ကျွန်တော့်မိန်းမ အာမခံခြင်းအတွက်၊ ကျွန်တော်က စိုက်ထုတ်ပေးရမှာ ပဲ သို့ရာတွင် ကျွန်တော့်ညီထံ အညာကို သင်္ကြိုးရိုက်ထားပါသေး

www.burmeseclassic.com



တယ်။ ဆေတ္တာ ဆိုင်းလက်စနှင့် ဆိုင်းလိုက်ပါဦး”ဟု ပြောဆို တောင်းပန်ရလေ၏။

## ညီရောက်လာခြင်း

နောက်ငါးရက်လောက် ရှိသောအခါ အညာက ညီရောက်လာ၍ “ကိုင်း… ဟောဒါ ငါ့ညီအရင်း ဒီလူ ဟုတ်ကဲ့လား”ဟု မေးရာ မယားနှင့် သမီးတို့မှာ အံ့အားကြီးသင့်လျက်။

“အို… ဒီလူ မဟုတ်ပါဘူး။ ဘယ်လို ဖြစ်ကုန်ကြတာပါလိမ့်မလဲ”ဟု ကြည့်၍ နေကြကုန်၏။

ထိုအခါ ရောက်လာသော ညီအစ်က “အစ်ကိုကြီးဆီ တနှစ်စောင်ဟော့ ပေးတာမှန်တယ်။ ဘယ်က သကာအိုး ပုန်းရည်ကြီးအိုးတွေနှင့်လည်း မလာဖူးဘူး။ ကျွန်တော့်မှာလည်း သမီးနှစ်ယောက်မရှိဘူး။ ခင်ဗျားတို့ကို ဖဲကြောင်မရိုက် လူကြောင်ဝင်ရိုက်သွားပြီ။ ခင်ဗျားတို့ ပြောတဲ့စကားကို ရိပ်ဖမ်းသံဖမ်း တစ်စွန်းတစ်စက ကြား၍ ကျွန်တော်ယောင် ဆောင်ပြီး လာလိမ်သွားတာ အမှန်ပဲ”ဟု အားလုံးရှင်းလင်းသိရတော့မှ

လွှတောင်ကြီးမှာ ဂါတ်တဲတွင် တိုင်တန်းရာ၊ ၎င်းအမှုကို စစ်ဆေးရန် အိမ်တွင်ကျန်သော မယားနှင့်သမီးတို့ကို ခေါ်၍ ထိုသူ လာပုံပြောပုံ အစကို မေးမြန်းပြီးလျှင် “၎င်းလူ၏နာမည်ကိုကော ဘယ်လိုခေါ်သလဲ” မေးရာ သူငယ်မကလေးက “အမည်တော့ မသိဘူး ဦးလေးလို့ ခေါ်တာပဲ”ဟု ပြောသဖြင့် ၎င်းအမည်မသိ ဦးလေးကို မည်သူမည်ဝါ ဖြစ်သည်ဟု စုံစမ်းသော်လည်း အစအန မပေါ်သဖြင့် ဂါတ်တိုင်



ရခြင်းသည် အချည်းအနှီးသာ ဖြစ်ရလေ၏။ လွှတောင်ကြီးမှာလည်း စိန်နားကပ်ဖိုး ၃၅၀၀ ကို စိုက်၍ လျော်ပေးလိုက်ရ၏။

## ဥပဒေသ

တိုပုံဝတ္ထုကို ချင့်ထောက်ခြင်းအားဖြင့် မိန်းမများသည် မိမိ လင်သား မရှိနိုက် မမြင်ဖူးသော လင်ဘက်က ဆွေမျိုးဟု လာလျှင် ထိုသူကို အထိုက်အလိုက်သာ ဧည့်ခံ ကျွေးမွေးလျက် ပြင်ခန်းတွင်သာ ထားရာ၏။ အတွင်းသွင်း၍ မယုံကြည်ရာ။ မိမိလင်သား ပြန်လာ၍ အကျိုးအကြောင်းကို သိသောအခါ စစ်မြစ်ကို သိသောအခါမှသာ အရောတဝင် နေရာ၏။ ထို့ကြောင့် (ဝိဿာသော ပရမံ ဉာတိ)ဟူ၍ ဓမ္မပဒ ပါဠိတော်တွင် ဟောတော်မူသော ဒေသနာ ရှိပေသည်။ ဝိဿာသော၊ ယုံကြည်ခြင်းဖော်၊ နေလျော်တူပင် အကျွမ်းဝင်သော၊ ဉာတိ၊ အဆွေခင်ပွန်းသည်၊ ပရမံ၊ မြတ်၏ဟု မိန့်ဆိုသည်မှာ မှန်လှပါပေသည်။

■

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ရာဂကျော့ကွင်းဖြင့်လိမ်လည်ခြင်း

အခါတစ်ပါး ဘိုးတုတ်မြစ်တန်း သမက်ပြေချောင်းရှိ ရွာတစ်ရွာတွင် လယ်ဧက ၅၀၀ လောက်ကို သီးစားချထားကာ ဥစ္စာပစ္စည်း အိမ်ကြီး ရခိုင်ဖြင့် အတော်ကြွယ်ဝ ချမ်းသာသော အဘိုးကြီးတစ်ယောက် ရှိသတတ်။ ၎င်းအဘိုးကြီးသည် အသက် ၅၀ လောက်က မယား အနိစ္စ ရောက်ရာ သားနှစ်ယောက်အိမ်ထောင်သည် အမွေခွဲပြီးသားတို့ ရှိကြ၏။ ထိုသားနှစ်ယောက်တို့လည်း ၎င်းရွာနှင့် မနီးမဝေး မိမိတို့ အမွေရသော လယ်တွင် အိမ်ကောင်းစွာ ဆောက်လုပ်လျက် နေထိုင်ကြလေ၏။

အဘိုးကြီးမှာမူကား မိမိအိမ်တွင် မိမိတစ်ယောက်တည်း ထမင်းဟင်း ချက်ပြုတ်ကျွေးသော အညာသားကြီး တစ်ယောက်နှင့်ပင် နေ၏။ ၎င်းအဘိုးကြီး၏ အကျင့်စာရိတ္တမှာ သက်ရွယ်တူမျှသော မုဆိုးမကြီးတို့



နှင့် အရုပ်က စင်ကပ်၍ ပေးသော်လည်း မယူလို၊ ၁၆ နှစ် ၁၇ နှစ်သမီး၊ ဆံတော်ဖြတ်ကလေးများ၊ အရွယ်အကြီးဆုံး ၂၀-၂၅ နှစ် အရွယ်ကိုသာ အလိုရှိ၏။ ထိုသို့ ငယ်ငယ်ကလေးများကို ငွေကြေး အကုန်အကျခံ၍ ယူပြီးလျှင်၊ အိမ်မှာထား အလွန်ဆုံး တစ်လမျှ မကြာမီ ရသမျှ ရွှေငွေကို ခိုး၍ ထွက်ပြေးသွားသည်ကို ခံရတာလည်း မကြာမကြာပင် ကြားရသည်။ သို့ရာတွင် ဘယ်လိုပင် ခံရစေ၊ ၎င်းဝါသနာကို မဖြတ်နောက်ထပ်၍ အကောင်း တွေ့နိုးနိုးနှင့်ပင် ဆံထောက်မိုး(မြဲ)နကြိုက် နိသျှကျမ်းကိုသာလျှင် ကြီးပမ်း ပြုစုလျက် နေလေသတည်း။

၎င်းအကြောင်းကို အလိမ်စုံထောက် မောင်နေ့စက မေးမြန်းစုံစမ်းထောက်လှမ်း သိရှိရပြီးနောက် ဘိန်းစားပုလိပ်နှစ်ယောက်ကို ဘိန်းကဖော် တိုက်ကျွေးလျက်၊ တစ်လနှစ်လမျှ အကျွမ်းတဝင် ပေါင်းသင်းလျက် ချစ်ခင်နေကြလေ၏။ ၎င်းနေ့စသည် လူတစ်မျက်သားကို လိမ်မည်ကြံလျှင် မလိမ်မီ တစ်လ၊ နှစ်လကပင် ကိန်းကြီးခန်းကြီးကို ဆင်ကာ စေ့စေ့စပ်စပ် ပြုလုပ်လျက် ထားတတ်သော အလေ့သည် ၎င်း၏ သဘော ဓမ္မတာပင်တည်း။

အခါတစ်ပါး အသက် ၁၈ နှစ်ခန့် ရုပ်ရည် သနားကမား အသားဖြူဖြူ အမူအယာဟန်ပန် မျက်နှာထားမှာ ယောက်ျားတစ်ပါးတို့ စိတ်ကို ငင်ချိန်တွေဝေစေနိုင်သော နှုတ်အမူအရာ၊ ကိုယ်အမူအရာဖြင့် တင့်တယ်စွာသော သူငယ်မကလေး တစ်ယောက်သည်၊ သမ္ဗန်တစ်စင်းနှင့် သမက်ပြေချောင်းကို ဝင်လာပြီးလျှင်၊ ၎င်းရွာတွင် အဘိုးကြီး၏ အိမ်ဆိပ် တံတားတွင် ဆိုက်လျက်၊ သမ္ဗန်ပေါ်မှ ကုန်းသို့ တက်သွားပြီးတာ ၎င်းအဘိုးကြီး အိမ်ဖိနပ်ချွတ်မှာ ရပ်လျက်၊ ညိုးငယ်သော မျက်နှာနှင့် "ဦးမင်းရှင့် သည်ရွာမှာ ဗိုလ်ကတော်ကျ မယေပြုဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ရှိပါသလား ရှင့်” ဟု မေးလိုက်ရာ၊ အဘိုးကြီးမှာ ကုလားထိုင်ပေါ်က သူငယ်မကို မြင်ကတည်းက ငေးပြီးလျှင် အနားသို့ ထွက်လာပြီးကာ–

“ဘာကို မေးသလဲ တူမရယ်။ သည်ရွာမှာ မမေဖြူဆိုတာလည်း မရှိပါကလား။ ဒီရွာအိမ်ခြေ ဆယ်အိမ်လောက်မှာ ဦး မသိတာ တစ်အိမ်မှ မရှိပါ။ ယခု တူမ မေးတဲ့ မမေဖြူဟာ မရှိဘူးကွဲ့။ မင်းနဲ့ ဘယ်နှယ် တော်သလဲ”

သူငယ်မ “ကျွန်မ အဒေါ် တော်ပါတယ်ရှင့်။ သူ ဒီရွာမှာ ရှိတယ် ဆိုလို့ ကျွန်မ ပြေးလာပါတယ်။ ယခု ရောက်တော့ တွေ့လည်း မတွေ့ရ။ မိုးချုပ်ရင်လည်း ဒီသမ္ဗန်ကုလားနှင့် တစ်ယောက်တည်း မသွားဝံ့ဘူးရှင့်။ ယခုလာတာ နေ့ခင်းကြီးတောင် ကျွန်မ စွန့်ပြီး လာခဲ့ရတာပါ။ ယခုတော့ တဲစရာ ခိုစရာ အသိအိမ်လည်း မရှိ။ အဒေါ်လည်း မတွေ့ရ ကျွန်မတော့ ကိုယ်ကျိုးနည်းပါပြီရှင့်” ဟု ဆိုကာ ငိုလျက်နေလေ၏။

အဘိုးကြီး “အို မငိုပါနဲ့ တူမရယ်။ မင်းအဒေါ် ဦး စုံစမ်းပေးပါမယ်။ ညကိုလည်း တစ်ယောက်တည်း သမ္ဗန်နှင့် သွားလို့ တော်ပါ့ရိုးလား။ ဟော ကျုပ်အိမ်မှာ နေချင်သလို နေပါဗျ။ အိပ်ရာ နေရာနှင့် တကွ အသင့်ရှိပါတယ်။ နို့ ဒါထက် နေပါဦး မင်းက ဘယ်ရွာမှာ နေသလဲ။ ယခု ဘာဖြစ်လို့ တစ်ယောက်တည်း စွန့်ပြီး ပြေးလာသလဲ။ ဦးကို တစ်ဆိတ် ပြောစမ်းပါ။ ကိုင်းလေ ထိုင်ပါဦး” ဟု သင်ဖြူးတစ်ချပ် ကို ခင်းပေးလေ၏။

ထိုအခါ သူငယ်မက “ဒီလိုပါရှင်၊ ကျွန်မအဖြစ်ကို အကုန် ပြောပြပါတော့မယ်။ ရှက်လည်း ရှက်ပါရဲ့။ ကျွန်မ နေတာက ဒေးဒရဲ မြို့ကပါ။ ကျွန်မ နာမည် မတင်သွန်းပါတဲ့။ ကျွန်မ အသက်ဟာ



ယခုမှ ၁၈ နှစ်ထဲ ဝင်ကာ ရှိပါသေးတယ်။ ကျွန်မမှာ အမေ မရှိဘူးရှင့်။ အဖေနှင့် နေရပါတယ်။ ကျွန်မအမေဟာ ကျွန်မ ၁၀ နှစ်သမီးက အနိစ္စ ရောက်ပါတယ်”

“ကျွန်မအမေ ဆုံးပြီးနောက်၊ ကျွန်မအဖေက နောက်မိန်းမယူပါ တယ်။ အဲသည်မိထွေးကလည်း အင်မတန် ဆိုးသရှင့်။ ကျွန်မအဖေ ကလည်း မွေးကျေးရေးကို ကန်တော့ပါရဲ့ရှင်။ အကျင့် မကောင်းဘူး။ အရက်သောက်လိုက် ဖဲကစားလိုက် အလုပ်ကလည်း ဘာမှ မရှိတော့ ကျွန်မအမေ လက်ထက်က ကျန်ရစ်ခဲ့တဲ့ ပျဉ်ထောင်အိမ် နှစ်လုံးဟာ လည်း တစ်လုံးကို ရောင်းစား။ ခုနေတဲ့ အိမ်ဟာလည်း ချစ်တီး အဘိုးကြီးဆီမှာ ပေါင်ထားတယ်ရှင့်။ အဲဒါကို အတိုးကလည်း မပေး နိုင်။ လအတွေနှစ်တွေက များတော့ ချစ်တီးက တရားစွဲမယ်လို့ နို့တစ် ပေးသရှင့်။ သည်တော့ ကျွန်မအဖေနှင့်မိထွေးက ချစ်တီးကို အိမ်ခေါ် ပြီး ကျွန်မကို လက်ညှိုးထိုးပြကာ ဟောဒါ ငါ့သမီးကွဲ့။ မင်းလိုချင် ပေးစားမယ်။ မင်း ဘယ်လောက် တင်မလဲ မေးတော့ ချစ်တီးကြီးက ကျွန်မကို သေသေချာချာ ကြည့်ပြီး…

“ခင်ဗျားသမီးကို၊ ရှရင် အဲဒီအိမ် ပေါင်ထားတဲ့ ငွေ ၅၀၀၀ တချုပ်ကို ယူဆုတ်ပစ်လိုက်မယ်။ နောက်ထပ်ငွေ ၁၀၀၀၀ လည်း ခန်းဝင်ပစ္စည်းအဖြစ် တင်ဦးမယ်။ အမိအဖကိုလည်း ရင်းနှီးဖို့ ငွေ ၅၀၀၀ ပေးဦးမယ်လို့ ချစ်တီးက ပြောတော့၊ တကာတည်း ကျွန်မကို ဒီချစ်တီး ယူရမယ်လို့” ချော့မော့ ပြောရှာရှင့်။ ချစ်တီးကလည်း အသက်ကြီးလို့ ဆံပင် မုတ်ဆိတ်တွေဖြူတဲ့ အပေါ်မှာ၊ အသွားလည်း မဲလိုက်တာ ပြာလို့ နှာခေါင်းကြီးကလည်း အထက်လန်လို့ ဗိုက်ကြီး ကလည်း သုံးတင်းဝင် ပုတ်ကြီးလောက် ရှိရဲ့။ ဘယ်မှာ မကြွာနိုင်–

www.burmeseclassic.com

www.burmeseclassic.com



စရာ ရှိတော့မလဲ။ ဒီအခါ လူမျိုးကွဲလည်း ဖြစ်ပြန် ကိုယ့်အမျိုးတူ မြန်မာချင်း ဆိုလျှင်ဖြင့်၊ အသက်ကြီးလို့ သွားတစ်ချောင်းမှ မရှိတဲ့ အဘိုးကြီးပဲဖြစ်ဖြစ် တော်သေးရဲ့"

(အဘိုးကြီးမှာ တယ်သဘောကြီးပြီး၊ လိမ်မာတဲ့ သူငယ်မပါကလားဟု ထိုစကားကို သဘောအလွန် နှစ်သက်၍ သွားလေ၏။)

"ဒါနဲ့ပဲ ဒီသရဲရုပ် ချစ်တီးကြီးကိုဖြင့် ငွေမပြောနဲ့ ရွှေဒင်္ဂါး တစ်သိန်းရတောင် လင်မလုပ်နိုင်ပါဘူးလို့ ပြောတော့။ တကတဲ ဖအေ ရော မိထွေးရော ကျွန်မကို ထပြီး ရိုက်လိုက်တာ မသေရုံဘဲ ရှိပါတော့တယ်။ အရုပ်က ဝိုင်းဖျဉ်ကြလို့သာ ချမ်းသာရပါတယ်"

"အဲဒါနဲ့ ကျွန်မမှာလည်း အကြံရ ကျပ်ပြီး ဒီချစ်တီးဘေးက ဝေးအောင်ဟာ သမက်ပြေချောင်းထဲမှာ ကွယ်လွန်သူ ကျွန်မတို့ ခမေ ရဲ့ ညီမအရင်း အဒေါ် မမေမြူ နေတယ် ကြားဖူးတာနှင့်ပဲ ယခုမနက် မိုးမလင်းမီ နောက်ဖေးပေါက်က ဆင်းပြေးပြီး သမ္ဘန်ငှား ပြေးလာခဲ့တာ ပဲ။ ကျွန်မအကြောင်း ဆိုးလွန်းလို့ပါ ဦးရယ်" ဟု ဆိုကာ ရှိုက်ကြီး ငင်ကြီး ငိုလျက် မျက်ရည်သုတ်ကာ ခေါင်းငုံ့လျက် နေလေ၏။

ထိုအခါ အဘိုးကြီးမှာ မှိုရသော မျက်နှာကဲ့သို့ "ကိုင်း ကိုင်း မတင်ညွန့် နာမည်ကလေးကလည်း ချစ်စရာ၊ ဒီမလေ မတင်ညွန့် ဦးလေး ပြောမယ်။ သူတော်ကောင်းကို နတ်ကောင်းမတဲ့ သိလား။ ဦးမှာ ဒီအိမ်ကြီး တစ်ခုလုံး တစ်ယောက်တည်း။ လယ်ကလည်း ဧက ၅၀၀ ရှိတယ်။ ငွေကလည်း လေးငါးသောင်းလောက် ရှိပါတယ်။ ဟောဟို ကျီကြီးလည်း ကျပ်ကျီပါ။ အဲဒီ ကျီထဲမှာလည်း ပေါ သုံးသောင်းလောက် လှောင်ထားပါသေးတယ်။ ဘာမျှ ပူဖို့ မရှိဘူး။ ဟောဟိုလူဟာ ဦးလေးအိမ်မှာ ထမင်းချက်တဲ့လူ ကိုင်း... မင်းသဘော



ရှိနေချင်သလို နေပါဗျာ။ ဟော... ဆောင်သာထူး၊ ဟောဟို သဘော်ခန်း ထဲ ဘာဘူ ခုတင်ကြီးပေါ်မှာ မွေ့ရာအသစ်ခင်း၊ ဇာခြင်ထောင် ထောင်ပြီး ဇာခေါင်းအုံးနှင့် ပြင်ဆင်ပေးလိုက်ပါကွယ်။ နို့ ဒါထက် သမ္ဘန်ပေါ်မှာ ဘာကျန်ရစ်သေးသလဲ။ သမ္ဘန်ခကော ပေးပြီးပလား"

သူငယ်မ "သမ္ဘန်ပေါ်မှာတော့ ကျွန်မ အဝတ်အစား ထည့်တဲ့ ဆွဲခြင်းနဲ့ ထီးပဲ ရှိပါတယ်။ ကျွန်မ ဆင်းယူပါမယ်" ဟု ဆင်းသွား လေ၏။

အဘိုးကြီးက နောက်က လိုက်သွားပြီးလျှင် သမ္ဘန်ကုလားကို "ဟေ့ သမ္ဘန်ခကို ကောင်မကလေးဆီက မယူနဲ့။ ဒီမှာ လာယူ" ဟု ဆိုကာ ကုလားတက်လာသောအခါ ငွေနှစ်ကျပ် ပေးလိုက်လေ၏။

သူငယ်မလည်း အိမ်ပေါ်သို့ ရောက်သောအခါ "ကျေးဇူးတင်ပါ တယ် ဦးရယ်။ ဦးနှင့် တွေ့ပေလို့ သို့မဟုတ် ကျွန်မတော့ ဒုက္ခရောက် မှာပဲရှင်" ဟု တွတ်တီးတွတ်တာ ပြောဆိုပြီးလျှင်၊ ပြင်ဆင်ထားသော အခန်းထဲကို ဝင်လျက်၊ မိမိ လက်ဆွဲခြင်းကလေးထဲမှ ဘီးတို့ မှန်တို့ကို ထုတ်လျက်၊ ခေါင်းဖြီးကာ ဆံထုံးကို သပ်ရပ်စွာ ထုံးလျက်၊ မျက်နှာ တွင်လည်း မျက်နှာချေ ပေါင်ဒါမွှေးများကို၊ သုတ်လိမ်းလျက် ရေမွှေး ဆွတ်သော၊ ပဒုမ္မာ အင်္ကျီကို ဝတ်ဆင်ကာ ထွက်လာပြီးလျှင် အဘိုးကြီး အနီးမှာ ခင်းထားသော သင်ဖြူးပေါ်တွင် လေ့တင်ဘက်က ကျုံ့ကျုံ့ ထိုင်ကာ ခေါင်းအောက်ကို ငုံ့လျက် ပုံ့ပုံ့ကလေး နေလေ၏။

အဘိုးကြီးမှာ မဆင်မပြင်နေသော၊ ရုပ်ကိုပင် အလွန်မက်သည့် အတွင်းမှာ၊ ထိုကဲ့သို့ ဖြီးလိမ်း ဝတ်စားလျက်၊ မွှေးကြိုင်သော ရနံ့ဖြင့် မိမိအနားမှာ ထိုင်လာသော၊ သူငယ်မကို မြင်လျှင် ကေးငါးရှတ်မှု အစာ မစားရသော၊ ခွေးဝတ်ကြီးသည် လာဆာတ်သော အမဲတုံးကြီးကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့သကဲ့သို့ လည်းကောင်း၊ လေးငါးရက်မျှ အစာ မစားရသော ရာဇဝတ်ကောင်ကြီးသည်၊ အနီးတွင် အမဲဖြင့် ပြွမ်းသော ဒံပေါက် ထမင်းကဲ့သို့ စားမြိန်စာကို မြင်သကဲ့သို့ လည်းကောင်း၊ သွားရည် တများများ ကျလျက် ဝမ်းသာလုံး ဆို့ပြီး တစ်ကိုယ်လုံး ဖြိုးဖြိုးဖျင်းဖျင်း ကြက်သီးမွေးညင်း ထလျက် ရင်ဝ၌ တဒိတ်ဒိတ် ခုန်ကာ ကလိုက်ချင် သလိုလို ထ၍ ဖက်လိုက်ချင်သလိုလို မချင့်မရဲ ဖြစ်နေရှာလေ၏။

ထိုကဲ့သို့ အဘိုးကြီး၏ မတည်ကြည် ဣန္ဒြေကို မြင်လျှင်၊ အလွန် လည်ပတ် နှုးနပ်လျက် စားနေကျ ကြောင်ပါးဖြစ်သော သူငယ်မမှာ ဝမ်းထဲက ပြုံးလျက် ဪ... အဖျက်ရ မည့်မယ့် အမဲကြီးပါတကား။ ဒီအမဲကြီး ဖျက်လို့မှ တစ်သက်စာ မရလျှင်၊ တို့ကံပဲဟု ဝမ်းထဲက အောက်မေ့၍ နေလေ၏။

အဘိုးကြီးမှာလည်း ဝမ်းသာလုံးဆို့ကာ ဪ... ကံဇာတာများ အကျိုးပေးပုံဟာ တယ်ဆန်းကြယ်ပါတကား။ ငါသည် စိတ်တိုင်းကျ မိန်းမကို လိုချင်၍ ကြေးငွေများစွာ၊ အကုန်ခံပြီး ရှာတုန်းကတော့ မတွေ့။ ကုသိုလ်ကံ ထချင်တော့ တစ်ပြားမှ မကုန်မကျဘဲနဲ့ ငါ သဘောအကျဆုံး မိန်းမ အိမ်သို့ ရောက်လာရတာများ အံ့စရာပဲနော်။ ငါဟာ ဒီလမှာ ကောလိစုက်ကြီးနှင့် ကြုံနေပြီ ထင်တယ်။ ဪ... အသက်ကြီးသွားတာ နှမြောလိုက်လေ၊ ခုနေ အသက် ၂၀ အရွယ် လောက်များ ပြန်ဖြစ်မယ်ဆိုလျှင်၊ တယ်ညတာ ရှည်ပါ့ကလားဟု အတွေတွေ စဉ်းစားလျက် မှိုရသော မျက်နှာကဲ့သို့ ထချည်ထိုင်ချည် ဖြစ်၍ နေလေ၏။

**သူငယ်မ** "ဦးလေးကို တွေ့လို့ ကျွန်မ ချမ်းသာကွက်ကို နင်းမိပါ တော့တယ်။ သို့မဟုတ်လျှင်တော့ ချစ်တီးလက်မှာ စိန်သောက် သေရမလား။ ခွဲကြိုးချသေရမလား။ ကေန် သေရမှာပဲရှင်"



**အဘိုးကြီး** "အမယ် ဒီလို နိမိတ် မရှိတဲ့စကားတွေ မပြောစမ်းပါနှင့် ကွယ်။ ရွှေပုံငွေပုံပေါ်မှာ နေရမယ့် မိန်းမဟာ ရှုံ့ဖွက်ထဲကို ဘယ်တော့မှ မကျဘူး မှတ်ပါတော့။ ယခု ဦးလေးအိမ် ရောက် လာပြီ မဟုတ်လား။ ဦးလေးရှိတဲ့ လယ်ယာတွေ အိမ်တွေ စပါး ငွေတွေဟာ မင့်ဟာချည်းပဲ မှတ်လိုက်။ ဦးလေးမှာ အမွေခံမဲ့သူ ဘယ်သူမှ မရှိဘူး ညွန့်ညွန့်ရဲ့"

**ညွန့်** "ကျွန်မဖြင့် သိပ်ဝမ်းသာတာပဲ။ ဦးနှင့်ကျွန်မဟာ မြင်မြင် ချင်း ချစ်ရတာ ဟိုဘဝက သားအဖများ တော်ခဲ့လေသလား မသိဘူးရှင့်"

**အဘိုးကြီး** "အင်း ကျုပ်ကလည်း သိပ်ချစ်တာပဲ။ ဟိုဘဝက တူဝရီး လား၊ မောင်နှမလား သို့မဟုတ် ဘာလား တော်ခဲ့တယ် ဧကန္တ ပါပဲ"

ထိုသို့ ပြောနေခိုက် ထမင်းချက်သမား သာထူးက "ဘကြီး ထမင်း ခူးပြီးပြီ ထ၍ သုံးဆောင်ပါ" ဟု ခေါ်လိုက်သောအခါ အဘိုး ကြီးမှာ သာထူးကို မျက်စောင်းထိုးလျက် မီးဖိုချောင်ထဲ ခေါ်ပြီး ထိပ်ကို ပြင်းစွာ ပုတ်ခတ်ပြီးလျှင် "ခွေးထက်မိုက်တဲ့ သတ္တဝါကြီး ဟင် ဟိုမှာ ကောင်မကလေး မမက်မက်အောင် နှုးနေတုန်း မင်းက ဘကြီး လာခေါ် တာ။ မင်းအမေကြီး တယ် ငါ တုတ်လိုက်ပြန်ရော့မယ်။ သေမယ်၊ နောက်ကို ဒီလို ခေါ်ရင် အိမ်က နှင်ချမယ်"

**သာထူး** "ခါတိုင်း ခေါ်နေကြမို့ နှုတ်ကျိုးနေလို့ပါ ဘကြီး။ အခုလို အေးလေ နို့ ဘယ်လိုခေါ်ရမလဲ ခင်ဗျား"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး “တယ်အတဲ့ အကောင်ကြီးကိုး၊ အစ်ကိုလို့ခေါ် ကြားလား”

ထိုသို့ ပြောလိုက်သောအခါ၊ သာထူးသည် ခိခနဲ ကြိတ်ကာ ရယ်လိုက်၊ အိမ်နောက်ဖေး ဆင်းပြေးပြီး အိမ်သာပေါ်တွင် အူနှိပ်လျက် ရယ်၍နေလေ၏။

အဘိုးကြီးမှာ ထမင်းပွဲနားမှာ ထိုင်လျက် “ကိုင်း... ညွန့်ညွန့် မညွန့်တင်ကလေး လာ လာ ထမင်းစားမယ်”

ညွန့် “အို... ဦးလေးသာ သုံးဆောင်နှင့်ပါ။ ကျွန်မ ပြီးမှ စားပါမယ်”

အဘိုးကြီး “အို မလုပ်ပါနဲ့ လာပါ မညွန့်ရဲ့။ မင်း မလာရင် ကျုပ် ထမင်း မျိုချလို့ရမှာ မဟုတ်ဘူး” ဟု ဆိုကာ ထလာပြီးလျှင် “ထပါ ညွန့်ရယ် လာပါ။ စကား တပြောပြောနဲ့ စားရတာ ထမင်း မြိန်တယ်ကွဲ့” ဟု ဆိုပြီးလျှင် လက်ဆေးခွက်ကို အနားကို ယူလာပြီးလျှင် ထမင်းပွဲကြီးကို ကိုယ်တိုင်ချီ၍ သူငယ်မ အနားမှာ လာ၍ချ၏။ ထိုအခါ သူငယ်မှာ ပြုံးလျက် နှိုက်၍ စားရလေ၏။ အဘိုးကြီးမှာ ဖြောင့်စွာ မစားနိုင်၊ ကောင်းနိုးရာရာ ဟင်းဖတ်တို့ကို ကော်ကာကော်ကာ သူငယ်မ ထမင်းပန်းကန်ထဲကို ထည့်လျက်နေလေ၏။

ထိုသို့ ထမင်းဟင်း စားသောက်၍ ပြီးကြသော ညအခါ၊ လက်ဖက် ရည်ပွဲနှင့် တစ်မျိုး၊ ငှက်ပျောသီး၊ သစ်တော်သီး စသော အချိုအချဉ်ပွဲ တို့နှင့် တစ်မျိုး၊ ခြေတို့ လက်တို့ စကားပြောကာ သူငယ်မကို ဖျားယောင်းလျက် နေလေ၏။



ထို့နောက် အိပ်ချိန်တန်၍ သူငယ်မက “ကဲ... ကျွန်မ သမွန်ထဲမှာ ညောင်းလာလို့ အိပ်တော့မယ်ရှင်” ဟု ဆိုကာ အခန်းထဲသို့ ဝင်လျက် ခုတင်ပေါ်မှာ လှဲ၍နေလေ၏။

အဘိုးကြီးမှာ အိမ်ပေါ်တိုတတ်တာ ရှပ်အင်္ကျီအသစ်ကို ဝတ်ပြီး မျက်နှာကို တတ္တိပါ ရေမွှေး သုတ်လိမ်း၍ ထားဝယ်လုံချည်ကလေး ကို ဝတ်ကာ လက်ကိုင်ပါဝါ ရေမွှေးဆွတ်လျက် အောက်ဆင်းချည် အတက်တက်ချည်၊ တစ်ရံတစ်ဖန် သူငယ်မ အိပ်ရာခန်းဝမှာ မတ်တတ် ရပ်လျက် “မညွန့် ညောင်းရင် ကျုပ် နှိပ်ပေးမနေလ” ဟု ပြော၏။

သူငယ်မတလည်း “အို... နေပါစေ ကိစ္စမရှိပါဘူး ဦးလေးရယ်” ဟု ဆိုကာ မျက်နှာတို ကြာပါပါဝေး၍ ပြောလေ၏။

အဘိုးကြီးမှာလည်း အိပ်ရာထဲမှာ လှဲတာ၊ အောက်သို့ ဆင်းကာ ရာဂမုန်ယိုလျက် ယောက်ယက်ဆန်ခတ် ဖြစ်လျက် နေလေ၏။ အတော်ကြာအောင် တစ်စုံတစ်ခု သတိရသော အနေနှင့် အိမ်ပေါ်ကို တက်သွားပြီး၊ သံသေတ္တာကြီးကို ဖွင့်လျက် ရွှေလက်ကောက် ငါးရံ ကို ထုတ်ယူလာပြီးလျှင် အခန်းဝတ ရပ်လျက် “ညွန့်ညွန့် အိပ်ပလား ထပါဦး၊ ကျုပ် မေ့နေလို့ ခုမှ သတိရတယ်” ဟု ဆိုကာ ရွှေ လက်ကောက်တို လက်ညှိုးလျှိုလျက် လှုပ်၍နေ၏။

မတင်ညွန့်မှာလည်း အိပ်ပျော်ရာတ နိုးသည့်ဟန်ဖြင့် “ဦးလေး ဘာလဲရှင့်”

“အို... ထပါဦးကွယ်၊ မင်းကို ပေးဖို့ တစ်ခု သတိရလို့ပါ” ဟု ပြောရာ

သူငယ်မ ထလာပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဦးလေးရဲ့ ညဥ့်နက်လှပြီ၊ တကတဲ မအိပ်နိုင် မနေနိုင်" ဟု နှုတ်ခမ်းကလေး စူကာ ပြောရာ အဘိုးကြီးမှာ သဘောကျလှ သဖြင့်–

"မင့်လက်နှစ်ဖက်မှာ ဘာမှ မရှိလို့ ကြည့်မ..ကောင်းဘူး။ ရော့ အဲတာ... ဝတ်ထားဦး။ နက်ဖြန် တစ်မျိုး ဆင်ပေးဦးမယ်" ဆို၍ လက်လေးကို ကိုင်ကာ လက်ကောက်ဝတ်၍ ပေးလေ၏။ သူငယ်မ ကလည်း–

"ဦးလေးကလည်း နေကျန်သွားသလား။ နက်ဖြန်ကျတော့ ဝတ် တာပေါ့။ ကောင်းကောင်းများ အိပ်ပါရစေဦး" ဟု ဆိုကာ ခုတင်ပေါ်သို့ တက်၍ လှဲကာ စောင်ကို ခေါင်းမြီးခြုံလျက် အိပ်နေလေ၏။

အဘိုးကြီးမှာလည်း တစ်ညလုံး မအိပ်နိုင် မနေနိုင်။ ချောင်းဟန့် သံ ခဏခဏ ပေးရတာက တစ်မျိုး၊ နောက်ဖေး သွားရန် နောက်ဖေး ပေါက် ခဏခဏ ထွက်ရတာက တစ်မျိုး ဖြစ်နေရာ နောက်ဖေးဆော မှာ အိပ်နေသော ထမင်းချက်သမား သာထူးက–

"ခင်ဗျားမလဲ ကိုယ့်အိမ်ပေါ် တစ်ယောက်တည်း လာနေတဲ့ဟာကို သည့်လောက်ပဲ ကမူးရှူးထိုး ဖြစ်နေရသလား။ သူ့အခန်းထဲ အတင်း ဝင်သွားရော သူ ဘာတတ်နိုင်ဦးမလဲ" ဟု အားပေးလိုက်သောအခါ အဘိုးကြီးကလည်း–

"အေးလေကွာ အဟုတ်သားပဲ၊ ငါ့ကိုပဲ နလုတယ်။ ကဲကွာ ခုမှတော့ မနေဘူး ဝင်မယ်" ဆိုပြီး သူငယ်မ အခန်းတံခါးဝသို့ ရောက် သောအခါ အခန်းတံခါးမှာ ပိတ်လျက် မင်းတုပ်ချထားသည်ကို တွေ့ သောကြောင့်၊ အမယ်လေး ကိုယ်ကျိုးနည်းပါပြီ ဆို၍၊ အိမ်ပေါ် တ



သွားလျှင် နေ့လည်က လှလှ ဖြီးလိမ်းပြီး အနားမှာ ပုံ့ပုံ့ကလေး လာထိုင်နေတာကို မျက်စိတွင် တစ်ရေးရေး မြင်လျက်။

"သောက်ကျိုးနည်း ချစ်စရာကောင်းတဲ့ ကောင်မလေးပါ လား" ဟု ပါးစပ်က မြည်လျက် အိပ်ရာထဲတွင် တောင်လူးမြောက်လူး နှင့်ပင် မိုးလင်းရလေ၏။

ထိုကဲ့သို့ မိုးလင်းရသောအခါ၊ စောစီးစွာ ထ၍ ရေမိုးချိုးစွာ အားအင်ကို ဖြစ်အောင် နွားနို့သောက်လျက်၊ ကောင်းသော အဝတ်ကို ဝတ်ပြီးလျှင် အိမ်ဦးခန်း ပက်လက်ကုလားထိုင်ပေါ်တွင်၊ ဆေးလိပ် သောက်ကာ "မတင်ညွန့် မထသေးဘူးလားကွယ်" ဟု ဆိုလိုက်သော အခါ သူငယ်မမှာ အခန်းတံခါး ဖွင့်လျက် ဖြီးလိမ်း ဝတ်စားလျက် အပါးတွင် ထိုင်လာ၏။

ထိုအခါ အဘိုးကြီးက "မတင်ညွန့်ကို ကျုပ် တစ်ခု ပြောလို တယ်။ ကျုပ်မှာရှိတဲ့ ပစ္စည်းကို မတင်ညွန့် အလုံးစုံ ရလိုပါက အတူ တကွ အမြဲနေမှ ရနိုင်မယ်။ အမြဲ နေနိုင်ခြင်းဟာလည်း သားသမီးလို မွေးစားလို့လည်း အမြဲ မဟုတ်ဘူး။ ဒါကြောင့် တော်တော်ကြာ အိမ်ထောင်ကျသွားရင် ကွဲမှာပဲ။ အဲသည်တော့ သေမကွဲ ရှင်မကွာ နေနိုင်တဲ့ အလုပ်မျိုးမှ ကျုပ် အမွေခံရလိမ့်မယ်။ ဘယ့်နှယ်သဘောရ သတုံး ညွန့်ရဲ့"

မညွန့် "ဒါမှာတော့ ဦးလေး သဘောတစ်ခုပါပဲရှင်။ ကျွန်မမှာ တော့ ဦးလေးမှတစ်ပါး အားကိုးစရာလည်း မရှိပါဘူး။ ဘယ်ကိုမှလည်း သွားစရာဘူးရှင်။ အခြား သွားပြန်လျှင်လည်း ဟိုအဖေ မိထွေးနှင့် ချွဲတီးလက်တွင်း ပြန်ရောက်မှာ ကြောက်နေရတော့ ဦးလေး ထားချင် သလိုသာ ထားပါတော့။ ကျွန်မ မငြင်းပါဘူး" ဟု ပြောလိုက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးမှာ လွန်စွာ သဘောကျလှသဖြင့် အိမ်ပေါ်သို့ တက်ကာ သံသေတ္တာကြီးကို ဖွင့်လျက် စိန်ဆွဲကြိုး၊ စိန်နားကပ်၊ ရွှေခြေကျင်းကြီးနှင့် စိန်စီလက်ကောက်များကို ယူလာ၍ သူငယ်မကို ဆင်ယင်ပေးလေ၏။

နောက် နံနက် ထမင်းစားသောက်၍ပြီးသော် အဘိုးကြီးသည် အိမ်ပေါ်သို့ တက်သွားပြီးလျှင် မိမိအိမ်ရာတွင် တုံးလုံးလှဲပြီး "မတင်ညွှန့်ရေ ခဏ" ဟု ခေါ်လိုက်ရာ သူငယ်မက အိမ်ပေါ်ကို တက်သွား၍–

"ဦးလေး ဘာလဲရှင်" ဟု မေး၏။

အဘိုးကြီး "ဦး ဝမ်းဗိုက်ထဲက အိုးတိုးအင့်တင့် လေထိုးလွန်းလို့ တစ်ဆိတ် နှိပ်ပေးပါ" ဟု ပြောရာ သူငယ်မကလည်း ကပျာကယာ အဘိုးကြီးအခန်းထဲ ဝင်၍ အဘိုးကြီးနားမှာ ထိုင်ကာ နှိပ်၍ ပေးနေလေ၏။

ထိုနေ့ ၁၂ နာရီလောက် ရှိသောအခါ၊ သမ္ဗန်တစ်စင်းသည် ရွာသူကြီး အိမ်ဆိပ်မှာ ဆိုက်ကပ်လျက်၊ အသက် ၁၅ နှစ်လောက် ရှိသော သားသားနားနား လူတစ်ယောက်နှင့် ပုလိပ်နှစ်ယောက်တို့ သူကြီးအိမ်ကို တက်လာပြီးလျှင်၊ သူကြီးမင်းခင်ဗျား ရွာမှာ ဤအမည်ရှိ အဘိုးကြီးအိမ်ဟာ ဘယ်အိမ်လဲဗျာ"

သူကြီး: "သြော်... သည်အဘိုးကြီးအိမ်လား။ ဟောဟိုဝင်းနဲ့ အိမ်ပေါ့"

သူငယ်: "သည်လိုပါခင်ဗျာ။ ကျွန်တော့်မိန်းမ မတင်ညွှန့်ဆိုတာ တမြန်နေ့က၊ ဒီရွာမှာ သူ့အဒေါ်ရှိလို့ သွားလည်ဦးမယ်ဆိုပြီး ထွက်သွားတာ၊ ပြန်မလာလို့ ထောက်လှမ်းကြည့်တော့ ကျွန်တော့် မိန်းမကို၊ အဲဒီ အဘိုးကြီးက အနိုင်အထက် အိမ်တွင်းမှာ



ချုပ်တည်းထားပြီး မယားလုပ်ကြောင်းကို ကြားသိရ၍ ဌာနမှာ တိုင်ကြားရာ၊ ပုလိပ်နှစ်ယောက် ထည့်လိုက်၍ လာရပါသည်။ အဲဒါ သူကြီးမင်း ရပ်ရွာဖြစ်၍ အိမ်တွင်းဝင်ရောက် ရှာဖွေရန် အရပ်လူကြီး ဆယ်အိမ်ခေါင်းနှင့် ဘစ်ဆိတ်လိုက်ပါ ကူညီစေလိုပါသည် ခင်ဗျား" ဟု ပြောသောအခါ–

သူကြီးက "ကောင်းပါပြီ ဝတ္တရားအတိုင်း ကူညီရတာပေါ့" ဆိုပြီးလျှင် ဆယ်အိမ်ခေါင်း တစ်ယောက်ကို ခေါ်၍ ပုလိပ်နှစ်ယောက်တို့ပါ၊ အဘိုးကြီးအိမ်သို့ ဝင်သွားပြီးလျှင် အိမ်ဝက ရပ်လျက် "ဘကြီး ဘကြီး" ဟု ခေါ်လိုက်လေ၏။

အဘိုးကြီးမှာ အိမ်ပေါ်ထပ်တွင် နှစ်ပါးကြည် ဇာတ်ခင်းနေခိုက် အောက်က ခေါ်သံကြား၍၊ ကပျာကယာ ဆင်းပြေးလာရာ သူငယ်မ [illegible]သည်း၊ နောက်က ထက်ကြပ် ပါလာ၍ လှေကားလက်ရမ်းက [illegible]ယ်လျက်ကြည့်ရာ၊ ပုလိပ်များနှင့် မိမိယောကျာ်း လာသည်ကို [illegible]လျှင် ကပျာကယာ ပြေးထွက်သွား၍ "အမယ်လေး ကိုကိုရဲ့ ကျွန်မကို [illegible]ပါ" ဟု ဖက်၍ ငိုလေ၏။

[illegible]ခါ သူကြီးက "ဟဲ့ သူငယ်မ နင် ဘယ့်နှယ် ဒီအိမ်ရောက် [illegible]သလဲ နင့်ကို [illegible] ဘယ့်နှယ်လု[illegible]သလဲ"

သူငယ်မက "လွန်ခဲ့တဲ့ နှစ်ရက်လောက်က ကျွန်မ အဒေါ်ဆီကို အလည် လာပါတယ်။ အဒေါ်အိမ် မသိလို့ ဒီဘကြီးကို မေးတော့ ကျွန်မကို အိမ်ထဲ ဆွဲခေါ်ပြီး ဓားပြလျက် အခန်းတစ်ခုထဲမှာ ချုပ်ထားပါတယ်။ တော်တော်မိုးချုပ်တော့ အဘိုးကြီးက ဓားမြှောင်ကြီးကို ကိုင်၍ အခန်းထဲ ဝင်လာပြီး သူ့အလိုကို လိုက်ရမည်။ မလိုက်ရင် နင့်ကို သတ်ပြီး နင် ဝတ်လာတဲ့ စိန်၊ ရွှေ လက်ဝတ်လက်စားတွေကို

www.burmeseclassic.com

www.burmeseclassic.com



အကုန်ချွတ်ယူပြီးမှ၊ အလောင်းကို ရေထဲသို့ ခဲဆွဲပြီး ပစ်ချမယ်လို့ ပြောပြီး ဓားမြှောင်ကြီးနှင့် ရင်ဝချိန်လို့ ကျွန်မမှာ မအော်ဝံ့တော့ဘဲ ဒီလူကြီး မယားလုပ်တာ ခံနေရပါတယ်" ဟု ပြောသောအခါ။

အဘိုးကြီးမှာ အံ့အားသင့်သော မျက်နှာနှင့် "မဟုတ်ရပါဘူး သူကြီးမင်းရယ်။ သူငယ်မဟာ သူ့အဒေါ် လာမေးလို့ ဒီမှာ ဒီနာမည်မျိုး မရှိဘူးလို့ ပြောတော့၊ ကျွန်မ တခဲခိုစရာ အိမ်လည်း မရှိပါဘူး။ ဒီမှာ တဲပါရစေလို့ ပြောပါတယ်။ လာတုန်းက သူ့မှာ လင်ရှိတယ် မပြောပါဘူး စသည်ဖြင့် ချစ်တီးနှင့် ဖြစ်ကြောင်းတို့ကို အစက သူငယ်မ ပြောသည်အတိုင်း၊ အဘိုးကြီးက ပြန်ပြောပြပြီးနောက်၊ ၎င်းသူငယ်မမှာ လာတုန်းက ရွှေဇာသို့ကျောက်ထည် လက်ဝတ်လက်စား ဘာမျှ မပါပါ။ ကျွမ်ကို ယူမယ် ပြောလို့ ကျုပ်က ထုတ်ဆင်ထားတာ။ ဒါဟာ အားလုံး ကျုပ်ပစ္စည်းချည်းပါ"

သူငယ်မက "သူကြီးမင်းရှင့်၊ ရှင်ပဲ စဉ်းစားတော်မူပါ။ ဒီအသက် ဒီအရွယ်၊ ဒီရုပ်ဒီရည်ကြီးကို ကျွန်မက သူ့ကို ယူမယ်လို့ ပြောမယ် မပြောဘူး ဒါကိုပဲ ချင့်ပါတော့ရှင့်"

ပုလိပ်သားနှစ်ယောက်က "ကိုင်း သူကြီးမင်း ကျုပ်တို့ ဆိုင်းမနေနိုင်ဘူး။ ယခု အချုပ်နှင့် ခေါ်ရလိမ့်မယ်" ဆိုပြီးလျှင် အဘိုးကြီး၏ လက်ကို တစ်ဖက်တစ်ယောက် ဆွဲ၍ သူကြီးအိမ်ကို ခေါ်သွားလေ၏။

အိမ်မှ ထမင်းချက် သာထူးကလည်း အဘိုးကြီးကို ပုလိပ် ဖမ်းသွားသည်ကို မြင်ရလျှင်၊ မနီးမဝေး၌ နေကြသော သားနှစ်ယောက် အိမ်ကို ပြေးသွား၍ မိန်းမရှုကြောင့် အဘိုးကြီးကို ပုလိပ် ဖမ်းသွားပြီ လာကြပါဦးဟု ခေါ်လျက် သားနှစ်ယောက်နှင့်တကွ ချွေးမများပါ



ရောက်ရှိလျက်၊ သူကြီးအိမ်မှာ ဝိုင်းလျက် မေးမြန်းကြသောအခါ အကြောင်းကြောင်းမျိုးကို ကြားသိကြသောအခါ၊ သားနှစ်ယောက်နှင့် သူကြီးတို့ တိုင်ပင်၍ သည်တွင် လူသူလေးပါး မကြားရအောင် ပြုလုပ်ကြမှ ကောင်းမည်။ ဂါတ်ကို ရောက်လျှင် ဒီအမှုကြီး ပွားတော့မည်ဟု တိုင်ပင်လျက် သူငယ်မ၏ လင်ဆိုသော မောင်နေကို အခြားသို့ ခေါ်လျက်။

"ခင်ဗျားမိန်းမအတွက်မှာ ခင်ဗျား ကျေနပ်လျှင် ပြီးပါမယ်။ သို့မဟုတ်လျှင် အိုကြီးအိုမ သည်အဘိုးကြီး ချုပ်လားနှောင်လား ဖြစ်နေရပါတော့မယ်။ သို့အတွက် မိတ်ဆွေ ကျေအေးနိုင်ဖို့ အခွင့်ကို အမိန့်ရှိပါ" ဟု ပြောသောအခါ။

"ကျွန်တော့်မှာ ဒီအမှုကို ဖျက်ဖို့ရာကို ပုလိပ်နှစ်ယောက်ကိုလည်း အစာခွံ့ရပါဦးမယ်။ သူကြီးကိုလည်း ခင်ဗျားတို့က ကျေနပ်အောင် ပြုနိုင်မည်ဆိုလျှင်၊ ယခု ကျွန်တော်၏မိန်းမ လက်ဝတ်လက်စားကို အဘိုးကြီးက သူ့ပစ္စည်းဟု မပြောစေဘဲ၊ နောက်လည်း ငွေ ၅၀၀၀ ထပ်၍ ပေးမှ ကျေနပ်ပါမယ်။ သို့မဟုတ်လျှင် ယခုပင် ကျွန်တော်တို့ ဖမ်းဆီးသွားရပါလိမ့်မယ်" ဟု ပြောရာ၊ သားနှစ်ယောက်မှာ မငြင်းနိုင်တော့သဖြင့် သူငယ်မ လက်ဝတ်လက်စားနှင့်တကွ ငွေ ၅၀၀၀ ကို မောင်နေသို့ ပေးလိုက်ရလေ၏။

မောင်နေနှင့် ပုလိပ်များ ပြန်သွားကြသောအခါ၊ သားနှစ်ယောက်က အဘိုးကြီးကို အိမ်သို့ လိုက်ပို့ပြီးကာ ခင်ဗျားကြီးဟာ အသက်လည်း ကြီးလှပြီ။ နုထက်တိုင်အောင်လည်း တရားသဘောကို ခေါ် ကာမဂုဏ်မှုကို အလွန် လိုလားလွန်းလို့ အမှားတွေ့တာ မှားလှပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့လည်း ခင်ဗျားကြီး မမှတ်ဘူး စသည်ဖြင့် သားများ ချွေးမများက ဝိုင်းဝန်း ပြည့်ကြသဖြင့်

အဘိုးကြီးက "ဟေ့ ငါအာသဆေါကင်းတဲ့ ရဟန္တာ မဟုတ်သေးဘူးကွဲ့။ မင်းတို့ ကိုယ်ချင်းမစာ မပြောနဲ့။ ရှိသမျှပစ္စည်းတွေ ဘယ်လိုကုန်ကုန် ငါမယား အတည်မရဘဲ မနေနိုင်ဘူး" ဟု ပြန်ပြောသဖြင့် သားတွေမှာ ဆင်းရဲ နွမ်းပါးသော သနားကမား တောသူမကလေးတစ်ယောက်ကို ရှာ၍ ပေးကြရလေ၏။

မှတ်ချက်။ ။ငှင်းလိမ်နည်းမှာ နေ့ ဥာဏ်ကောင်းသည်ဟု ချီးမွမ်းဖွယ် မရှိလှချေ။ အကြောင်းကိုဆိုသော် ထိုကဲ့သို့ တောသားမယားငတ် ပိုက်ဆံဝါးလား အဘိုးကြီးမျိုးကို ဤလို မိန်းမချော မိန်းမလှ အလှယ်ကလေးနှင့် မြှုက်ချလျှင် မဉ်သူပင်လုပ်လုပ် မုချကျမည်မှာ မလွဲချေသည်။ လောကတွင် မိန်းမ၏အားသည် အလွန် ကြီးမားပေသည်။ အနှစ် ၇၀၀ ပတ်လုံး ပုရိတ်အရံအတားကြောင့် အန္တရာယ်မရှိသော ဘုရားအလောင်း ဥဒေါင်းမင်းပင် ဥဒေါင်းမကလေး အမှုအရာကောင်းသဖြင့် ဥဒေါင်းမင်း ညွှတ်ကွင်း၌ မိရသော ထုံးလည်း ရှိပေသည်။ ၎င်းအလိမ်မျိုးသည် တောသားကြီး မဆိုထားဘိ မြို့သားကြီးကိုချလျှင်လည်း ခံနိုင်မည် မဟုတ်ချေ။

ဥပဒေသ

ထိုပုံကို တောတ်ထားသဖြင့် ကိုယ်နှင့် သက်ရွယ်မတူမျှသော မိန်းကလေးတို့၏ ဖြားယောင်းခြင်းကို မယုံကြည်ရာ အကြောင်းမှဲ မိမိအိမ်သို့ ထိုကဲ့သို့ မိန်းမလှကလေးမျိုးများ



လာသည် ဖြစ်စေ၊ လမ်းမှာတွေ့၍ ခေါ်သည် ဖြစ်စေ၊ မိမိကို မျက်နှာချိုသွေးသည် ဖြစ်စေ၊ အကြောင်းထူးပြီဟု သိရှိနားလည်လျက် အထူးသဖြင့် ရှောင်ကြဉ်ရာသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# စားပြကိုလိမ်၍ဖမ်းနည်း

အခါတစ်ပါး အနောက်ချောင်းနယ်တစ်နယ်တွင် ငမဲနှင့် ခေါင်းကြီးဟူသော စားပြခေါင်းဆောင် နှစ်ယောက်တို့သည် နောက်ပါ တပည့်လေးယောက်စီနှင့် ပူးပေါင်းလျက်၊ ပေါင်းစားပြတစ်ကျိပ်တို့သည် အနယ်နယ် ရွာငယ်ကျေးလက်တို့ကို၊ တိုက်ခိုက် လုယူလျက် ဆူပူသောင်းကျန်းကာ နေကြလေ၏။

စားပြနှစ်ယောက်မှာ ဘာမျှ စားပြီးခြင်း၊ သေနတ်ပြီးချင်းစသည်တို့ မရှိကြချေ။ သို့ရာတွင် အားအင်ဗလကြီး၍ လက်ရှေ့သတ်အရာ ကောင်းစွာ တတ်ကျွမ်း[illegible]သဖြင့် မျက်စိရှင်ခြင်း၊ လျှင်မြန်ခြင်း၊ မှန်ကန် ဖြောင့်မတ်သော[illegible]တို့ရှိခြင်း၊ ဉာဏ်အမြော်အမြင်ရှိခြင်း၊ သူ့ကျေးဇူးကို သိတတ်ခြ[illegible]သော အကျင့်စာရိတ္တတို့ကြောင့် မေတ္တာသက်ဝင်သူများရှိ၏။ ၎င်း လူဆိုးစားပြတို့ကို အင်္ဂလိပ်အစိုးရ



အမှုထမ်း အရာရှိများသည် ရုတ်တရက် ဖမ်းဆီး၍ မမိနိုင်ချေ။ ၎င်းတို့ကို ဖမ်းပေးနိုင်သောသူ သို့မဟုတ် သတင်းပေးနိုင်သောသူများကို စားပြဗိုလ် ငမဲနှင့်ခေါင်းကြီးတို့ နှစ်ယောက်အတွက် တစ်ယောက်ကို စားပြခေါင်းဆောင် ငမဲနှင့် ခေါင်းကြီးတို့အတွက် တစ်ယောက်ကို ဆုငွေ ၂၀၀ စီ၊ ပေါင်း ၂၆၀၀ ကို ရာဇဝတ်ဝန်က သနားတော်မူလိမ့်မည်ဟူ ကြော်ငြာထုတ်ထားလေ၏။

ထိုစဉ်အခါက မြန်မာနိုင်ငံအလုံးကို အင်္ဂလိပ်အစိုးရက အုပ်ချုပ်ကာ၊ သီပေါဘုရင်ကို ဖမ်းသွားပြီးနောက် ငါးနှစ်ခြောက်နှစ်လောက်ရှိသောအခါ၌ ဖြစ်လိမ့်မည်။ ထိုစားပြတစ်ကျိပ်တို့မှာ သေနတ်ကြီးလေးလက်မျှ ပါသည်။ ထိုစားပြတစ်ကျိပ်တို့ကို ဖမ်း၍ မရ မမိနိုင်ဘဲ တစ်လခွဲလောက် ကြာရှိသောအခါ။

မောင်နေ၀မှာလည်း လိမ်မှုတစ်မှုအတွက် ပေါ်၍ ထောင်ကို ခြောက်လမျှ အကျခံရပြီးလျှင်၊ လွတ်လာသော အခိုက် ဖြစ်လေ၏။ ရာဇဝတ်ဝန်ကြီးသည် သဘောကလေး တစ်စင်းဖြင့် ဆိုက်ရောက်ပြီးလျှင် ဌာနတွင် စပယ်ရှယ် ဒိုင်ယာရီစာအုပ် စစ်ဆေးကြည့်ရှုနေသည့် အခိုက်၊ မောင်နေ၀သည် နွားနို့ ငါးပုလင်းနှင့် ကြက်ဥ အလုံးငါးဆယ်လောက်ကို သန့်ပြန့်စွာ ဗန်းကန်၌ ထည့်၍ ဂါတ်ထဲကို ဝင်သွားပြီးလျှင် ရာဇဝတ်ဝန်ကြီးအား လက်ဆောင် ပို့ဆက်လေ၏။

ရာဇဝတ်ဝန် "မောင်မင်း ဘယ်သူလဲ"

နေ၀ "ဘုရားကျွန်တော် နေ၀ပါဘုရား"

ရာဇဝတ်ဝန် "မောင်မင်း ဘာအလုပ် လုပ်ကိုင်စားသလဲ"

www.burmeseclassic.com

www.burmeseclassic.com



**နေဓ** “ဘုရားကျွန်တော် ဘာမျှ အလုပ်မရသေးပါဘုရား။ တစ်နေ့ကမှ ထောင်က လွတ်လာရပါတယ်”

**ရာဇဝတ်ဝန်** “မောင်မင်း ဘာမှုနှင့် ထောင်ကိုကျသလဲ”

**နေဓ** “ဘုရားကျွန်တော် လိမ်လှည်မှုနှင့် ထောင်ကိုကျပါတယ်”

**ရာဇဝတ်ဝန်** “အို ကျွန်ုပ် သိပြီးသည်မှာ အလွန် လိမ်လည်သော မောင်နေဓဆိုတာ မောင်မင်းလား”

**နေဓ** “မှန်ပါတယ်ဘုရား”

**ရာဇဝတ်ဝန်** “မောင်မင်း မလိမ်ဘဲ ရိုးရိုးဖြောင့်ဖြောင့် အသက်မမွေးနိုင်ဘူးလား”

**နေဓ** “ဘုရားကျွန်တော် လိမ်လို့ရမှ၊ ထမင်းဝတယ်လို့ ထင်ပါတယ် ဘုရား”

**ရာဇဝတ်ဝန်** “အို မောင်မင်းလူထူးပဲ၊ ယခု မောင်မင်း ယူလာတာတွေ ဘာလုပ်ဖို့လဲ”

**နေဓ** “နွားနို့နှင့်ကြက်ဥပါ။ သခင်စားပွဲစားဖို့ သက်သက်မေတ္တာနှင့် ကျွန်တော် ဆက်ဝါသည်ဘုရား”

**ရာဇဝတ်ဝန်** “အို မောင်မင်း အကျွန်ုပ်ကို ဘာလျှောက်ထားချင်သလဲ”

**နေဓ** “အရှင် အခွင့်ပြုမည်ဆိုလျှင် ကျွန်တော် တစ်ခု လျှောက်ထားချင်ပါတယ်”

**ရာဇဝတ်ဝန်** “အို ဘာလျှောက်မလဲ လျှောက်ပါဦး”



**နေဓ** “ယခု အနောက်ချောင်းမှာ နာမည်ကျော်သော ဓားပြတစ်ကျိပ်ကို ကျွန်တော်ရအောင် ဖမ်းနိုင်ပါသည်။ ရလျှင် ၎င်းဓားပြကို သခင်၊ကိုယ်တိုင် ဖမ်းတာလို့ ပြောပါ။ ဆုငွေကိုသာ အားလုံးကုန် ကျွန်တော်ကို ပေးပါ”

**ရာဇဝတ်ဝန်** “အို မောင်မင်း ဒီဓားပြတွေကို မိအောင် မဖမ်းနိုင်ပါဘူး။ မင်းထက်မကတဲ့ ပုလိပ်တွေတောင် ဖမ်းလို့ မမိနိုင်ကြသည့်အတွက် အပုံကြီး ခက်နေတယ်။ မောင်မင်းတစ်ယောက်တည်း ဘယ့်နှယ်ဖမ်းမလဲ။ မင်းစကားကို ကျွန်ုပ် မယုံနိုင်ဘူး”

**နေဓ** “သခင် ဆင်များ၊ ကျားများဟာ အလွန် အားအစွမ်းကြီးပါတယ်။ ၎င်းတို့ကို ဉာဏ်မရှိတဲ့ လူဟာ လူတစ်ကျိပ်နှစ်ကျိပ် ဖမ်းလို့ မရဘူး။ ဉာဏ်ရှိတဲ့လူဟာ တစ်ယောက်တည်းနှင့် မိနိုင်ပါတယ်”

**ရာဇဝတ်ဝန်** မင်းကြီးသည် တွေဝေ စဉ်းစားနေပြီးလျှင် “မောင်မင်း ဘာကို အလိုရှိသလဲ”

**နေဓ** “ကျွန်တော် လျှောက်တဲ့ စကားကို ယုံကြည်စွာ နားထောင်၍ ကျွန်တော့ အကြံအတိုင်း လိုက်လျှင် တစ်လအတွင်း အားလုံး တစ်ယောက်မကျန် ဖမ်းပေးနိုင်ပါကြောင်း ဘုရား”

**ရာဇဝတ်ဝန်** “မင်း ငါ့ကို မလိမ်ဘူးဆိုလျှင်၊ မင်းကြံတာအားလုံး ငါ ဆောင်ရွက်မည်”

**နေဓ** “ယခုအကြံဟာ ကျွန်တော် ဆင်းရဲလွန်းလို့ ဆုငွေကို အလိုရှိသဖြင့် ကြံရပါတယ်။ သခင့်ကို လိမ်လျှင် ကျွန်တော် ဘာဆုငွေရမလဲ”

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်ဝန် "ကောင်းပြီ။ မောင်မင်း အကြံကို ကျွန်ုပ် ပြည့်စုံအောင် ဆောင်ရွက်မည်" ဟု ပြောပြီးလျှင် နေသေးသည် မိမိအိမ်သို့ ပြန်သွားလေ၏။

နောက်ဆယ်ရက်လောက် ကြာသောအခါ အင်မောက်ချောင်းနယ် အမြို့မြို့ အရွာရွာ သူကြီးများသည် ဆုနှင့်လူဆိုးကို ဖမ်းပေးရန် ကြော်ငြာကို ကျောင်း၊ ဇရပ်၊ တောလမ်း၊ သစ်ပင် စသော အရပ်ရပ်တို့၌ ကပ်ထားကြကုန်၏။

ကြော်ငြာစာများမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ဆုတော်ငွေ ၁၀၀၀ ပေးမည်။ ဤသို့ ကြားသိရန် ကြော်ငြာတော်မူလိုက်သည်။ များမကြာမီက သုံးခွဒီစတြိတ် မအူပင်နယ် ရောဝတီ မြစ်ကမ်းတွင် အညာလှေသူကြီး တစ်ယောက်နှင့် လှေသားငါးယောက် ပေါင်းခြောက်ယောက်တို့ကို သတ်ဖြတ်လျက် ငွေ ၅၀၀၀ ကျော်တို့ကို တိုက်ခိုက်သွားသူ ဦးဝင်း အမည်ရှိသော တရားခံကို ကိုယ်တိုင် ဖမ်းပေးနိုင်သူကို ဖြစ်စေ သို့မဟုတ် ရမိအောင် သတင်းပေးနိုင်သူကို ဖြစ်စေ မအူပင် အရေးပိုင်က ဆုတော်ငွေ ၁၀၀၀ တစ်ထောင် သနားတော်မူလိမ့်မည်။ ၎င်းတရားခံ၏ ပုံစံမှာ အသား ခပ်လတ်လတ်၊ အသက် ၂၅နှစ်ခန့်၊ ဆံဖင့် တစ်တောင်လောက်ရှိ၊ မျက်နှာသွယ်သွယ်၊ အရပ်မှာ လေးပေခြောက်လက်မ၊ အရပ်ပြတ်ပြတ် လုံဗလ၊ သေးသေး သွယ်သွယ်၊ ထိုးကွင်းခြေနှစ်ဖက် တစ်ဝက်မျှရှိ လက်ဝဲဘက်ပေါင်တွင် အမာရွတ် တစ်ခုရှိသည်ဟူ၍ ကြော်ငြာ အရပ်ရပ် ကပ်ထားလေသည်။ နောက်များ မကြာမီ စားပြတစ်ကိုယ်ထိုးသည် ရွှေလောင်းမြို့ လယ်ရှင် တစ်ဦးအိမ်သို့ တိုက်ခိုက်သွားရာ ငွေ ၄၅၀ ပါသွားကြောင်း သတင်း



ကြားသိကြလေသည်။ ပုလိပ် နှစ်ယောက်တို့သည် မထင်မရှား လယ်သမား အဝတ်တို့ ဝတ်လျက် နွားပျောက်ရှာသွားသည်ဟန်ဖြင့် လယ်ကွင်း တောစပ်တို့ကို လျှောက်လျက် လာကြရာ—

တခင် "ဟော့ မင်းတို့ မှာလိုက်တဲ့ နေရာဟာ ဘယ်နေရာလဲ"

ပုလိပ် "အဲသည် စပါးရှိရွာ အနောက် ကိုင်းတောကြီးတွင် ထိန်ပင် လက်ပံပင် တွေ့သမျှကိုကြည့်။ တားနှင့် ကြက်ခြေခတ် ခုတ်ထားတာတွေ့လျှင် ၎င်းသစ်ပင်မှာရှာဟု စာတွင် ပါပါတယ် ဆရာရဲ့။ ဟော ဟော ၂၂က သစ်ပင်ကြီးမှာ ကြက်ခြေရာခတ် ဓားခုတ်ရာ မဟုတ်လား"

တခင် "အေး...ဟုတ်တယ်။ အသာကပ်ကြည့်စမ်း" ဟု စေ၍ ပုလိပ်က ပတ်ပတ်လည် ကြည့်ရာ တစ်ရပ်ကျော်ကျော်လောက် အခေါင်းပေါက်ကို ငုံ့၍ကြည့်လျှင် စာအိတ်တစ်ခုနှင့် စာကို ရ၏။ ၎င်းစာကို တခင်လက်သို့ ထည့်လိုက်လေ၏။ တခင်လည်း ၎င်းစာကို ဖောက်၍ ကြည့်ရာ စာမှာ ရှေ့လဆန်း ပြာသိုလဆန်း နှစ်ရက်နေ့ ခံနက်ခုနစ်နာရီအချိန်လောက် ဤအမည်ရှိသော ချောင်းဖျား တောစပ် ကရင်အိမ် တစ်အိမ်တည်း ရှိသည်။ ၎င်းအိမ်နားကို ပုလိပ်သား ငါးယောက် ခြောက်ယောက် သေနတ် လက်စွဲကိုင်၍ မြင်းနှင့်လာပါ။ ကျွန်တော်ကို ၎င်းအိမ်အနောက် ကိုင်းတောစပ်မှာ တွေ့မည်။ ထိုအခါ ကျွန်တော်ကို ဖမ်း၍ ဝိုင်းထားပါ။ ကျွန်ုပ်က ခုခံလျှင် သေနတ်နှင့် ဝိုင်း၍ ပစ်ကြပါ။ သို့ရာတွင် သေနတ်နှင့် ယမ်းတောင့်မှာ ကျည်ဆံကို နုတ်၍

www.burmeseclassic.com



ထားသော ယမ်းတောင့်နှင့် ပစ်ပါ။ နောက် ကျွန်တော် သေနတ်ဖက်နှင့် လိုက်သောအခါ အားလုံး ထွက်ပြေးကြပါ။ (ပုံ) ဝင်း။ ။ဟူ၍ စာကို ဖတ်ရှုကြည့်သောအခါ ၎င်းစာဇင်နှင့် ပုလိပ်တို့ စာကိုယူ၍ ပြန်သွားကြလေ၏။

နောက် ပြာသိုလဆန်း နှစ်ရက်နေ့ နံနက် နှင်းမကွဲမီ၊ ရာဇဝတ်အုပ် တစ်ယောက်၊ စာဇင်တစ်ယောက်၊ စစ်ပုလိပ် ခုနစ်ယောက်တို့သည် ကိုင်းတောကြီး တစ်ခုမှ မြင်းကိုယ်စီ စီး၍ ထွက်လာသောအခါ ရွာ အိမ်ပေါ်မှ လူတစ်ကျိပ်လောက်တို့သည် အိမ်ပေါ်က ဆင်းလျက် တကွဲတပြားစီ ကိုင်းတောကြီးထဲ... တိုးဝင် ပုန်းလျှိုးလျက်နေကြစဉ်၊ တစ်ခုသော ကိုင်းတောအစပ်မှ ဓားနှစ်... ...င်းကို ဘယ်ညာကိုင်ထားသော လူတစ်ယောက်သည် ထွက်လာရာ ပုလိပ်များက–

"ဟဲ့ ဘယ်မှမပြေးနဲ့ နင့်လက်ထဲက ဓားကို ချလိုက်" ဟု သေနတ်နှင့် ရွယ်လျက် ဝိုင်းထားကြရာ အဆိုပါလူသည်–

"သယ်... လူလုပ်လို့ သည်ယနေ့ ပုလိပ်သတ်ပွဲခံမည်။ ဦးဝင်းဆိုတာ ငါပဲ။ နင်တို့ သေနတ်ရုတ်ကလေးကို ငါ ဂရုမစိုက်ဘူး။ ကဲ သတ္တိရှိလျှင် ပစ်လိုက်ကြစမ်း" ဟု ဓားကိုင်သော လက်နှစ်ဖက်ကို မြှောက်ကာ ရပ်လျက်နေ၏။

အင်းစပိတ်တော်နှင့် စစ်ပုလိပ်များသည် တစ်ပြိုင်နက် မီးအိုးဖောက်သကဲ့သို့ ဝိုင်း၍ သေနတ်နှင့် ပစ်ကြရာ မီးခိုးများ မှောင်လျက်သွား၏။ မီးခိုးအတော်စဲသောအခါ ဦးဝင်းမှာ နေရာက မရွေ့ဘဲ ဓားကလျက် ခုတင်းလိုက်ရာ၊ ပုလိပ်သားအားလုံးတို့ အုယားဖားယားမြင်းကဆုန်ချ ပြေးကြလေ၏။



၎င်းတို့ ပြေးကြသောအခါ ဦးဝင်းဆိုသူသည် ငှက်ကြီးတောင် ဓားနှစ်စင်းကို ချိုင်းတွင်ညှပ်လျက် "ခွေးသားတွေ နင်တို့ နေနှင့်ကြဦး။ နင်တို့သေ့းကို ငါ မသောက်ရဘဲ အေးပမလား" ဟု ကြိမ်းဝါးကာ သစ်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်လျက် နေပြီးလျှင်၊ ဓားနှစ်ချောင်းကို အသာရှေ့တွင် ချထားလျက်၊ ဆေးလိပ်ကို ထုတ်ကာ ညှိပြီးလျှင် ဆေးလိပ်သောက်ရင်း အကြံထုတ်လျက်နေလေ၏။

ထိုအခါ လူနှစ်ယောက်သည် ကရင်အိမ်အနီး ကိုင်းတောစပ်မှ ထွက်၍ မိမိရှိရာသို့ ရှုးစိုက်၍ လာသည်ကို မြင်လျှင် အသာမျှော်ကြည့်လျက် အနားသို့ ရောက်သောအခါ ဦးဝင်းသည် ဓားနှစ်ဖက်ကို ထောက်ကာ မတ်တတ်ထလျက်

"ဟေ့ ဟိုလူနှစ်ယောက် ဘယ်သွားမလဲ။ မင်းတို့ ဘာလုပ်သလဲ" ဟု မေးလိုက်ရာ

လူတစ်ယောက်က "ကျွန်တော်တို့ သည်အနားအိမ်ကပါ။ ခုတွင်က ဒီအနားမှာ ဆူဆူညံညံ ကြားပြီး တိတ်သွားလို့ ကျွန်တော်တို့ ဝေးဝေးက ချောင်းကြည့်တာ ခင်ဗျားတစ်ယောက်တည်း မြင်တာနဲ့ မေးရအောင် လာပါတယ်"

ဦးဝင်း "မင်းတို့ ငါ့ကိုသိလား"

ငမဲ "ကျွန်တော် ခင်ဗျားကို မသိပါ"

ဦးဝင်း "ဟေ့ ငါ့ကိုမိရင် ဆုငွေ ၁၀၀၀ ပေးမယ်လို့ ကြော်ငြာထားတဲ့ ဦးဝင်းဆိုတာ ငါပဲ၊ ယခုတွင်က သေနတ်သံတွေ စစ်ပုလိပ်သားတွေ ငါ့ကို လာဖမ်းတာကွ။ သူတို့ သေနတ်တွေနဲ့ ဝိုင်းပစ်လိုက်ကြတာ ငါက ရယ်ချင်သကွယ် သေနတ်တွင်မထဲ

www.burmeseclassic.com



စားလုံရော အကုန်ပြီးနေတဲ့ အကောင်ကို သူတို့ပစ်လို့ ငါ ဘာပြောမလဲ။ ဒါနဲ့ ငါလိုက်ပြီး ရုတ်ခြဲကြတော့ ပြေးကုန်ရော။ ငါကလည်း သနားတာနဲ့ မှီအောင် မလိုက်တော့ဘူးကွဲ့။ သူတို့တော့ ဘယ်ထိအောင် ပြေးကြမယ် မသိဘူး"

ခေါင်းကြီး "ကျွန်တော်တို့လည်း ချောင်းကြည့်လို့ မြင်ပါတယ် ဆရာ။ ကိုင်းဆရာ ပျော်ပွဲကလေးများ သုံးဆောင်ရအောင် ကျွန်တော်တို့ အိမ်ကိုကြွပါ" ဟု ခေါ်သဖြင့် ဦးဝင်းသည် ၎င်းတို့နှစ်ယောက်နှင့် လိုက်ပါသွားပြီးလျှင်၊ ချက်ပြုတ် လုပ်ကိုင်ထားသော စားဖွယ် အမဲဟင်းလျာတို့ဖြင့် ကောင်းမွန်စွာ ကျွေးမွေးပြီးလျှင် ချက်အရက်ပုလင်းကို အမဲကင်နှင့် ရှေ့မှာ လာ၍ ချလေ၏။ ဦးဝင်းလည်း အရက်ကို ခွက်ထဲသို့ ငှဲ့လျက် နတ်ကို တင်မြှောက်ပြီး၍ခါ

ဦးဝင်း "တပည့်တို့ ဆရာသည် အရက်သေစာ မသောက်ဖူး၊ သောက်လျှင် မှော်ပျက်လိမ့်မည်။ မင်းတို့ပဲ သောက်ကြပါ" ဟု ပြောသဖြင့် အားလုံး ဝိုင်းဝန်းသောက်ပြီးလျှင်–

ငမဲ "ဆရာရယ် ကျွန်တော်တို့ဟာလည်း လူကောင်းတွေ မဟုတ်ပါ။ ကျွန်တော်က မားပြ ငမဲပါ။ ဟောဟို ဆရာကို ခေါ်တဲ့ လူက ဓားပြဗိုလ် ခေါင်းကြီးပါ။ ကျွန်တော်တို့လည်း ဆရာလို ဆငွေထုတ်ထားတဲ့ လူတွေပါပဲ"

ဦးဝင်း "ဟေ ဟုတ်လား၊ နေရာကျလိုက်လေကွယ်၊ ဆရာလည်း တစ်ယောက်တည်းမို့ အားကိုးရဖို့ အဖော်အပေါင်းလိုက်ရှာတုန်း အဆင်သင့် မင်းတို့နဲ့ လာတွေ့ရတယ်။ ဝမ်းသာ



လိုက်တာကွယ်။ ကိုင်း ဒါဖြင့် မင်းတို့နှစ်ယောက် ရှေ့ကနေ ငါက နောက်လိုက်ငယ်သားလုပ်မယ်။

ခေါင်းကြီး "ဟာ မတော်တာ။ ဆရာ့ရှေ့က ကျွန်တော်တို့ သွားဝံ့ပါ့မလား၊ ခင်ဗျာ။ ဆရာပဲ အကြီးအမှူး လုပ်ပြီး ကျွန်တော်တို့ကို အုပ်ချုပ်ပါခင်ဗျား"

ဦးဝင်း "အကြီးအမှူးအလုပ်ဆိုတာ ငယ်သားတပည့်တွေကို ယုံရရင် ကောင်းပါရဲ့၊ မယုံရလို့ မင်းတို့အားလုံးက ငါ့ကို ဖမ်းပြီး အစိုးရကို အပ်၍ ဆုငွေတွေ ထုတ်ယူတော့ ဘယ့်နှယ်လုပ်မလဲ"

ငမဲ "လုပ်ဝံ့ပါ့မလား ဆရာ။ ကျွန်တော်တို့ဓားနဲ့ အကုန်ဝိုင်းခုတ် ဆရာ ဘာမှဖြစ်မှာ မဟုတ်ဘူး။ ဆရာက တစ်ချက်ယမ်းလိုက်ရင် ကျွန်တော်တို့မှာ အပေါက် သေကုန်မှာပါကလား။ ဒါကြောင့် ဆရာ့ကို ဘယ်သူဝံ့မလဲ"

ဦးဝင်း "ဒါမဟုတ်သေးဘူး။ မင်းတို့ ပြောတဲ့ စကားက လက်ထဲ မားကိုင်ထားတုန်းဆို အဟုတ်သားပေါ့။ ဥပမာ တပည့်တွေ ယုံပြီး စိတ်ချလက်ချ အိပ်ပျော်နေတုန်း လက်မှာ ဘာမျှ လက်နက်မရှိဘူးတဲ့ မင်းတို့က တစ်ကျိပ်၊ ကျိုပ်က တစ်ယောက်တည်း အကုန် ဖိစီးပြီး ကြိုးနဲ့တုပ် ဖမ်းမတဲ့။ ကိုင်း ဘာတတ်နိုင်ဦးမှာလဲ၊ အဲသည်တော့ ဆရာ့ကို အကြီးအမှူးတင်လျှင် အားလုံး သစ္စာရေ သောက်ဝံ့ပါ့မလား"

ထိုအခါ ငမဲနှင့် ခေါင်းကြီးတို့က တပည့်လက်သား အားလုံးထို ခေါ်ပြီးလျှင် "ကိုင်း ဆရာ သစ္စာရေ သောက်ပါတော့မယ်၊ ဆရာ ပေးလိုတာကို ပေးပါ" ဟု ပြောကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးဝင်းက "အင်းဒါဖြင့် ကောင်းပြီ သစ္စာရေသောက်
ဆိုပေတဲ့ ကျွန်မသား စကားမမှန်ရာတဲ့ တနင်္လာနေ့၊ ကြာသပတေး
နေ့၊ သောကြာနေ့များမှာ သစ္စာရေ မတိုက်ရဘူး။ ဘာဖြစ်လို့လဲ အဲသည်
နေ့များ စကားမမှန်တဲ့နေ့ ဆိုလိုတယ်။ အစ်ရှစ်စံထား မှန်စကာ
ဝဲ့။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ အင်္ဂါ၊ စနေ အဲဒီ လေးနေ့မှာ စကားမှန်တ
တယ်တဲ့။ ဒါကြောင့် ဒီကနေ့ဟာ တနင်္လာနေ့ ဖြစ်တယ်။ နက်ဖြန်
သစ္စာရေသောက်ပွဲ လုပ်ကြမယ် ကြားကြရဲ့လား" ဟု ပြောရာ အားလုံ
သော တားဝြများက တို့ဆရာဟာ ပညာလည်းရှိ၊ သိဒ္ဓိလည်းပြီး တယ
အပိုးတန်ပါကလားဟု ချီးမွမ်းကာ လွန်စွာ အားထားကြကုန်၏။

ဦးဝင်း "ဒါထက် ဆရာ တစ်ခုမေးမယ်။ မင်းတို့ ခုလော
ကြာအောင် တိုက်နေတော့ ပစ္စည်းဥစ္စာ ဘယ်လောက်များ
စုဆောင်းမိပြီလဲ"

ငမဲ "ကျွန်တော်တို့ ရတဲ့ပစ္စည်းတွေကို ရွှေငွေဘဏ္ဍာတို့မှာ
အိုးနှင့်ထည့်၍ မြှုပ်ထားပါတယ်။ ဆရာ့ကို အားလုံး ပြပါမယ်
ဆရာ"

ဦးဝင်း "ဓားပြအလုပ်ကို လုပ်တယ်ဆိုတာ စင်စင်မှာ သည်ရွှေ
ငွေစတွေ စုမိရုံနှင့်ဖြင့် ဘာအကျိုးထူးမလဲ။ အကယ်တည့် သိန်းသန်
ကုဋေ စုမိသည့်တိုင်အောင် ဒီပစ္စည်းတွေကို ဘယ်မှာ ချမ်းချမ်း
သာသာ သုံးနေဖို့ နေရာရှိမလဲ။ ဓားပြဆိုတာ အစိုးရ မမိသေး
တော့ တောကြားတောင်ကြားမှာ ပုန်းလျှိုးကွယ်လျှိုးနေ။ အစိုး



တဲ့အခါ ထောင်တန်းတစ်ကျွန်းမှာနေ သို့မဟုတ် ကြိုးပေးလို့
သေ။ ဒီဟာပဲ ရှိတယ် မဟုတ်လား"

အဲဒါကြောင့် အခုရထားတဲ့ ရွှေငွေတို့ကို စရိတ်စက
အတွက်မျှသာ အောက်မေ့ပြီး၊ ကိုယ့်တပ်မှာ လူအား လက်နက်အား
များဖို့လောက်ကို လှုံ့လပြုကြရမယ်။ ဘယ့်နှယ် ဆရာ ပြောတာ
သတ်ကြပါရဲ့လား"

ခေါင်းကြီး "သိပ်ဟုတ်တာပဲ ဆရာရယ်။ ကျွန်တော်တို့ အခု ဆရာ
ကို မိုခိုမိတာ သိကြားစောင်မတာယ် အောက်မေ့တာပဲ။ ယခု
ဆရာ့စကားကို ကြားတာနဲ့ မျက်နှာဖြူအစိုးရကို ကြောက်စိတ်
နည်းနည်းမှ မရှိတော့ဘူး ဆရာ"
ထိုစကားကို ကြား၍ အားလုံး တပည့်များက အသီးအသီး ထ၍
အာခမောင်း ခတ်ကြလေ၏။

အထူးမှတ်ဖွယ်

(ကျွန်ုပ်တို့ မြန်မာထုံးနှံ့ ဝမ်းမြောက်ဖွယ် တစ်ခုကို
ကြားလျှင် လက်ပန်းပေါက်ခတ်ခြင်း၊ ဦးရစ်မြှောက်ရခြင်း
သည်တို့သည် အင်္ဂလိပ်ရိုးရာ ယေးခြင်း ဖြစ်လေသည်။
ယခုအခါ ဝမ်းမြောက်ဖွယ်ကို ကြားက လက်ခုပ်တီးကြ
ခြင်းသည် မြန်မာထုံးစံ မဟုတ်။ အင်္ဂလိပ်ထုံးစံ ဖြစ်လေ
သည်။)

www.burmeseclassic.com

www.burmeseclassic.com



## နောက်တစ်နေ့

နောက်တစ်နေ့သို့ ရောက်သောအခါ နံနက်ခင်း နှင်းမကွဲမီ တ... နှစ်ယောက်နှင့် ဦးဝင်းတို့သည် မိမိတို့ သိုဝှက်ထားသော ပစ္စည်း... ဦးဝင်းအား လိုက်၍ ဖော်ပြကြပြီးလျှင် ပြန်၍ မြှုပ်မြဲမြှုပ်ထားခဲ့... ရ၏။ ထိုကဲ့သို့ ပစ္စည်းဥစ္စာ ထားရာ အလုံးစုံကို ပြပြီး၍ တည်းအိမ်... ပြန်ရောက် ထမင်းများ စားသောက်ပြီးသောအခါ စက္ကူတစ်ခုတွ... အောက်ပါ ကျိန်စာကို ရေးသည်မှာ။

"ကျွန်ုပ်တို့သည် ယခုနေ့မှစ၍ အသက်ထက်ဆုံး ဦးဝင်း... အဆုံးအမအတိုင်း တည်ပါမည်၊ ဦးဝင်းက မြှုဆိုဖြူ မည်း... မည်းပါမည်၊ ဦးဝင်းတို့လည်း မည်သည့်အခါမျှ မကောင်းမကြံ... ဤသစ္စာအတိုင်း မတည်လျှင် အလုံးစုံသော ကုန်းသတ္တဝါ ရေသတ္တ... တို့အား အလုံးစုံသော လက်နက်အားတို့ သင့်၍ သေပါစေသ... ဤသစ္စာအတိုင်း မှန်လျှင် အကြံအောင်၍ ချမ်းသာပါစေသား... ဟူသော စာကို တစ်ယောက်တစ်ခါစီ ဖတ်၍ ၎င်းကျိန်စာရွက်... ပြာချလျက် ရေတွင် ထည့်၍ သောက်ကြ၏။ ဦးဝင်းကလည်း ၎င်း... ကို ခပ်၍ သောက်လိုက်၏။

ထိုကဲ့သို့ သစ္စာရေများ သောက်၍ပြီးသောအခါ ဦးဝင်းက "ကိုင်း... တပည့်တို့ သည့်လိုနေလို့ မဖြစ်သေးဘူး။ တောန... တောင်ကမ်းကြီးရိုးကို သဟဲပြုမှ ကြံတိုင်းအောင်မည်။ သို့အတွ... ဤအရပ်က အနောက်ဘက်ကို သွားလျှင် ချွေးလေး၊ သိန်လာ၊ ရင်ကာ... စသောနယ်၊ ရခိုင်ရိုးမတောင်တော ရှိသည်။ အရှေ့ဘက်ကို သွားလျှ...



ဂွဲတေးတောကြီး ရှိသည်။ အနောက်ကို သွားဖို့မှာ ခရီးဝေးသည်။ အရှေ့ကို သွားဖို့ နီးသည်။ ဘယ်ကို အားသန်ကြသလဲ" ဟု မေးရာ။

အားလုံး ဓားပြများက "နီးရာကိုသာ ဖြတ်မယ် ဆရာ" ဟု ဆိုပြီးလျှင်၊ မိမိတို့ သိုဝှက်ထားသော ဥစ္စာရွှေငွေတို့ကို ဖော်ယူကာ ကိုယ်စီကိုယ်င လွယ်လျက် နေ့အခါမှာ တောချုံတွင်း၌ ပုန်း၍ ညအခါမှာခရီးသွားလျက် လာခဲ့ကြရာ ပန်တပွတ်ချောင်းအနီး ရွာတစ်ရွာနှင့် မနီးမဝေး သရက်တော ငှက်ပျောတောများ ဝန်းရံလျက် လူမရှိသော အိမ်တစ်အိမ်နှင့် အကာအရံ လုံခြုံသော စပါးကျီကြီးကို တွေ့ရလေ၏။

> အကြောင်းကား ၎င်းအိမ်နှင့် စပါးကျီမှာ စပါးများ ရောင်းချပြီး၍ ဓားပြပူလှသဖြင့် လူဝေးသော အရပ်မှာ မနေဝံ့၍ လူများသော ရွာကြီး အတွင်းသို့ ပြောင်းရွှေ့သွားကြသော နေရာ ဖြစ်ချေသည်။

ထိုကဲ့သို့ လှတိတ်ဆိတ်လျက် လုံခြုံသော ကျီကြီးအတွင်းမှာ တည်းခိုလျက် ယူဆောင်လာသော ရွှေငွေတို့ကိုလည်း အိုးဖြင့်ထည့်၍ ခေတ္တ မြှုပ်ထားပေပြန်၏။ ထိုကဲ့သို့ ရွှေငွေဥစ္စာတို့ကို မြှုပ်ထားပြီးနောက် ဦးဝင်းက "တပည့်တို့ ဤပန်တပွတ် မြစ်တန်းတွင် တာရိုးလမ်း တစ်လျှောက်တွင် ဥစ္စာပစ္စည်း ကြွယ်ဝသော လယ်ပိုင်ကရင်များသည် ယခုအခါ စပါးရောင်းချပြီးကြ၍ ငွေပေါတုန်း ဖြစ်သည်။ ဤစပါးကျီကြီးမှာ အလိုအခြည်ကို ကြည့်၍ နှစ်ရက်သုံးရက်မျှ နေအောင်းလျက် ဥစ္စာရှိသော အိမ်တို့ကို နှစ်အိမ်လောက် တိုက်ခိုက်လျှင် တော်တော် စရိတ်အတွက် မှလုံမည် ဖြစ်၍ ဆရာ စုံစမ်းရန် သွားဦးမယ်။ သည်မှာ သတိဝိရိယနှင့် နေရစ်ကြဦး" ဟု ဆိုပြီးလျှင် ထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တော်တော် မိုးချုပ်သောအခါမှ ပြန်လာပြီးလျှင် "တပည့်တို့သည်က မြင်ရသော သွပ်မိုးပျဉ်ထောင် အိမ်ကြီးသည် မကြာမီက စပါးတစ်သောင်း ရောင်းချထားသော ငွေများ ရှိသည် ကြားခဲ့သည်။ နက်ဖြန်ည ဆယ်နာရီလောက် ၎င်းအိမ်ကို သွား၍ တိုက်မည်" ဟု ချိန်းချက်ပြီးလျှင် ထမင်းဟင်းချက်ပြုတ် စားသောက်ကာ နေကြလေ၏။

၎င်းပန်တပွတ်ချောင်းရိုး တဲတားပေါ်တွင် မြင်းစီးလျက်လာသော ပုလိပ်နှစ်ယောက်သည် လမ်းဘေးရှိ သစ်ပင်တိုင်းကို သတိဖြင့် ကြည့်ရှုလျက် လာခဲ့ရာ၊ သရက်ပင် တစ်ပင်၌ ကြက်ခြေခတ်စားနှင့် ခုတ်ထားသော အမှတ်ကို မြင်၍ မြင်းပေါ်မှ ဆင်းပြီးလျှင် ၎င်းသရက်ပင် အကိုင်းခွသို့ တက်ရောက်ကြည့်ရာ စာအိတ်တစ်ခုကို ရ၍ လိပ်စာကို ကြည့်ရာ၊ မအူပင်မြို့ ရာဇဝတ်ဝန် မည်သူဆိုကို အလျင်အမြန် ပို့ဆက်ပါဟုသော လိပ်ကို မြင်ကြရာ၊ မြင်းပေါ်သို့ လွှားခနဲ တက်၍ အပြင်းမောင်းလျက် သွားရောက်၍ ရာဇဝတ်ဝန်ကြီးကို ဆက်သရာ စာတွင် ပါရှိသည်ကား-

"ယခုလပြည့်နေ့ညကို ရာဇဝတ်ဝန်မင်းနှင့် စစ်ပုလိပ် အမှုထမ်း ၂၀ လောက် သေနတ်လက်စွဲနှင့် မည်သည့်ရွာနောက် နှစ်မိုင်လောက် အဝေး၌ လက်တက် ချောင်းကမ်းပါးရှိ ၄က်ပျောပင်၊ သရက်ပင်တို့ ဝိုင်းလျက်ရှိသော စပါးကျီကြီးကို ညအခါ လာ၍ ဝိုင်းဝန်းပါ။ ၎င်းစပါးကျီကြီး အနောက်ဘက် ပြတင်းပေါက်နားကို ပုလိပ်တစ်ယောက် လာရောက် ချဉ်းကပ်ပါ။ ဓားပြများ လက်ကိုင်သေနတ် လေးလက်ကို ချပေးလိုက်မည်။ သေနတ်ကို ရသောအခါမှ တက်၍ ဖမ်းပါဟူ၍ မှာစာကို တွေ့လျှင်၊ ရာဇဝတ်ဝန်မင်းကြီးသည် အရန်သင့် ပြင်ဆင် စောင့်ဆိုင်းလျက် ရှိ၏။



၎င်းနေ့ည မိုးချုပ်သောအခါ ဦးဝင်းနှင့် ဓားပြတစ်ကျိပ်တို့ အဆိုပါ အိမ်သို့ သွားရောက်တိုက်ခိုက်ရာ ငွေ ၄၀၀၀ ကျော်လောက်သာ ရရှိသဖြင့် ၎င်းငွေများကိုလည်း သုံးစွဲလောက်ရုံသာ ချန်ထား၍ မြေမြှုပ်ထားပြန်၏။

နံနက်မိုးလင်းသောအခါ ဦးဝင်းက "တပည့်တို့ ယခုနေ့ညတွင် နယ်စောင့်နတ်များကို တင်မြှောက် ပသရန် ဝမ်းဘဲကြက်များ အရက်များကို မင်းတို့ တစ်ယောက်ယောက် ရုပ်ဖျက်ကား...ှားလျက် ခပ်များများ ဝယ်ချေ" ဟု စေသဖြင့် ဝယ်ယူရရှိ ပြန်လာပြီးသော ၎င်းဝမ်းဘဲကြက်များကို ကောင်းစွာ ချက်၍ ထမင်းသေစာများနှင့် ညနေ ငါးနာရီလောက်က စပါးကျီထဲတွင် နတ်တင်ကြလေ၏။

၎င်းညတွင် ဓားပြများသည် အလွန် ပျော်ရွှင်စွာ ကြက်သား ဝမ်းဘဲသားတို့ဖြင့် ချက်အရက်တို့ကို များစွာ သောက်စား မူးယစ်ကြပြီးလျှင် တွေ့ကရာ နေရာတွင် လူမှန်းမသိ လဲ၍ အိပ်ကြလေ၏။

ဦးဝင်းခေါ် မောင်နေမောကား အရက်ကို မသောက်ဘဲ ထမင်းဟင်းတို့ကိုသာ စား၍ ဓားပြများ အိပ်ကြသောအခါ၊ အသက် အသံမပြဘဲ သေနတ် စသော လက်နက်တို့ကို အပေါက်နားသို့ အသာစုပုံချထားပြီးလျှင်၊ မိမိချိန်းချက်သော နေ့ဖြစ်၍ လူများ အလာကို စောင့်နေကြည့်ရှုရာ၊ လူတစ်ယောက်သည် ပြတင်းပေါက်နားသို့ လာ၍ ခုတ်ဖျားတွင် စာရွက်ကို ကပ်၍ ပြတင်းပေါက်ကို ထိုးပေး လိုက်၏။ ၎င်းစာကို ဖတ်ကြည့်သောအခါ-

အားလုံး အသင့်ဝိုင်းဝန်းပြီးပြီ လက်နက်များ ချပေးလိုက်ပါဟု ဖတ်ကြည့်ပြီးနောက် သေနတ်လေးလက်၊ ဆောင်စား ၊ လေးလက်တို့ကို ချပေးလိုက်ပြီးလျှင်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်ဝန်ကြီးလည်း ပုလိပ်များနှင့် စပါးကျီ ထံခါးဂုံ ဖွင့်ကာ မီးစည်းမီးတုတ်များနှင့် တက်ရောက်ကာ အားလုံး ဓားပြတို့ကို လက်ထိပ်ခတ်၍ ဖမ်းဆီးပြီးလျှင် လာသော သင်္ဘောတလေးပေါ်သို့ တင်၍ သွားလေ၏။

နေမေမူကား "ကျွန်တော်နောက်မှ သမ္ဘန်နှင့် လိုက်လာပါမည်။ အတူတူ လိုက်လျှင် ဓားပြများ ကျွန်တော်မျိုးကို အငြိုးထားမည်။ သို့အတွက် တရားခံများကိုသာ ဖမ်း၍ ကြွနှင့်ပါတော့" ဟု မှာပြီးလျှင် မိမိမူကား ဓားပြများ မြှုပ်ထားသော ရွှေငွေတို့ကို ဖော်ယူလျက် သမ္ဘန်ငှားပြီးလျှင် နောက်မှ လိုက်သွားလေ၏။ ဓားပြများကိုလည်း ထင်ရှားသောသူများ ဖြစ်ကြ၍ အချို့ တစ်ကျွန်း၊ အချို့ ထောင်ဒဏ်တို့ဖြင့် ကြီးစွာ အပြစ်ပေးလိုက်လေ၏။

နေဇကိုမူကား ကြော်ငြာသော ဆုငွေကို ပေးလိုက်လေ၏၊ ၎င်းလိမ်မှုတွင် ဆုငွေရော ဓားပြများ ဥစ္စာရော နေမော များစွာ ရလိုက်၏။ ၎င်းပစ္စည်းများနှင့် ရောင်းဝယ် ကုးသန်း၍ သော်လည်းကောင်း၊ လယ်မြေများကို ဝယ်ထား၍ သော်လည်းကောင်း အခြေမိုက်လိုက်လျှင် ဤတစ်သက် ဆင်းရဲနိုင်မည် မဟုတ်ချေ။ သို့ရာတွင် မိုက်သောသူသည် ရသရွှေ့ကိုပင် ကုန်အောင် ဖြုန်းသဖြင့် မကြာမီ တော်မြပင် တော်ပြန်ရှလသတည်း။

ဥပဒေသ

မိုက်မဲသောသူများ၏ ဥစ္စာရခြင်းသည် အိုးပေါက်နှင့် ထည့်သော ရေကဲ့သို့ လည်းကောင်း၊ အိတ်ပေါက်နှင့် ထည့်သော ပဲကဲ့သို့ လည်းကောင်း၊ ကြီးပွား တိုးတက်ခြင်း



မဖြစ်သည့်အပြင် လျှင်မြန်စွာ ကုန်လမ်းသော ရှိချေတော့၏။ အနာထပိဏ် သူဌေးတူ ဘာဂိနေယတို့ကဲ့သို့တည်း။

မှတ်ချက်။ ။ ၎င်းလိမ်နည်းတွင် ဓားပြတစ်ကျိပ်ကို မဟာမကရင်အိမ်မှာ တွေ့ကတည်းက ဖမ်းဖို့ သတင်းပေးနိုင်သည်။ သို့ရာတွင် ထိုကဲ့သို့ ဖမ်းလျှင် မိသူကိုသာ မိ၍ လွတ်သူ လွတ်မည်။ အားလုံးကို မိပါစေမည်ဟု ဝန်ခံခဲ့သည့်အတိုင်း ပိုင်ပိုင်နိုင်နိုင် မိအောင် သေနတ်ပြီး ဟန်ဆောင်၍ ပူးပေါင်းရခြင်း ဖြစ်ချေသည်။

■

www.burmeseclassic.com

## သူခိုးလုပ်၍လိမ်ခြင်း

လူလိမ်ကြီး မောင်နေဝသည် ပေါ်တန်ကင်းတွင် တုန်ကင်းလိုက်သော သူများနှင့် အကျွမ်းတဝင် ပြု၍၊ တုန်ကင်း စပါးတင်သွားတိုင်း လူပို အလုပ်မရှိ လိုက်ပါသွားတတ်သော အလေ့ရှိ၏။ ၎င်း တုန်ကင်းများ သည် ဒေးဒရဲနယ် မိချောင်းအိုင်ချောင်း အလုပ်ကြီး ကျုံ့သင်း စသော အရပ်ဒေသများသို့ စပါးတင်ရန် သွားရောက်သော တုန်ကင်းတွင် လိုက်သွားလျက်၊ ၎င်းချောင်းတွင် ရွာတစ်ရွာသို့ လှည့်လည် နှံမိုးလျက် နေ၏။

၎င်းရွာတွင်ကား ရှေးက သူကြီးလုပ်လျက် အခွန်တော်ငွေကို အလွဲသုံးစားပြုသဖြင့်၊ အရေးကျသော လူတစ်ယောက်သည် အာမှု အလုပ်လည်း ကြီးစွာ မရှိဘဲ၊ အိမ်ကြီးရခိုင်နှင့် ထည်ထည်ဝင့်ဝင့်



နေနိုင်ခြင်း အကြောင်းမှာ ၎င်းလူသည် အတော် လည်ပတ်လျက် သူခိုးဓားပြများကို မွေးလေ့ ရှိတတ်၏။

သူတစ်ပါးကို မတရား အမှုဆင်လျက် ငွေကို လိမ်လည်ယူတတ် ၏။ သို့ရာတွင် သူရသတ္တိကား အလျဉ်းမရှိချေ။ ငွေကို မြင်လျှင် ငမ်းငမ်းတက် လောဘကြီးလျက် အပြစ်ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ငွေရလျှင်ပြီးရော လုပ်တတ်သည်။

ထိုလူလင်မယား၏ အကြောင်းကို မောင်နေဝက သိရှိနားလည် ပြီး၍ ၎င်းလူကိုပင်ငါလိမ်ကောမည်ဟု အောက်မေ့ပြီးကာ၊ မိမိနေရာ မြို့သို့ ပြန်ခဲ့လေသည်။ ပြန်ရောက်ပြီးသည်နှင့် ဈေးထဲက ခဲမဖြူ ဓါ ဘင်ကို ဝယ်၍ ကျွတ်ကြေးနီတို့ကို ရောစပ်လျက် ကော်ဖြင့် လုပ်သော ဒင်္ဂါးပုံများကို လုပ်၍ ၎င်းစပ်ထားသော ခဲတို့ကို ငွေဒင်္ဂါးတု သွန်းရာ ငါးရာမျှလောက် ရရှိသည်ကို ကောင်းစွာ သိမ်းထားလျက်၊ စပါးပွဲစားကြီးများ ငွေဒင်္ဂါးထည့်သော တစ်ထောင်ကျော်ဝင် ကွန်ချာ ငွေအိတ်ကြီး နှစ်လုံးကို ရှာဖွေ ယူလာပြီးလျှင်၊ ၎င်းငွေအိတ်အတွင်းသို့ သွင်းလိုက်လျှင် အတော်ရှိအောင် ရွှံ့စေးစေးကို ငွေအိတ်သဏ္ဌာန် ရှည်လုံးလုံးလုပ်၍ ခဲဖြင့်သွန်းလုပ်ထားသော ဒင်္ဂါးတုများကို ရွှံ့လုံးကြီး အပြင်က ရွှံ့ကို မမြင်အောင် ကပ်လျက် အိတ်ထဲသို့ သွင်းလိုက်သော အခါ အပြင်က ကြည့်လျှင် ဒင်္ဂါးများ အိတ်နှင့်ပြည့်အောင် ထည့်ထား သည် ထင်ရ၏။

၎င်းငွေဒင်္ဂါးအိတ်ကြီးသည် ငွေအပြည့် ထည့်လျှင် ၁၅၀၀ ကျပ် ချောင်ချောင်ဝင်သည်။ ၎င်းအိတ်နှစ်လုံးကို လုပ်၍ အဝတ်နှင့် ထုပ်ကာ ၎င်းလူလင်မယားရွာသို့ စပါးတင်သွားမည့် တုန်ကင်းပေါ်တွင် ဆောင်ထား လိုက်သွားလေ၏။

www.burmeseclassic.com



နေ၀ — "မင်းတို့ ငါ့ကို တစ်ခု ဆောင်ရွက်ပေးပါ။ တစ်ယောက်ကို ငွေ ၂၀ ကျပ်စီ ပေးမည်ဟု တုန်ကင်းသမားများကို ပြောရာ—

တုန်ကင်းသမား — "ဘယ်လို ဆောင်ရွက်ရမလဲ ပြောပါဆရာ" ဟု မေးကြ၏။

နေ၀ — "သည်လိုကွယ် မင်းတို့ စပါးတင်တဲ့ရွာမှာ တုန်ကင်းဆိုက်တဲ့ ဆိပ်ကမ်းနဲ့ တစ်ခေါ်လောက်သာသာကြီး အိမ်တစ်အိမ်ရှေ့မှာ မျှင်ဝါးတွေ ပုံထားတဲ့ ပျဉ်ထောင်အိမ်ကြီးကို မင်းတို့ ရောက်ဖူးကြရဲ့လား"

တုန်ကင်းသမား — "ရောက်ဖူးပါတယ် ဆရာ။ ကျွန်တော်တို့တောင် စပါးပုံ ဘေးကာဖို့ ဝါးသွားဝယ် သေးတယ်"

နေ၀ — "အေး ဟုတ်ပြီ။ အဲဒီအိမ်ကို မှတ်ထား။ ညနာရီပြန် နှစ်ချက်လောက်မှာ ငါက အထုပ်တစ်ခုကို ထမ်းပြီး ဆင်းသွားမယ်။ ဆော်တော်လှမ်းလှမ်းက မင်းတို့ တုတ်ဓားများကို ဆွဲလျက် သူခိုး သူခိုးဟု လိုက်ကြ"

"ငါပြတဲ့ အိမ်နားကို ရောက်တော့ အဲဒီ အိမ်နောက်ဖေးကိုပဲ ဝင်သွားတာပဲဟု တစ်ယောက်ကပြော"

"တစ်ယောက်က စပါးပိုး ချေဖို့ ပွဲစားကြီးက သူဌေးဆီက ငွေတွေ ထုတ်လာပြီး တုန်ကင်းမှာ အပ်ထားတယ်။ ပွဲစားကြီး မရှိတုန်း ငွေအိတ်နှစ်လုံး ဆွဲချသွားတာပဲ။ ငွေ ၃၀၀၀ ကျော် ပါသွားပါတယ်ဟု ပြော"

"နောက်ပြီး ယော့ ဒီအနီးအနားမှာ လူမပြတ်စေနဲ့။ ငါပွဲစားကြီး သွားခေါ်ပြီး သူကြီးအိမ်ကို တိုင်၍ လာခဲ့မယ် စသည်ဖြင့် ဆော်ကျော်ဟစ်ကျော် ပြောဆိုပြီးလျှင် မင်းတို့ပြန်တော့" ဟု မှာထား၏။



ငှင်းစပါးတုန်ကင်းသည် ငှင်းရွာသို့ ရောက်ရှိ ဆိုက်ကပ် စပါးတင်လျက်နေစဉ်၊ နောက်တစ်ညသွဲ့ သန်းခေါင်ကျော် နာရီပြန် နှစ်ချက်လောက် ရှိသောအခါ၊ တန်ကင်းလေးငါးဆင်း ဆိုက်ထားသောအနက် တုန်ကင်းတစ်စင်းက လူများသည် တုတ်ဓားများကို ဆွဲကိုင်လျက်။

"လူ လူ လူ သူခိုးပါဗျို့" ဟု အော်ဟစ်ကာ လိုက်ကြရာ၊ အခြားတုန်ကင်းက လူများလည်း ဘာမသိ ညာမသိ ရောနှောလိုက်ကြ၏။ ရွာတွင်းက အိမ်များကလည်း အိမ်ရှေ့တွင် မီးခွက်များကို ထွန်းကြလေ၏။

မောင်နေမှော်မူကား ငွေအိတ်ကြီး နှစ်လုံးကို ပခုံးပေါ်မှာ ခွထမ်းလျက် ဆိုအပ်ခဲ့ပြီးသော ပျဉ်ထောင်အိမ်ကြီး နောက်ဖေး ရေသွန်ခန်းတံခါးနားမှာ ကပ်လျက် ထိုင်နေလေ၏။ သူခိုးလိုက်သော တုန်ကင်းသမားများကလည်း မှာထားခဲ့သည့်အတိုင်း ယော့ သူခိုးဟာ ဒီအိမ်နားမှာ မျက်ခြည်ပြတ်သွားတာပဲ" ဟု ကြိမ်းဝါး အော်ဟစ်ကာ နေကြလေ၏။

အိမ်ရှင်မှာလည်း ငါ့အိမ်နောက်ဖေးများ ကပ်နေသလားဟု မီးခွက်ကို ကိုင်လျက် လက်တစ်ဖက်က ဓားဖြင့် နောက်ဖေး ရေသွန်ခန်းကို ဖွင့်လိုက်ရာ သူခိုးသည် ငွေအိတ်ကြီး နှစ်လုံးကို ထမ်းလျက် ထိုင်နေသည်ကို မြင်လျှင်—

"ဟောအကောင် မင်း ဘယ်မှ မပြေးနဲ့" ဟု ဒေါက်ရာ

သူခိုးက ရှိခိုး၍, "ကျွန်တော့်ကို ချမ်းသာပေးတော်မူပါ။ ကျွန်တော် ကျေးဇူးဆပ်ပါ့မယ်" ဟု ပြောလိုက်ရာ—

အိမ်ရှင်မှာ "သူခိုး မျက်နှာကိုကား သေသေချာချာ မကြည့်။ ဒင်္ဂါးတွေ ပြည့်နေသော ငွေအိတ်ကြီး နှစ်လုံးကိုသာ မီးခွက်နှင့် ထိုးကြည့်

www.burmeseclassic.com

www.burmeseclassic.com



လျက် ငါ ဒီငွေတွေ အကုန်ရအောင် ဘယ့်နှယ်ကြံရပါ့မလဲဟု စဉ်းစား နေခိုက် တုန်ကင်းက သူခိုးလိုက်သူများကလည်း–

"ဟော လာကြ သူခိုး ဒီတစ်ဝိုက်က ဘယ်မှ မပြေးဘူး။ အိမ်ကြား နောက်ဖေးတွေ လျှောက်ပြီး နင်းတာပေါ့" ဟု ပြောသံကို ကြားလိုက် သောအခါ သူခိုးလည်း နောက်ဖေးအိမ်သာသို့သွားသော တံတားပေါ်ကို ပြေးလျှောက်ကာ ၎င်းအိမ်နောက်ဖေး အိုင်ကြီးထဲသို့ ငွေအိတ်နှစ်လုံးကို ပြစ်ချလိုက်ပြီးလျှင် အိမ်တွင်းသို့ ပြန်ဝင်လာလျက် အိမ်ရှင်ကို ရှိခိုး၍ "ကျွန်တော့် အစ်ကိုတို့ အိမ်အတွင်းမှာ ခေတ္တပုန်းနေပါရစေခင်ဗျာ"

သူခိုးနှင့် ထက်ဝက်စားလုပ်နေသူဖြစ်၍ "ဟော ဟော အိမ်ထဲ မြန်မြန်ဝင်" ဟု ဆိုကာ နောက်ဖေးတံခါးကို ပိတ်လိုက်လေ၏။ သူခိုး လည်း လှေကားအောက်က စပါးပုတ်ဖဲမှာ ဝင်၍ ဝပ်နေစေ၏။

သူခိုးလိုက်သောသူများကလည်း အိမ်ကြိုအိမ်ကြား နောက်ဖေး အိမ်သာမကျန် ရှာ၍ မတွေ့သောအခါမှ၊ မိမိတို့ နေရာသို့ အသီးသီး ပြန်လာကြလေ၏။ လိုက်လာသောသူများ ပြန်ကြ၍ တိတ်ဆိတ်သော အခါ နာရီပြန် သုံးချက်လောက် အချိန်တွင် ပုတ်တွင်းမှ ဝပ်လျက် ရှိသော သူခိုးသည် ထလာပြီးလျှင် အိမ်ရှင်လင်မယားနှင့် စကား ပြောနေသည်မှာ–

**အိမ်ရှင်** "ဟေ့ မောင်ရင် မင်းကို တယ်ရသည့်အတွက် တို့ကို ဘယ်လောက်ပေးမလဲ"

**သူခိုး** "ခင်ဗျားတို့ ကျေးဇူးကြီးလှပါတယ်။ ယခု ကျွန်တော် ယူလာသော ငွေ ၃၀၀၀ ကျော်ဝါတယ်။ ကျွန်တော်ဟာ သူခိုး ဆိုပေမဲ့ သာမည မဟုတ်ပါ။ ဘယ်လောက်လုံတဲ့ အိမ်ကိုဖြစ်ဖြစ်



ဝင်နိုင်ပါတယ်။ ဘယ်လောက်ကောင်းတဲ့ သံသေတ္တာကိုဖြစ်ဖြစ် လက်ဝါးနှင့် ပုတ်လိုက်လျှင် ပွင့်ပါတယ်။ ဒီလိုစွမ်းပေမယ့် ကိုယ့်အမျိုးသားများ ဥစ္စာကို တစ်ပြားတစ်ချပ် မပြစ်မှားပါ။ ယခုဟာက လူမျိုးခြား စက်သူဌေးတွေ ငွေမို့လို့ ကျွန်တော် မရအရ ယူလာပါတယ်။ အစ်ကိုတို့ အစ်မတို့ ကျွန်တော့်ကို ကယ်တဲ့အတွက် နောက်ကို မကြာမီ ကျေးဇူး လာဆပ်ပါဦးမယ်။ ခုငွေ ၃၀၀၀ ကို အကုန်လုံး ပေးနိုင်ခဲ့ပါရဲ့။ နို့ပေမဲ့ ကျွန်တော့်မှာ ချစ်တီးကျေးကာ အတော်ပူနေလို့ အကုန် မပေးနိုင်သေး၍ တစ်ဝက်သာ ယူပါ။ ကျွန်တော့်ကို ငွေ ၁၅၀၀ မျှသာ ပေးပါတော့။ ယခုည မိုးမလင်းခင် ပြေးမှ နေရာကျမည်" ဟု ပြောသောအခါ။

အိမ်ရှင်လင်မယားကလည်း သူခိုးနှင့် ဓားပုံစားလုပ်နေကြသည့် ပြင်၊ အခြားသူခိုးများမှာ အောက်စောင့် ရှေ့သွားနှစ်ယောက် ရှိမှ ဖြစ်သည်။ ၎င်းလူမှာ တစ်ယောက်တည်းနှင့် စွမ်းနိုင်သည်။ ဒီသူခိုးမျိုး ကို လက်ကိုင်ရလျှင် ငါတို့မှာ ချမ်းသာမှာပဲဟု များစွာ အားကိုးစရာ ရှုအလားအလာကို မျှော်လျက် အိမ်ရှင်က "မောင်ရယ် မောင့်ကို ကယ်ဆယ်ရတာ မောင့်ငွေကို သည်လောက်လို၍ မဟုတ်ပါ။ ချက်မှာ ခင်ရုံနှင့် ညီကလေးလို အောက်မေ့၍ ကယ်မပါတယ်။ နောက်ကို ကောင်လာလျှင် ကျုပ်တို့နှင့် အတူတူ နေပြီး စီးပွားရှာပါ။ မောင် သာမျှ မပူမပင်ရအောင် ကျုပ်တို့က ထားပါမယ်။ လာဆိုလျှင် မကြာ နှင့် ယခုအခါမှာ စပါး ရောင်းပြီးစ လယ်သမားတိုင်း ငွေလိုင်တဲ့ အခါ ဖြစ်ပါတယ်။ မောင် လိုသမျှကိုလည်း ပေးလိုက်ပါ့မယ်။ မကြာမီ ပြန်လာခဲ့စေချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူခိုး "ကျွန်တော် နေတာ ဒေးဒုရဲ့အထက် ကျုံပုတ်ရွာမှာ နေတယ်။ ကျွန်တော့်မှာမည် မောင်တက်တိုးလို့ မေးပါ လူတိုင်း သိပါတယ်။ ဒီက ပြန်သွားပြီး ချစ်တီးကြွေးဆပ် သားမယားများ စားရေရိက္ခာ ဆန် ဆီ စသည် ဝယ်ပေးပြီး၊ ချက်ချင်း ပြန်လာပါ့ မယ်။ နောက်ကို ကြာလှရင် အလွန်ဆုံး ငါးရက်ပဲ ကြာမယ်။ အဲ ကျွန်တော့်မှာ ဒီပြင် အပူ မရှိပါဘူး။ ဒီအပူတစ်ခု အေးလျှင် အစ်ကိုတို့နှင့် ဆယ်နှစ်ပင်ကြာကြာ နေနိုင်ပါတယ်" ဟု ပြောသောအခါ အိမ်ရှင်လင်မယားမှာ ဝမ်းသာမျိုးမက ဝမ်းသာ လှ၍ သူခိုးက တောင်းသော ငွေ ၁၅၀၀ ကိုလည်း ထုတ်ပေး သည်။ လမ်းတွင် ရုပ်တစ်မျိုး ပြောင်းရန် ထားဝယ်လုံချည် အသစ်၊ သက္ကလပ်အင်္ကျီအသစ်၊ ပဝါအသစ်တို့ကို လက်ဆွဲ သွားရေအိတ်နှင့် ထည့်၍ ပေးလိုက်၏။ လမ်းတွင် စက္ကူ မဖျက် ဘဲ လွယ်လွယ်ကူကူ သုံးရန်ကိုလည်း ငွေသား ၅၀ ကို အိတ်တွင် ထည့်၍ ပေးလိုက်၏။

သူခိုးလည်း မိုးမလင်းမီ လေးနာရီလောက် အိမ်မှ ထွက်သွား၍ တော်ရာမှာ ခိုလျက် သမ္ဗန်ကြုံ စီးပြီးကာမှမိမိနေရပ်သို့ ပြန်လာလျက် ရောက်ရှိ စားသုံးကာ နေလေ၏။ တုန်ကင်းသမားများ ပြန်ရောက် လာသောအခါလည်း ကတိအတိုင်း တစ်ယောက်ကို ငွေ ၂၀ စီ ပေးလိုက် ၍ ကျေနပ်ကြလေ၏။

သူခိုး ထွက်သွားပြီးနောက် နံနက် မိုးမလင်းမီ အိမ်ရှင်သည် နောက်ဖေးရေအိုင်ထဲမှာ ငွေအိတ်နှစ်လုံးကို ဆင်း၍ စမ်းရာ တွေ့ရှိ၍ ဆွဲယူလိုက်ရာ၊ အတွင်းက ခဲသော ရွှံ့လုံးနူးလျက် နူးပြစ်ကာ ကျသွား သော် အပြင်မှာ ကပ်ထားသော ခဲဒင်္ဂါးတုတစ်အိတ်တွင် သုံးရာ၍



လောက်သာ ကျန်၍ အိတ်ကို ဆွဲလှုပ်လိုက်ရာ ဒင်္ဂါးသံ ချွင်ချွင် မမြည်ဘဲ ခဲမဖြူသံ ဂျက်ဂျက်မြည်ကာ အိတ်နှစ်လုံးကို အိမ်ပေါ်သို့ ဆွဲတင်ကာ မိမိကိုယ်ကို ရေချိုးလျက် အိတ်နှစ်လုံးကို သွန်သောအခါ ခဲဒင်္ဂါးများကိုသာ တွေ့လျက် အိတ်ထဲမှာ ပြည့်ကျပ်နေသော ဒင်္ဂါး တွေ ဘယ်ရောက်ကုန်ပါလိမ့်မလဲဟု တွေးတော ငေးမောလျက် နေကြ လေ၏။

ယောက်ျား "မဟုတ်ပါဘူး။ ညက ငါ မီးခွက်နှင့် သေသေချာချာ ထိုးကြည့်တာ ငွေတွေကို အပြည့်အကျပ် မြင်ပါတယ်။ ယခု ဘယ့်နှယ် ဖြစ်သွားပါလိမ့်မလဲ"

မိန်းမ "ကျုပ်လည်း အမြင်သားပဲ။ ဒီအကောင်ဟာ ကိုယ် ဖျောက်တတ်ကယ် ထင်တယ်၊ သူ့ငွေတွေ သူ ပြန်ယူသွား သလား မသိဘူးတော့"

ယောက်ျား "မင်း တွေးတာလည်း မဟုတ်သေးပါဘူး။ သူ့ငွေ သူ ပြန်ယူရင် ဒီခဲဒင်္ဂါးတွေက ဘယ်က ရလို့ထားသလဲ။ ငါလည်း သူ ထွက်သွားကတည်းက တစ်ညလုံး မအိပ်ဘဲ ငွေအိတ်ကို သူများ ဖော်ယူမှာစိုးလို့ မိုးလင်း စောင့်ကြည့်နေတာ ရေအိုင်မှာ ရေတောင် မလှုပ်ဘူး"

မိန်းမ "ကဲလေ ဒါတွေ တွေးမနေနှင့်တော့ သည့်ပြင်ဟာထက် ခဲဒင်္ဂါးတွေ လူတွေ့ကုန်ရင် ကိုယ့်ပေါ်မှာ အမှုဖြစ်ဦးမယ်။ သည်ဟာတွေကို ဒယ်အိုးနှင့် အရည်ကျိုပစ်လိုက်ပါ" ဟု ဆိုပြီး လျှင် ၎င်းခဲဒင်္ဂါး ၆၀၀ လောက်ကို ဒယ်အိုးနှင့် အရည်ကျို၍ အခဲကြီး လုပ်ထားလေ၏။ ချိန်းရက်စေ့၍ သူခိုးထွက်လာ မလာ

www.burmeseclassic.com

www.burmeseclassic.com



တော့မှ ခြောက် လူပါး ဝလင်းထိ ဆိုတာလို တို့ငွေ ၁၅၀၀ ကျော်တော့ ခကန်လီမ်သွားတာပဲဟု ညည်းညူလျက် နေလေ၏။

ဒါတောင် စိတ်မကျေနိုင်သေးဘဲ ဒေးဒရဲအထက် ကျုံပုတ်ရွာကို လိုက်သွား ရောက်ရှိလျက် "မောင်တက်တိုးဆိုတာ ဘယ်မှာ နေပါသလဲ" မေးရာ ကျုံပုတ်ရွာသားများက "ဒီရွာမှာ မောင်တက်တိုးဆိုတာ နာမည်တူတောင် မရှိဘူး" ဟု ပြောတော့မှ စိတ်မောကာ အိမ်ကို ပြန်သွားပြီးလျှင် မိန်းမရေ စိတ်သာချတော့ တို့ကိုတော့ လူလိမ်သွားတာ အမှန်ပဲ" ဟု ဟီးချလိုက်လေ၏။

## ဥပဒေသ

**ထို့ကြောင့် လောကမှာ မည်သူမဆို သူတစ်ပါး ပစ္စည်းကို မတရားသဖြင့် အနိုင်ထက် လိုချင် ရမ္မက်ကြီးသော သူများသည် မိမိပစ္စည်း ကုန်တျမြင်းသော အကြောင်းရှိ၏။ သူတစ်ပါး အပေါ်မှာ မတရား အမြဲကြံသော သူသည် မိမိ အပေါ်၌ မတရားကြံမည်ကား မချွတ်တည်း။**

ဤအကြောင်းကို ဝတ္ထုသက်သေ ပြလိုက်ဦးအံ့။ ရှေးသောအခါ တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်သော မင်းတစ်ပါးသည် တရား အလွန်စောင့်၍ သူတစ်ပါးကို မညှဉ်းဆဲတတ်၊ သူတစ်ပါးကို ညှဉ်းဆဲသူသည် မိမိကိုလည်း ညှဉ်းဆဲမည့်သူ တွေ့တော့မည်ဟု အမြဲ ယုံကြည် ကြောက်လန့်၏။ အခါတစ်ပါး ဥယျာဉ်မှူးသည် နန်းတော်သို့ ဝင်လာပြီးလျှင် အရှင်ဘုရား ဥယျာဉ်တော်၌ အရှင်မင်းမြတ် ပွဲတော်တည်ရန် သစ်သီးများသည် ကျေးတွေ၊ ငှက်တွေ ဖျက်ဆီးသဖြင့် တစ်လုံးမျှ



အကောင်း မရတော့ပါ။ သို့အတွက် ငှင်းကျေးငှက်များ နောင်မလာဝံ့အောင် လေးသမားများ သနားတော်မူပါဘုရားဟု လျှောက်၏။

ထိုအခါ ဘုရင်မင်းမြတ်က အချင်း ဥယျာဉ်မှူး အကုသိုလ်ကို သင် အလိုမရှိနှင့်၊ သူမကောင်းသူသာ ဖြစ်ပါစေ။ ငါ့ဥယျာဉ်ကို ဖျက်လျှင် သူတို့ကိုလည်း ဖျက်ဆီးမည့်သူ ပေါ်တော့မည်မှာ မချွတ်တည်း။ အသင်လည်း လျစ်လျူရှု၍သာ နေတော့ဟု မိန့်တော်မူလိုက်လေ၏။

ထိုစကားအတိုင်း နောက်များ မကြာမီ သိန်းတိုက်ယောက်ျား တစ်ယောက်သည် မင်း၏ ဥယျာဉ်ကို ဝင်လျက် ကျေးငှက်တွေကို သိန်းနှင့် တိုက်သွားသဖြင့် ငှက်အများ သေကျေ ပျက်စီးကြ၏။ ထိုအကြောင်းကို ဥယျာဉ်မှူးသည် နန်းတော်သို့ ဝင်၍ သံတော်ဦး တင်ပြရာ–

အင်း သိန်းတိုက်ယောက်ျားကိုလည်း နိုင်မည့်သူ ပေါ်ဦးမည် မချွတ်ဟု ဆိုလိုက်ဘိ၏။

နောက်တစ်ဖန် သိန်းတိုက်ယောက်ျား ဥယျာဉ်သို့ လာ၍ ငှက်အများကို သိန်းနှင့်ဖမ်း၍ ယူစဉ်၊ တောင်ပို့တစ်ခုမှ မြွေဟောက် ထွက်၍ ပေါက်သတ်သဖြင့် သိန်းတိုက်ယောက်ျား သေပြန်၏။

ထိုအကြောင်းကို ဥယျာဉ်မှူးက နန်းတော်သို့ ဝင်၍ တင်လျှောက်ပြန်ရာ ဘုရင်က အင်း သူတစ်ပါး အသက်ကို ညှဉ်းဆဲသော မြွေဟောက်ကို ညှဉ်းဆဲမည့်သူလည်း မကြာမီ တွေ့လတ္တံ့ဟု ဆိုလိုက်၏။

နောက်များ မကြာမီ အလမ္ပာယ်သမား တစ်ဦးသည် ဥယျာဉ်သို့ ဝင်လျက် တောင်ပို့က မြွေဟောက်ကြီးကို ဖမ်းယူ ညှဉ်းဆဲ မြို့ပြသို့ သွင်း၍ ယူသွားပြန်၏။ ဤကဲ့သို့ တစ်ဆင့်ခံစ်ဆင့် ပြုလျှင် အသက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျှင် အပေါင်းဟူသော စကားအတိုင်း သူတစ်ပါးကို မမှန်မကာ
ပြုသူမှန်က မိမိကို အမှန်အကန် ပြုမည်သူ မရှိနိုင်ရချေ။

ထို့ကြောင့် လောကီအင်္ဂဝိဇ္ဇာ ဗေဒင်ကျမ်းတွင် တနင်္ဂနွေ
နံ့စုတ်ငှက်ကို ဗုဒ္ဓဟူးဘား စားသည်။ ဗုဒ္ဓဟူးဘားကို စနေမြွေ မျိုသည်
စနေမြွေကို အင်္ဂါဥဒေါင်း ပေါက်သတ်သည်။ အင်္ဂါဥဒေါင်းကို
သောကြာမှဆိုး လေးနှင့် ပစ်သတ်သည်။ သောကြာမှဆိုးကို တနင်္လာ
ကျား စားသည်။ တနင်္လာကျားကို ကြာသပတေးခြင်္သေ့ ဟောက်သ
သည်။ ကြာသပတေးခြင်္သေ့ကိုလည်း တနင်္ဂနွေ နံ့စုတ်ငှက် မာယာပြ
သတ်သည်ဟု အဆင့်ဆင့် ရန်အလှည့် ကြုံကြိုက်ကြခြင်းကို ပြ
သည်။

ထို့ကြောင့် မိမိ အသက်ရှည်လိုလျှင် သူတစ်ပါးကို မသတ်
မိမိ ဥစ္စာ ပွားများလိုလျှင် သူတစ်ပါးပစ္စည်းကို မတော်မတရား မ
နှင့်၊ မိမိ ပညာကြီးလိုလျှင် သူတစ်ပါး ပညာတတ်သည်ကို မနာ
မရှိနှင့်။ မိမိ ထင်ပေါ် ကျော်စောလိုလျှင် သူတစ်ပါးကို အမနာပကဲ့
ရှုတ်ချ၍ အကျော်အစောမဲ့အောင် မပြုနှင့် စသည်ဖြင့် အစွဲအမြဲ မှတ်
ပါလေ။

■

# ဆေးဆရာလုပ်၍လိမ်မှု

လုလိမ်ကြီး မောင်နေသေည် အခါတစ်ပါး မော်ဆရာ အသွင်ဖြင့်
ဆေးအိတ်ကြီးကို နောက်ပါ တပည့်တစ်ယောက်ကို ထမ်းစေလျက်
မိမိမှာမူကား ပိတ်ဖြူပုဆိုးနှင့် ခေါင်းပေါင်းဖြူကို ပေါင်းကာ၊ လက်တွင်
စိပ်ပုတီးကို အမြဲစွပ်လျက် တောရွာကျေးလက်တကာကို လှည့်လည်
လျက် ဆေးဝါး ကုသကာ နေလေ၏။

အကြောင်းမူကား ငှင်းနေသည် ငယ်စဉ်ကပင် အလွန်
ကျော်စောသော ဆေးဆရာကြီး တစ်ဦးအိမ်တွင် အစေအပါး ခံ၍
အတော်အကြာ နေဖူးသည်။ ထို့ကြောင့် ဆေးအကြောင်း၊ [illegible]
အကြောင်း၊ ဗေဒင်အကြောင်းတို့ကို အနည်းငယ်မျှပင် ကြားဖူးနားဝ
ရှိ၏။ အတော်အတန် ရောဂါအနာအမျိုးများကိုလည်း ပျောက်ကင်းအောင်

www.burmeseclassic.com



ကိုသတတ်ပေ၏။ သို့ရာတွင် မည်သည့်ပညာကိုမျှ ကိုးစားယုံကြည်တတ် သည် မရှိ၊ လိမ်ဖို့လောက်သာ ဉာဏ်စူးရှလျက် ရှိလေ၏။

ထိုသို့ ဆေးဝါးကိုသလျက် တောရွာများကို လှည့်လည်နေစဉ်၊ တောရွာတစ်ရွာတွင် လယ်ကေများစွာ ရှိလျက် ဥစ္စာကြေးငွေ အတော်ကြွယ်ဝသော ကရင် ရွာသူကြီးတစ်ဦး ရှိလေသတတ်။ ထိုကရင်ရွာသူကြီးမှာ သားကြီးတစ်ယောက်၊ သမီးတစ်ယောက်သာ ရှိ၏။ ၎င်းသားသမီး နှစ်ယောက်စလုံးပင် အိမ်ထောင်နှင့်ချည်း ဖြစ်ကြသော်လည်း မိဘချမ်းသာ ကြွယ်ဝသဖြင့် မိဘနှင့် မခွဲဘဲ တစ်အိမ်တည်း အတူနေကြလေ၏။

ထိုသားနှင့်သမီးက မွေးသော မြေးကလေးများမှာ အဘိုးကြီး အမယ်ကြီး လက်ပေါ်မှာသာ နေသဖြင့် အလွန် ချစ်ခင် ယုယ၏။ အခါတစ်ပါး သမီးအငယ်က မွေးသော မြေးယောကျ်ားကလေးသည် သူငယ်နာ မုဏ္ဍရ ဝမ်းရောဂါဖြင့် လွန်စွာ ပိန်လှီလျက် ရှိနေရာ ကရင်အဘိုးကြီး အမယ်ကြီးမှာလည်း အချစ်ဆုံး မြေးကလေး ဤသို့ဖြစ်ရခြင်းကို လွန်စွာ သနားလှသဖြင့် သမားကောင်းများကို ရှာမွေမေးမြန်းရာ ဘုန်းကြီးကျောင်းသို့ ရောက်၏။

ဘုန်းကြီးက "ဒကာကြီး ကျောင်းများ မလာတာ တော်တော်ကြာသွားပါပကော"

ကရင်ကြီး "မှန်လှပါ တပည့်တော်လည်း အလုပ်တွေ များနေတဲ့အပေါ်မှာ မြေးကလေး မနဲ့ဖြစ်နေတာ စိတ်ညစ်ပြီး ဘယ်မှ မသွားနိုင်ဘူး ဘုရား။ အခု ဆေးဆရာကောင်းများ လည်ရှာရင်း အရှင်ဘုရားကျောင်း ရောက်လာတာပဲ ဘုရား"



ဘုန်းကြီး "ဩော် ဒကာကြီး မြေးကလေး အငယ်ဟာလား။ အတော်ပဲ မမာနေသလား။ အို ဖြစ်မှ ဖြစ်ရလေ။ တောအရပ်ဆိုတော့ ဆရာကောင်းကလည်း အရှားသားကွဲ။ ဩော် ဟိုတစ်နေ့က ငါ့ကျောင်းကို ဆရာတစ်ယောက် ရောက်လာတယ်။ ဒကာ ဘယ်မှာ နေသလဲ မေးတော့။ ဟိုအောက်ရွာကျောင်းနားက သိမ်ထဲမှာ နေတယ် ပြောတယ်။ အဲဒါ သွားခေါ်စမ်းကွယ်" ဟု ဘုန်းတော်ကြီးက ပြော[illegible]သောအခါ ကပျာကယာ ဦးချလိုက်ပြီး လှေတစ်စင်းနှင့် အတင်း လှော်သွားကာ ရောက်ရှိ မေးမြန်း၍ ၎င်းဆရာကို ခေါ်ပင့်၍ လာခဲ့ပြီးလျှင် မိမိအိမ်မှာပင် ကောင်းမွန်စွာ ထားလေ၏။

ဆရာမောင်နေဇလည်း အမည်မှန် မပြောဘဲ မိမိအမည် ဆရာရဝိ ဟု အရပ်ရပ်မှာပင် ပြောပြသဖြင့် ဆရာရဝိပင် ခေါ်ကြသည်။ ထိုသို့ ကရင်ကြီးအိမ်သို့ ရောက်သောအခါ ကလေး၏ အနာရောဂါကို ကြည့်ရှုရာ လျှာကို မြင်သဖြင့် ထိုကလေး မုဏ္ဍရဝမ်းဖြစ်ကြောင်းကို သိလေ၏။

ဆရာရဝိ "သည်ကလေး မမာတာ ဘယ်နရက် ရှိပလဲ"

ကရင်ကြီး "မမာတာတော့ ခြောက်ရက်လောက် ရှိသွားပြီ ဆရာရဲ့။ တို့တောရွာမှာ ဆရာ မရှိလို့ ဒီလိုပဲ ကြည့်နေရတာပဲ့။ ဝေး ငါ့မြေးကို မာအောင် နင် ကုနိုင်ရင်လေ၊ ဆရာ နင့်ကို လလကြီး တို့ ကန်တော့ပါမယ်ပဲ့"

ဆရာရဝိ "ကလေးနှင့် ရောဂါမျှ ဖြစ်နေတယ်။ ရောဂါ[illegible]တယ် ကြီးတယ်။ ရောဂါဖြစ်ပုံက မိရိုးဖလာက တစ်မျိုး[illegible]နှောင်ယှက်

www.burmeseclassic.com



တယ်။ ရှာစောင့်နတ်ကလည်း လိပ်ပြာကို ခေါ်ထားတယ်။ ဒါကြောင့် ကလေးဟာ သတိ မရတစ်ချက် ရတစ်ချက် ဖြစ်နေတယ်။ ဆရာနဲ့ တွေ့လို့သာ မတွေ့ရင်တော့ ခပ်ခက်ခက်ပဲ။ ဒါတောင် ရမှ ရပါ့မလား။ အင်မတန် ကြိုးစားရလိမ့်မယ်"

ကရင်ကြီး "ကြိုးစားပါ ဆရာရယ်။ ငါ့မြေးသာ မာပါစေ။ ငါ့မြေးကိုယ်နှင့် စက်ပြီးတော့ ငွေပေးပါမယ်။ အို ကုန်ကုန် ပြောလိုက်မယ် ငါ့မှာ ရှိဟဲ့ပစ္စည်း ကုန်သွားပစေ။ ငါ့မြေး ကျန်းမာပြီးရောကွဲ့။ ကဲ ကုစမ်းပါ ဆရာရေ။ ယောဒါ ဆရာ အခုလာတဲ့ ခရီးစရိတ်ပဲကွဲ့" ဆို၍ ငွေ ၃၀ဝ ကို ရှေ့မှာ လာ၍ပုံလေ၏။

ထိုအခါ ဆရာရဝိသည် မိမိဆေးအစ်ကို ဖွင့်လိုက်ရာ ရွှေချထားသော နတ်ဆေးအရုပ်များနှင့်တကွ သေတ္တာတစ်ခုံထဲတွင် ဆေးပုလင်းများ ပြည့်ကျပ်လျက် ရှိရာမှ ဆေးတစ်ပုလင်း ထုတ်ယူကာ ဆေးမှုန့်ကို လက်မှာသုတ်၍ ကလေး၏ ပါးစပ်ကို အသာဟလျက် လျှာကို ပွတ်လိုက်လေ၏။ ကလေးအမေကို ခေါ်၍လည်း "ဟော့ အမှန်ရော့ သည်ဆေးကို မင် ကားမြတ် နှစ်ဖက်အဖျားမှာ သုတ်လိမ်း" ဟု ပေးရာ၊ ကရင်မကလေးကလည်း ဆရာ ပြောသောအတိုင်း သုတ်လိမ်း၍ ထားရလေ၏။

၁၅ မိနစ်လောက် ရှိသောအခါ ကလေးသည် ကျယ်ခနဲ ငို၍ "အမိုး" ဟု ခေါ်ရာ ဘွားအေကြီးသည် ငါ့မြေး သတိရလာပြီ" ဟု ထပြေးလာလျက် ကလေးကို ပွေ့ချီလျက် သူ့အမေကို ပေး၍ နို့တိုက်စေလေ၏။

ဆရာရဝိ "မိရိုးဖလာ နတ်ကို တောင်းပန်လိုက်၍ လွှတ်သွားပြီး ကလေးရဲ့ လိပ်ပြာကို ပြန်ခေါ်ဖို့ရာသာ လိုတော့တယ်။ သို့ရာ



တွင် လိပ်ပြာကို ရှာစောင့်နတ်ရယ်၊ ရွာသူရယ်၊ ကဝေရယ်၊ မာတာရာနတ်ရယ် အဲ သူတို့လေးယောက် အလဲအလှယ် ထိန်းသိမ်းထားတယ်။ သည်တော့ ဘယ်သူ့လက်ထဲမှာ ရှိသလဲ။ သိရအောင် နက်ဖြန် မီးထွန်းမယ်။ ဒီကလေး နှစ်ခါလည်သားဖြစ်၍ ရွှေဒင်္ဂါး နှစ်ပြားစီ ထောင့်လေးထောင့်မှာ ပုံရမယ်။ ရွှေဒင်္ဂါး ရှစ်ပြား ကုန်မယ် ပုံနိုင်ပမလား"

ကရင်ကြီး "ဝေး အပြား ၄၀ တောင် ပုံနိုင်တယ်။ မမေးနဲ့ ဆရာ ကလေးကို့သာ မာအောင် လုပ်ပါဝဲ့"

ထိုကဲ့သို့ ပြောပြီးလျှင် ထိုနေ့ကုန်၍ ညကို ကလေးပင် အိပ်ရ၏။ သွင်ယမ်းမှာ ကျဗဟုံးနှင့် မှက္ခရုဝ်မ်းသည် ဆေးကိုသိလျှင် အလွန်လွယ်၏။ ဆေးကို မသိလျှင် အလွန်ခက်ခဲ၏။ အသက်ကိုပင် ရန်ရှာသည်များ၏။ ထိုမှက္ခရုဆေးသည် အကောင်းဆုံးဆေးမှာ အလွန်လွယ်သည်။ အလွန်ဆုံး ပိုက်ဆံ သုံးပဲလောက် ကုန်လျှင် ဖြစ်နိုင်၏။ ထိုရောဂါကို ကလေး၏ အမိအဖ ဘိုးဘွားကရင်များမှာ ဘာရောဂါဟု မသိကြရှာဘဲ။ ဆရာပြောတိုင်း နတ်ဖမ်းစားသည် ဟူ၍သာ ယုံကြည်၍ နေလေ၏။

နောက်တစ်နေ့ နံနက် မိုးသောက်သောအခါ ဆရာရဝိသည် ညကပင် မိမိ စီမံထားသော ဆေးဖယောင်းတိုင် သိမ်ဝင်သပိတ်ကွဲ၌ အင်းလေးအင်းချလျက် မိုင်းကိုင်စက္ကူ တစ်ထွာမျှ လေးချပ်တွင် တစ်ချပ်မှာ ရွာနတ်ဟု နတ်ရုပ်ရေးသည်။ တစ်ချပ်မှာ ရွာသူစုန်းမရုပ် ရေးသည်။ တစ်ချပ်မှာ ဇော်ဂနီအရုပ် ရေးသည်။ တစ်ချပ်မှာ မာတာရာဘိုးရုပ် ရေးသည်။ ကန်တော့ပွဲမှာ ငှက်ပျောသီးဆိုင် အုန်းတစ်လုံး ဖော်ရောင်ဖိုး ငွေ ငါးကျပ်စီ ကန်တော့ပွဲ လေးပွဲပြင်သည်။ နေ့ ၁၂ နာရီ မှန်းတည်

www.burmeseclassic.com

www.burmeseclassic.com



အချိန်လောက် ရှိသောအခါ လေးထောင့်ခုံတစ်ခုကို အမြင့်တစ်ထောင်လောက် ရိုက်လုပ်စေ၍ ထောင့်တစ်ထောင့်မှာ အရုပ်တစ်ရုပ်စီ ၎င်းအရုပ်စက္ကူပေါ်မှာ အင်းတစ်ချပ်စီ တင်သည်။ ၎င်းအင်းပေါ်မှာမှ သူနာကလေး၏ အဝတ်စတို့ကို လက်နှစ်သစ်လောက် လေးထောင့်ညီညီ လေးခုဆုတ်၍ အင်းပေါ်မှာ တင်သည်။ ၎င်းအပေါ်ကမှ ရွှေဒင်္ဂါးနှစ်ပြားစီ တင်သည်။ ၎င်းရွှေဒင်္ဂါးအပေါ်တွင် ပျားဖယောင်းနှင့် လုပ်ထားသော ဖယောင်းတိုင် လေးတိုင်စိုက်၍ ကန်တော့ပွဲ လေးပွဲကို တစ်ထောင့်စီ တည်၍ ကန့်လန့်ကာထူထူကို ပတ်လည် လေမဝင်အောင် ကာလျက်ထား၏။

ထိုကဲ့သို့ ပြင်ဆင်ပြီးသောအခါ၊ ဆရာက ဆေးကြိမ်လုံးကို လက်က ကိုင်ကာ လူမမာနှင့် မိဘဘိုးဘွားတို့ကို ကန့်လန့်ကာ အတွင်းသို့ ဝင်စေလျက် (ကိုင်း အားလုံးသော နတ်စုန်းကဝေ၊ မာတရာဟူသမျှ ငါ၏ စကားကို နာခံကြရမည်။ ငါသည် သုံးပါးသရဏဂုဏ် ကိုယ်လုံးထုံးလျက် ယုံကြည်သူ ဖြစ်သည်။ ငါ့ကို ပြစ်မှားလျှင် ဘုရားကို ပြစ်မှား ထိခိုက်လိမ့်မည်။ မကျန်းမမာသော မည်သည့်နေ့သားကလေး၏ ဖွိပ်ပြာကို မည်သူ သိမ်းထားသနည်း။ သိမ်းထားသူက ယခုဝင်ရောက်၍ မိမိနှင့်ဆိုင်သော ဖယောင်းတိုင်ကို အမြန် မီးကွန်း၍ ပြရမည်။ ကိုင်း ရောက်စေ လာစေ) ဟု ဆိုပြီးလျှင် မိမိတပည့်ကို–

"ကန့်လန့်ကာ မလိုက်ပါကွယ်၊ ဝင်စေ၊ ကိုင်း ဝင်၍ ထွန်းစမ်း" ဟု ကန့်လန့်ကာကို မလိုက်သည်နှင့် တစ်ပြိုင်နက်၌ ရှာဖောင့်နတ်အရုပ်ရှိသော ထောင့်က ဖယောင်းတိုင်မှာ အလိုလို ဟုတ်ခနဲ မီးတောက်လေ၏။



ထိုအကြောင်းကို အားလုံး ကရင်များ မြင်သောအခါ "တယ်တတ်တဲ့ ဆရာပါကလား။ တို့တော့ သိကြားဆရာ တွေ့တာပဲ" ဟု အချင်းချင်း ကရင်ဘာသာဖြင့် တီးတိုး ပြောကြလေ၏။

ထိုသို့ မီးတောက်သောအခါ ဆရာက "ကိုင်း ကျုပ် ပြောတာမှန်ပြီ မဟုတ်လား။ ရှာဖောင့်နတ် သိမ်းထားတာကို သိရပြီးနောက် ကိုင်း ယံခုနေ့ညနေ ဟောသည် ရှာဖောင့်နတ်ပွဲကို ရှာဦးနတ်စင်မှာ သွား၍ ကန်တော့ တောင်းပန်ရမည်" ဟု ဆိုကာ ၎င်းကန်တော့ပွဲများ အင်းများကို သိမ်းလျက် နတ်ပွဲလေးပွဲက ငွေ ၂၀ ဖယောင်းတိုင်က ရွှေဒင်္ဂါးရှစ်ပြားကို ယူငင် သိမ်းထားလိုက်လေ၏။ ရှာဖောင့်နတ်ကန်တော့ပွဲမှာ ရှာဦးနတ်စင်သို့ သွားရောက် ကန်တော့ တောင်းပန်၍ ပြန်ခဲ့၏။ ၎င်းနေ့ည မိုးချုပ်သောအခါ ကလေးကို စမ်းသပ်လျက် တစ်ဖန် ဆေးဖြင့် လျှာကို ပွတ်လိုက်ပြန်ရာ ကလေးမှာ မှက္ခရုဝမ်းရောဂါ ကင်းရှင်းလျက် အတော် ကျန်းမာ၍ လာလေ၏။

နောက်တစ်နေ့နံနက် ဆရာက "ကိုင်း အမိုးနှင့် ဖထီးတို့ သည် ကလေး လိပ်ပြာကို ရှာဖောင့်နတ်ထံက ပြန်၍ ခေါ်လိမ့်မည်။ ကလေးကို နံ့သာဖြူများ သွေး၍ လိမ်းရမည်။ ခင်ပျားတို့ ကရင်ထုံးစံ ဆန်ကောထဲမှာ ထမင်း မုန့် စသည်ထည့်၍ ဆူးခက်များနှင့် အုပ်ပြီးလျှင် တုတ်နှင့် ဆန်ကောကို ခေါက်လိုက် ကလေးနာမည် ငဖြူ ငမဲစသော နာမည်များကို ဖော်၍ (ငဖြူလိပ်ပြာ လာ လာလာ၊ ဂါထိုင်းဂါထိုင်းကာရ) ဆိုတဲ့ လိပ်ပြာခေါ်နည်းဟာ နားမလည်တဲ့ လူများလုပ်တာ၊ တကယ်လာတယ် မလာဘူး ဘယ့်နှယ်လုပ် သိမလဲ။ အဲ ကျုပ် အခုခေါ်မယ့် လိပ်ပြာဟာ လာတယ် မလာဘူး အားလုံး သိရှိကြရလိမ့်မယ်" ဟု ပြောဆိုကာ ကန်တော့ပွဲများ ပြင်၍ ထားပြီးလျှင် ဆရာက နံနက်စာ

www.burmeseclassic.com



ထမင်း ကျွေးမွေးပြီးနောက် နေ့ ၁၁ နာရီ အချိန်လောက်မှာ မိမိတွင် ပါသော ငွေပြားနှင့် လက်ဖွဲ့တစ်လုံး ထိုးပြီးလျှင် ကန်တော့ပွဲနားမှာ ပန်းကန်ပြား၌ ထည့်၍ထားပြီးသော်–

"ကိုင်း... ရှာစောင့်နတ်အရှင်၊ ကျွန်ုပ်ကို ချစ်ခင် ခွင့်ပြုသည့် အတိုင်း ယခု မကျန်းမာလျက်ရှိသော မည်သည့်နေ့သားကလေး၏ လိပ်ပြာသည် ထိုလက်ဖွဲ့ အတွင်း၌ လာရောက် သွင်းနှံရမည်အကြောင်းကို တောင်းပန်ပါသည်" ဟု ဆိုပြီးလျှင် အခြားဂါထာများကိုလည်း ရွတ်ဖတ်လျက် ပန်းကန်ပြားကို ကိုင်ကာ၊ နားထောင်သကဲ့သို့ နားနားမှာ ကပ်လျက် "ကိုင်း လိပ်ပြာ ရောက်ပါပြီဗျာ။ သို့ရာတွင် အားလုံး ထင်ရှားစွာ သိအောင် လိပ်ပြာက မြည်၍ ပြရမည်" ဟု လက်ဖွဲ့ကို အသာကိုင်၍ ညှစ်လိုက်သော် (ကျွိ ကျွိ)ဟု မြည်လေ၏။

ရင်းအသံကို ကြားသောအခါ အားလုံး ကရင်များ အံ့သြကြလျက် အနားရှိ ကရင်အဘိုးကြီးကလည်း ဆရာ့လက်က လက်ဖွဲ့ကို တောင်း ယူ၍ အခေါင်းထဲ ကြည့်လျက် "ဘာမှလည်း မမြင်ပါကလား ဆရာ" ဟု ဆို၏။ ထိုအခါ ဆရာက လိပ်ပြာကို မျက်စိနှင့် မြင်ပါ့မလား အဘိုးကြီးရဲ့ တယ်ညံ့သကိုး ကိုင်း ကလေးကို လိပ်ပြာသွင်းမည်" ဟု၍ ကလေး အနားသို့ လာပြီးလျှင် လက်ဖွဲ့ကို ကလေးရင်ဘတ်ပေါ်၌ ထား၍ လက်ဝါးနှင့် အသာဖိကာ ဥုံဝိညာဉ်ကိန်းအောင်း လိပ်ပြာ ကပ်သည့် နေ့ရှပ်ဟောင်းသို့ ပေါင်းဆရာပေါင်း ဝင်ဆရာဝင်ဟူသော ဂါထာကို ၃၇ အုပ် မန်း၍ လိပ်ပြာကို သွင်းပြီးလျှင် ရှာနီကြိုးကို လက်ဖွဲ့နှင့် တန်အောင်ကျစ်လျက် နှစ်ဖက် မကျွတ်မထွက်နိုင်အောင် ပိတ်ချင်းတောင် ထိုးပြီးကာ ကလေးလည်ပင်းမှာ ချည်၍ ထားပြီးလျှင်–



ထရာက "ကိုင်း... ကျွန်တော် ကိစ္စပြီးပြီ။ ကလေးလည်း မိမွေး တိုင်း ဖမွေးတိုင်း ရှိပြီ။ ကျွန်တော့်မှာ အခြား ကုသစရာ လူမမာ တွေလည်း များသေးတယ်။ သွားရပါဦးမယ်။ သို့ရာတွင် ကျွန်တော် တစ်ခု မှာခဲ့မယ်။ ကလေးကို မသိုးမသန့်နေရာ မဝင်ပါစေနှင့် ဝင်လျှင် လက်ဖွဲ့ မနေပါ။ ကျွန်တော့်ထံ ပြန်လာလိမ့်မယ်။ ကြပ်ကြပ်ကြီး ဂရုစိုက်ပါ" "ဟု မှာ၏။

အရင် အဘိုးကြီး အမယ်ကြီးများကလည်း အလွန် ကြည်ညိုလှ သဖြင့် ဆေးကုခငွေ ၃၀၀ ထပ်မံ၍ ကန်တော့ပြီးလျှင်၊ ဆရာတပည့် နှစ်ယောက် ပြန်ခဲ့ကြလေ၏။ နောက်နှစ်ရက်လောက် ကြာသောအခါ ကလေးလည်ပင်းမှာ ကြိုးသာကျန်တော့သည်။ လက်ဖွဲ့မှာ မရှိတော့ချေ။

ကရင်အဘိုးကြီး "ဟဲ့ အနန်း နင့်သား လည်ပင်းမှာ လက်ဖွဲ့ ကော၊ ဒါကြောင့်ဆရာက မှာသွားတာ မသိုးမသန့်ထဲ မဝင်ပါစေနှင့် လက်ဖွဲ့ပြန်သွားလိမ့်မယ်လို့ ပြောတာ ဟုတ်နေတာပဲ။ ကြည့်စမ်း အရာတောင် မယွင်းဘူး ဘယ့်နယ် ကျွတ်ထွက်တယ် မသိတော့ဘူး။ တယ်ကောင်းတဲ့ လက်ဖွဲ့ပါကလားဝဲ။ ဟာ မဖြစ်ဘူး အခုပဲ ဆရာဆီ ငါကိုယ်တိုင် သွားပြီး လက်ဖွဲ့ပြန်တောင်းမယ်။ ဟော့ အမယ်ကြီး ပေးစမ်း ငွေ ၁၀၀ လောက် ဆိုပြီးလျှင်" လက်ရော်လေ့ကလေးကို လွယ် နှစ်ယောက် အလော့ခိုင်း၍ ဆရာဆီကို လိုက်သွားလေ၏။

ဆရာကလည်း ကရင်ကြီးတော့ ငါ့ဆီကို လက်ဖွဲ့တောင်းဖို့ လာတော့မည်။ သိပြီးသားဖြစ်၍ အလားတူ လက်ဖွဲ့တစ်လုံးကို အသင့် ထိုး၍ ထားလေ၏။ ကရင်ကြီးလည်း လိုက်သွား၍ ဆရာ့ထံသို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ရှိသေစွာ ဒူးတုပ်လျက် "ဝေး ဆရာရေ ဆရာ မှာခဲ့တဲ့ အတိုင်းပဲ လက်ဖွဲ့တော့ ပျောက်သွားပြီ ဆရာ့ဆီ ပြန်မလာဘူးလား"

ဆရာ "အို သေသေချာချာ မှာခဲ့လျက်သားနဲ့ ဂရုမစိုက်ဘဲကိုး ဒါဖြင့် နေဦး ဟိုမှာ ပျောက်ရင်တော့ ဒီကို ရောက်မှာပဲ" ဟု ဆေးအစ်ကို ဖွင့်ကြည့်ပြီးကာ မိမိအလားတူ လုပ်၍ ထည့်ထားသော လက်ဖွဲ့ကို ယူလျက် "ဟော ဟုတ်ပ ဒီရောက်နေပါပကော" ဟု ပြလိုက်ရာ ကရင်ကြီးမှာ အံ့အားသင့်လျက် "ကိုင်း ဆရာ ဒီလက်ဖွဲ့ကို နောက်မပျောက်နိုင်အောင် စီမံပေးတော်မူပါ။ ဟောဒီငွေ ၁၀၀ ကို ကန်တော့ပါတယ်။ နောင်လည်း ကျွန်တော် ကန်တော့ပါဦးမယ်" ဟု ငွေတစ်ရာကို ပေးလိုက်ရာ

ဆရာက ဟိုမှာ ကျန်ရစ်တဲ့ ကြိုးကို ပြုတ်ပစ်လိုက်၊ မသန့်တော့ဘူး။ ဟောဒီကြိုးအသစ် တပ်ပေးလိုက်မယ်" ဟု ရှာနီကြိုး ကျစ်ကာ မန်းမှုတ်လျက် လက်ဖွဲ့မှာ တပ်၍ ပေးလိုက်လေ၏။ ကရင်အဘိုးကြီးမှာလည်း ကျေနပ်စွာ ပြန်သွားလေ၏။

•

## ငင်းလိမ်နည်းကို အထူးဖော်ပြချက်

(၁) ငင်းလိမ်နည်းတွင် ဖယောင်းတိုင် လေးတိုင် ကန့်လန့်ကား၊ ကား၍ ကန့်လန့်ကာကို ဖွင့်လိုက်ရုံမျှ အလိုလို မီးတောက်လာသော နည်းကား ကန့်ဆိကို မိမိတောက်လိုသော မီးစာမှာ သုတ်ထားသည်။ ငင်းကန့်ဆိသောကမှာ ရေထဲ၌ ထားရသည်။ လေလုံသော နေရာမှာ တစ်ခုခုကို သုတ်၍ လေသလပ်အောင် အကာအရံကို ဖွင့်လိုက်လျှင် အလိုလို မီးတောက်သည်။ ဖယောင်းတိုင် အလိုလို တောက်ခြင်းကား ငင်းနည်းဆင် ဖြစ်၏။ ရှေးအခါက ကန့်ဆိကို ကိုယ်တိုင်ချက်၍ ထားတတ်ကြသည်။ ယခုအခါ ထိုကန့်ဆိမျိုးကို အင်္ဂလိပ်ဆေးဆိုင်တိုင်းမှာပင် ဝယ်၍ ရနိုင်၏။



(၂) လိပ်ပြာခေါ်သော လက်ဖွဲ့ကို ညှစ်လိုက်ရုံနှင့် (ကျွဲ ကျွဲ) မြည်ခြင်းမှာ လက်ဖွဲ့ငွေပြားကို အင်းစမ စသည် ရေးပြီးလျှင် (ပြဒါး) သုတ်၍ ငွမ်းနှင့်ညီအောင် ညှိပြီးလျှင် လိပ်သည်။ ပြဒါးနှင့် ငွေပြားတပ်ခြင်းအတွက် လက်ဖွဲ့ကို ဖြစ်လိုက်ရာ ကျွဲကျွဲဟု မြည်သည်။ သိလိုက ငွေပြားကို ပြဒါးသုတ်၍ လိပ်ပြီးလျှင် ညှစ်၍ ကြည့်ပါလေ။

(၃) လက်ဖွဲ့ အလိုအလျောက် ပျောက်ခြင်းမှာ အခြားမဟုတ် ငင်းသုတ်ထားသော ပြဒါးက ငွေပြားကို စား၍ ပွန်းပြတ်ကာ ကျသွားသည်။ ထို့ကြောင့် ကြိုးချည်းသာ ကျန်တော့သည်။

## ဥပဒေသ

မည်သည့် ပညာကိုမဆို အမှန်အရှိအတိုင်း ပြုလျှင် ပညာမဲ့တို့က ကြီးကျယ်သည် မထင်ကြချေ။ ထို့ကြောင့် အတတ်ပညာ တစ်ခုမှာ အမှန်က တစ်ပဲသား၊ ပရိယာယ် မာယာဝဥ္စာဏ်က တစ်ဆယ်သား၊ အလိမ်များနိုင်လေလေ တန်ခိုးကြီးလေလေ ဖြစ်ချေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရပ်ပေါက်ရသေ့လုပ်၍လိမ်နည်း

ယခုအခါ မျာပုံဒီစတြိတ်၊ ရှေးအခါက သုံးခွဒီစတြိတ် အပါအဝင် မြို့လည်းမမည် ရွာလည်းမကဲ အိမ်ကြီးရခိုင် ဈေးဆိုင်ထန်းလျားဖြစ် စည်ကားသော ရွာကြီးတစ်ရွာသည် ရှိ၏။ ထိုရွာကြီး၌ နေထိုင်သော သူများကား စပါးအလုပ်ဖြင့်သာ ကြီးပွား ချမ်းသာကြသူ များပြားရေ ၏။ ထိုရွာ၏ အမည်ကိုကား ဖော်ထုတ်၍ မ...ကောင်းသေးသဖြင့် ရွာကြီး၊ဟု ဆိုလိုက်ပေသည်။

အခါတစ်ပါး လူလိမ်ကြီး မောင်နေသည် သင်္ဘောက်ဆိုးသော သင်္ကန်းကို ဝတ်ရုံကာ သားရေနှယ် အိတ်ကိုလွယ်လျက် လက်၌ ကား အလွန်ဖြောင့်သော တောင်ဝှေးဝါးကို တောင်ဝှေးပြုလျက် လှည့်လည် သွားရောက်ပြီးလျှင် ၎င်းရွာကြီး၌ တစ်ခုသော ဝါးတော အတွင်း လူနေအိမ်နှင့်လည်း ခပ်ကွာကွာ ကျောင်းကန်နှင့်လည်း မနီး



ကပ်သော ဝတ်ကျောင်းရေပ်ကြီး တစ်ခုပေါ်တွင် တက်ရောက်ကာ တည်းခိုလျက် နေ၏။ ထိုဇရပ်၌ကား ၎င်းရွာနေ လူကြီး, လူလတ်, မိန်းမ, ယောကျ်ားတို့သည် ဝါတွင်းဝါပမလပ် ရှစ်ရက်သီတင်း လပြည့် လကွယ်နေ့တို့၌ ဥပုသ်ကြ၏။ ၎င်းဇရပ်ဦး၌ ကျောက်ဖြူဆင်းတု ဉာဏ်တော် လေးတောင်မျှ ဘုရားတစ်ဆူ ရှိ၏။

ထိုရသေ့ကြီးသည် ထိုဇရပ်ပေါ်တွင် တည်းခိုလျက် ရွာတွင်းမှာ လည်း ဆွမ်းမခံ၊ ချက်ပြုတ် စားစရာလည်း အိုးမပါ။ မိမိကိုယ်တိုင် လည်း ချက်ပြုတ်မစား။ တစ်ရံတစ်ဖန် အိမ်ဈေးတန်းကို လျှောက်ကာ ငှက်ပျောသီးများကိုသာ ဝယ်၍ သွားသည်ကို မြင်ကြရ၏။ မည်သူ ကိုမျှလည်း စကား မပြောဘဲ ငှက်ပျောသီးကို စား၍သာ နေလေ၏။ ထိုဝတ်ကျောင်းဇရပ်၌ ရှစ်ရက်သီတင်းနေ့ ကြုံ၍ ဥပါသကာ ဥပါ သိကာမ များ ဝတ်တက်ရန် လာရောက်ကြသောအခါ ၎င်းရသေ့ကြီးမှာ ဇရပ်ထောင့်မှာ တင်ပျဉ်ခွေ၍ ထိုင်ပြီးလျှင် ပုတီးစိပ်ကာ မည်သူ့ကိုမျှ စကား မပြောဘဲ နေလေ့ရှိလေ၏။

ထိုကဲ့သို့ နေ၍ နှစ်သီတင်းလောက် ကြာသောအခါ ရွာနေ လူများသည် အချို့ ဇရပ်သို့ လာ၍ ရသေ့ကြီးကို ဆွမ်းခဲဖွယ် ဘောဇဉ် တို့ကို လှူဒါန်းကြ၏။ ထိုသို့ လှူဒါန်းလာသောအခါမှာလည်း လှူသော ဆွမ်းကို စား၏။ ထိုသို့ တဖြည်းဖြည်း တစ်စတစ်စ လူများ ကြည်ညို လျက် လာကြရကား ၎င်းရသေ့ကြီးကို တစ်ရံတစ်ဖန်သာ ဇရပ်ပေါ်မှာ တွေ့ရသည်။ တစ်ရံတစ်ဖန် မတွေ့ရ။ ထိုသို့ ရှိနေခိုက် ထိုရွာတွင် ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာသူ ကျောင်းဒကာကြီး တစ်ဦးသည် ထိုကဲ့သို့ ဝိသေသပုဂ္ဂိုလ်ကို အမြဲဝင် ရှာဖွေ ဆည်းကပ်လေ့ရှိသော ဝါသနာအတိုင်း ထိုရသေ့ကြီး၏ အကြောင်းကို ကြားသိရာ အခြား

www.burmeseclassic.com



သော ဂုဏ်ကို မသိရှိရသော်လည်း ထမင်းအာဟာရကို မစားဘဲ သစ်သီးမျှကိုသာ စား၍ နေသည်ဟူသော သတင်းတစ်ခုနှင့်ပင် ထိုပုဂ္ဂိုလ်ကို အလွန် ကြည်ညိုလှသဖြင့် ထိုရသေ့ကြီးကို တွေ့ရှိရန် ဇရပ်ကို ခရှာခဏ သွားလေ၏။

တစ်နေ့သောနေ့၌ ရသေ့ကြီးကလည်း ဇရပ်ပေါ်ကို ရောက်ရှိ၍ နေနိုက် အဆိုပါ ကျောင်းဒကာကြီးကလည်း ဇရပ်သို့ အလာတွင် တွေ့၍ ရှိသေစွာ ဝင်ရောက် ဦးချကာ "အရှင်ဘုရား မည်သည့်အရပ်ကို ကြွသွားပါသလဲ ဘုရား" ဟု လျှောက်၏။

ရသေ့ "ဒကာ ငါသည် ကိစ္စထူးရှိ၍ သိင်္ဂုတ္တရကုန်းကို ဖွေ သွားသည်"

ကျောင်းဒကာ "ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် သိင်္ဂုတ္တရကုန်းတော် လား ဘုရာ"

ရသေ့ "အေးလေကွယ် ဒီတစ်ကုန်းပဲ ရှိတာပဲ ဒကာရဲ့။ မြန်မာ ပြည်မှာ အခြား သိင်္ဂုတ္တရကုန်းရယ်လို့ ဘယ်မှာ ရှိမလဲ"

ကျောင်းဒကာ "အနို ထယ်မြန်ပါကလား ဘုရား"

ရသေ့ "အေး မြန်မြန်ပဲ ပြန်လာတာပဲ ဒကာရဲ့"

ကျောင်းဒကာ "ဒါထက် တစ်ခု လျှောက်ထားပါရစေ ဘုရား။ နက်ဖြန် ဘုရားတပည့်တော်အိမ်မှာ နံနက်ဆွမ်းဘုဉ်းပေးတော်မူ ပါမည့် အကြောင်းပါ ဘုရား"

ရသေ့ "အေး ကောင်းပြီဒကာ။ နံနက်တော့သာ သုငယ် တစ်ယောက် အထောက်လွှတ်လိုက်" ဟူ၍ ပြောဆိုပြီးနောက် ကျောင်းဒကာကြီး ပြန်သွားပြီးလျှင် သားမယားနှင့် တိုင်ပင်၍



ဆွမ်းဟင်းများ ချက်ပြုတ်ထားကြလေ၏။ နံနက်မိုးသောက်အခါ သူငယ်တစ်ယောက်ကို လွှတ်၍ ရသေ့ကြီးကို ပင့်လျက် ရောက်ရှိ ဆွမ်းစားပြီးသောအခါ ချိုချဉ်ပွဲများ ဆက်ကပ် လှူဒါန်းကြ၏။

ရသေ့ကြီး "ကျောင်းဒကာကြီးမှာ သားသမီးတွေ အများကြီး မွေးပြီး သမီးတစ်ယောက်ထဲ ရှိသကိုး"

ကျောင်းဒကာက အံ့ဩသော မျက်နှာနှင့် "အရှင်ဘုရား ဘာပြု လို့ သိရပါသလဲ ဘုရား"

ရသေ့ကြီး "အေး ငါတို့ ပညာတန်ခိုးကြောင့် သိတာပေါ့ ဒကာရဲ့။ အင်း ဒါထက် ဒကာကြီးမှာ ယခု ပစ္စည်းဥစ္စာ ဘယ်လောက် စုမိပါပြီလဲ"

ကျောင်းဒကာ "တပည့်တော်မှာ ဥစ္စာပစ္စည်းကတော့ အတော် အတန် ထည်ထည်ဝင်ဝင်ပဲ နေနိုင်ပါတယ်"

ရသေ့ကြီး "ဥစ္စာပစ္စည်းဆိုတာ မိမိတို့ အိမ်သားတစ်စုအတွက် ကြွယ်ဝရုံနှင့် မရောင့်ရဲနှင့် ဆွေမျိုးတစ်စု အားလုံးကို ထောက်ပံ့ နိုင်အောင် ကြိုးစားရမယ်။ ဆွေမျိုးအားလုံးကို ထောက်ပံ့နိုင် ပပြီလို့လည်း မရောင့်ရဲနှင့် မိမိနေသော တစ်ရွာလုံးကို ထောက်ပံ့နိုင်အောင် ကြိုးစားရမယ်။ တစ်ရွာလုံးကို ထောက်ပံ့နိုင် ပြန်သော်လည်း မရောင့်ရဲနှင့် မိမိ အမျိုးသား အားလုံး ချမ်းသာ ရန် တစ်နိုင်ငံလုံးကို ထောက်ပံ့နိုင်ဖို့ ကြိုးစားရမယ်။ အဲဒါမှ ယောကျာ်းကောင်း အာဇာနည် မည်တယ် ဒကာရဲ့ ကြားလား"

ကျောင်းဒကာ "အရှင်ဘုရား မိန့်တော်မူတိုင်း သဘောထားချင်ပါ ပါပဲ ဘုရား။ သည်လို ကြိုးစားတိုင်း ဖြစ်ဖို့ လမ်းဟာ အခက်အခဲ ခက်လှတယ်ဟု ထင်ပါသည်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ "ခက်တယ်ထင်တဲ့ လူတွေမလည်း ခက်နေကြတာပေါ့ လာကွယ်။ လွယ်မယ်ထင်တဲ့ လူတွေမတော့လည်း လွယ်သွားတတ်တာမျိုးကလား။ ဘုရားအလောင်း မဟာဇနက္ကမင်းဟာ ပင်လယ်တွင်းမှာ သင်္ဘောပျက်တော့ သင်္ဘောသားငါးရာဟာ သမုဒ္ဒရာဆို ဘယ်လိုကူးကူး တစ်ဖက်ကမ်း ရောက်နိုင်တာမျိုး မဟုတ်ဘူး။ ရောက်ဖို့ အခက်ကြီးပဲလို့ အားလျှော့လိုက်ကြတော့ အဲ သူတို့ ခက်တဲ့လူစားတွေတော့ ခက်ကုန်ကြတာပေါ့။ ဘုရားအလောင်း ဇနက္ကမင်းကတော့လည်း ကမ်းတစ်ဖက် မမြင်ပေတဲ့ ကမ်းသို့ ရောက်အောင်ကူးမဟဲ့ မရောက်မနေဘူးဆိုပြီး၊ ကမ်းရောက်ဖို့ အလွယ်ကလေး ထင်ပြီး ကူးပြန်တော့လည်း၊ ယော မေခလာနတ်သမီးက လာပြီး ဆောင်မလို့ ကမ်းရောက်ရုံ ဘယ်မှာ [illegible] ရှင်ဘုရင်ဖြစ်ပြီး အနှစ်ခုနှစ်ထောင်ကျော်တောင် နန်းစံရသေး။ အဲဒါလို လွယ်တဲ့ လူမတော့လည်း လွယ်သွားတာပေါ့ဟဲ့ ဒကာရဲ့"

ထိုကဲ့သို့ ရသေ့ကြီး ပြောသော စကားကို ကျောင်းအစ်မကြီးသည် အလွန် သဘောကျကာ ကြည်ညိုလှသဖြင့် ကျောင်းဒကာကြီးကို အတွင်းသို့ ခေါ်လျက် "ကျောင်းဒကာ ဒီရသေ့ကြီးကို ဝတ်ဇရပ် ပေါ်မှာ မတည်းစေဘဲ ကျုပ်တို့အိမ် အပေါ်ထပ်မှာ ဘယ်သူ မရှိဘူး။ အဲဒီအပေါ်ထပ်မှာတည်းခိုပါလို့ လျှောက်ရင် မရနိုင်ဘူးလား" ဟု မေးရာ ကျောင်းဒကာက "အေး အဟုတ်သားပဲ ငါ လျှောက်ကြည့်ဦးမယ်" ဆို၍ ရသေ့ကြီး အပါးမှာ ထိုင်ကာ "အရှင်ဘုရားတို့ ရသေ့ရဟန်းများဟာ ဆိတ်ငြိမ်သော အရပ်မှာ သပ္ပါယ ဖြစ်ပါတယ်။ ယခု အရှင် တည်းခဲ့တဲ့ ဝတ်ကျောင်းဇရပ်ဟာ အိမ်နှင့်တော့ ဝေးပါရဲ့



သို့ပေမဲ့ နေ့ခင်းနေ့လယ် ကလေးသူငယ်များ လာရောက် ပြေးလွှားကစား ခုန်စား ရှစ်ရက် လပြည့်လကွယ်ကျပြန်တော့လည်း ဥပုသ်သည်များ ဝတ်သမားများ အလွန် ဆူညံတယ်။ ညအခါမှာလည်း လူဆိုးသူဆိုးများ ဝင်ထွက် သွားလာနိုင်သည့် မလျော်တဲ့နေရာ ဖြစ်ပါတယ်။ တော ဘုရားတပည့်တော် အိမ်ကြီး အပေါ်ဆင့်ဟာ ဘာမျှ အနှောင့်အယှက် မရှိ၊ ဒီအိမ်မှာလည်း ကလေးသူငယ် မရှိ၊ အင်မတန် ဆိတ်ငြိမ်ပါတယ်။ သို့အတွက် ဘုရားတပည့်တော် အိမ်ပေါ်တွင် အရှင်ဘုရား တည်းခိုတော်မူလျှင် သာ၍ သင့်လျော်ပါတယ်။ ကိုယ်တော်လည်း ကမ္မဋ္ဌာန်းကို ကောင်းစွာ အားထုတ်နိုင်ပါတယ်။ တပည့်တော်မတို့မလည်း အမြဲ ကုသိုလ်ရနေပါတယ်။ သို့အတွက် တပည့်တော်အိမ်မှာ သီတင်းသုံးတော်မူရန် တောင်းပန်ပါသည် ဘုရား"

ရသေ့ကြီးက အတော်ကြာအောင် စဉ်းစားဟန်ပြုလျက် "အေး ဒကာကြီး လျှောက်ချက်အတိုင်းလည်း မှန်တာပဲ။ သို့ရာတွင် တို့မတော့ အမြဲ နေနိုင်တာ မဟုတ်ဘူး။ ကိစ္စက အများသား သွားချည်လာလှည့် နေရတာ ဒကာရဲ့"

ဒကာ "အခြားကို ကြွရန်ရှိတော့လည်း ကြွတာပေါ့ဘုရား။ ကိုယ်တော် အခြား ကြွပေတဲ့ ကိုယ်တော့ နေရာကိုတော့ အမြဲ ပြင်ထားမှာပဲ။ ကိုယ်တော် ကြွလာပြန်တော့လည်း ဒီမှာ နေမြဲပေါ့ဘုရား"

ရသေ့ကြီးနေမှော မိမိ ရည်ရွယ်ရင်းအတိုင်း ရောက်ပြီဖြစ်၍ "ကိုင်း ကိုင်း ကောင်းပြီဒကာ ဒကာကြီးဟာ ကုသိုလ်ထူးတဲ့ လူပဲ။ ဆရာ ရသေ့သည် တစ်ပါးသော လူနေအိမ်မှာ ဘယ်တော့မှ မတည်းခိုဖူးဘူး။ ယခု ဒကာကြီး အလျှောက်ကောင်းတာနဲ့ ဒကာကြီး အိမ်မှာတော့ တည်းရဦးတော့မှာပဲ" ဟု ပြောလိုက်သောအခါ၊ ကျောင်းဒကာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအစ်မမှာ ဝမ်းသာမျိုးမက ဝမ်းသာလှသဖြင့် မီမီအိမ်ပေါ်မှာ အမြန် သန့်ရှင်းစွာ ရှင်းလင်း သုတ်သင်လျက် အခန်းဖွဲ့ကာ ပြင်ဆင်ပြီးသော် ရသေ့ကြီးကို အပေါ်ထပ်သို့ ကြွတော်မူပါဘုရားဟု လျှောက်ကာ ရသေ့ကြီးကလည်း အပေါ်ထပ်၌ နေလေသတည်း။

တစ်နေ့သောနေ့၌ ကျောင်းဒကာကြီးသည် ရသေ့ကြီးကို ဆွမ်းကပ်လျက် လျှောက်သည်မှာ "ဘုရားတပည့်တော်မှာ သားမယားများအတွက် ဥစ္စာပစ္စည်းကတော့ ခိုင်လုံပါပြီ ဘုရား။ တမြန်နေ့က အရှင်ဘုရား မိန့်တော်မူတိုင်း အဆွေအမျိုး အားလုံးကို ထောက်ပံ့နိုင်ရန် စသော ဥစ္စာ ကြွယ်ဝမှုသည် ယခုဘဝ၌ ကြိုးစားလျှင် ရောက်ရှိနိုင်မည့်အကြောင်းဟိတ်များ ရှိနိုင်ပါဦးမည်လား ဘုရား"

ရသေ့ "ကြိုးစားလျှင် ရောက်တာပ ဒကာရယ်။ ဆရာကလည်း စောင့်မသင့်သလောက် စောင်မရသေးတာပ။ ဒကာကြီးမှာ ငွေထည့်ရန် သေတ္တာများ လုံခြုံ ကျယ်ဝန်းစွာ ရှိရဲ့လား"

ဒကာ "ငွေထည့်တဲ့ သေတ္တာဆိုတာ အရှင်ဘုရား ခြေရင်းက သံသေတ္တာကြီးဟာ မီးခံသေတ္တာကြီးပဲဘုရား။ သော့ဆိုတာကလည်း အလွန် စိတ်ချရပါတယ်"

ရသေ့ "ဪ... ဟိုသေတ္တာကြီးလား ကောင်းပါရဲ့။ နည်းနည်းတော့ ကျဉ်းသကွယ်။ သို့သော်လည်း တဖြည်းဖြည်း တိုးပွားရတာပေါ့ ဒကာရဲ့။ ကိုင်း ကိုင်း သံသေတ္တာကြီးထဲကို ထည့်သွင်းနိုင်ဖို့ မြေအိုးသစ်တစ်လုံး ရှာစမ်း ဒကာရဲ့"

ထိုသို့ ရသေ့ကြီး ပြောလိုက်သောအခါ ပြည်ဝင်ထမင်းအိုးတစ်လုံး အသစ်ကို ယူလာ၍ ရသေ့ကြီးအား ပေးလိုက်လေ၏။ ရသေ့ကြီးလည်း



ထိုပြည်ဝင် ထမင်းအိုးကို ရသောအခါ အိုးကြီး၏ အတွင်းဖင်မှာ ခဲတံနှင့် အင်းတစ်အင်း ချသည်။ အိုးကြီး အပြင်ဘက်ဖင်မှာ ကညစ်နှင့် အင်းတစ်အင်း ချသည်။ ထိုကဲ့သို့ အင်းချပြီးလျှင် စလောင်းဖုံးမှာ (စမ) အက္ခရာများ ရေးသား၍ "ကိုင်း... ဒကာကြီး ငွေသား ၅၀၀ လောက် ပေးစမ်း" ဟု တောင်းလိုက်ရာ ကျောင်းဒကာကြီးမှာ ငွေ ၅၀၀ ကို ယူလာ၍ ရသေ့ကြီးကို ပေးလိုက်လေ၏။ ရသေ့ကြီးလည်း ငွေ ၅၀၀ ကို မန်းမှုတ်၍ အိုးတွင် ထည့်လျက် စလောင်းပိတ်ကာ၊ စလောင်း မပွင့်အောင် ကြိုးများနှင့် စည်းလျက် "ကဲ ဒကာ လာဦး။ သံသေတ္တာကြီး ဖွင့်စမ်း" ဟု ခိုင်းရာ။

ကျောင်းဒကာက သံသေတ္တာကို ဖွင့်လိုက်၏။ သံသေတ္တာတည်းတွင် ငွေ ၅၀၀အိုးကို ထည့်လျက် ပိတ်ပြီးလျှင် "ဟော့ ဒကာကြီး ပေးစမ်း။ မင်းသော့ခလောက်" ဟု ဆိုကာ သော့ကြီးကိုင်လျက် လက်ဝါးနှစ်ဖက် ဖြန့်အုပ်ကာ အတော်ကြာအောင် မန်းပြီးလျှင် ကိုင်း သော့ခတ်လိုက်တော့ဟု သော့ကိုပေး၍ ခတ်လိုက်ပြီးနောက် ရသေ့ကြီးက "ဒကာကြီး ဒီသေတ္တာကို နောက် ခုနစ်ရက် မစေ့မချင်း မဖွင့်နှင့်။ ဖွင့်လျှင် အကျိုးပျက်စီးလိမ့်မည်။ ဆရာလည်း နက်ဖြန် ရန်ကုန်ကို ခေတ္တသွားရဦးမည်။ မကြာမီ ပြန်ကြွခဲ့မည်။ ယခု သွားရခြင်းဟာလည်း ဒကာတို့ အကျိုးအတွက် စောင်မမည်ဟု ကတိထားသည့်အတိုင်း ငါ့ဆရာနှင့် တွေ့ရအောင် သွားရမည်။ စိတ်ချရစေ" ဟု မှာ၏။

ကျောင်းဒကာ "စိတ်ချတော်မူပါဘုရား။ ကိုယ်တော့်အမိန့်တို့ မရဘဲ လက်နှင့်မျှ မထိဝံ့ပါ" ဟု လျှောက်၏။

ရသေ့ကြီးလည်း နောက်တစ်နေ့ ရသေ့ပရိက္ခရာကို လွယ်လျက် ကြွသွားကာ ငါးရက်လောက် ရှိသောအခါ ပြန်ရောက်လာလျက် အိမ်ပေါ်မှာ နေမြဲ နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ရက်မြောက်သောနေ့မှာ ကျောင်းဒကာလင်မယားတို့ကို ခေါ်၍ ဒကာကြီး၊ ဒကာမကြီးတို့ ဥစ္စာဟူသည် ရန်သူတစ်ပါးပင် ဖြစ်သည်။ မိမိမှာ ဥစ္စာ တိုးတက်သည်ဟူ၍ မာန်တက်ကြွကာ ပကာသန မပြုချင်နှင့် နှုတ်ကို လုံရမည်။ နှုတ်ကြောင့် သေသည်။ လက်ကြောင့် ကြေသည်ဟူသော စကားပုံ ရှိချေသည်။ ယခု ဆရာ ပထမ ဆောင်မခြင်းဟာ ဒကာကြီး ဒကာမကြီးတို့၏ အတွင်းစိတ်သဘောကို မသိရသေးသဖြင့် အတိုက်အလိုက်မျှသာ စမ်းသပ်ခြင်း ဖြစ်သည်။ ကိုင်း... ယနေ့ ခုနစ်ရက်ချေပြီ ဒကာကြီး။ သံသေတ္တာကို ဖွင့်မယ်း" ဟု ဆိုသောအခါ ကျောင်းဒကာကြီးမှာ ဝမ်းသာအားရ သေတ္တာကို ဖွင့်၍ အိုးကြီးကို မလိုက်သောအခါ အလွန် လေးလျက် ရှိသောကြောင့် စိတ်ထဲက အလို ဘာတွေ ရှိပါလိမ့်မလဲဟု တွေးပေးကာ အိုးကို ရသေ့ ရှေ့မှာ ချလိုက်လေ၏။

ထိုအခါ ရသေ့ကြီးက ကဲ ဒကာ အိုးကို ဖွင့်လိုက်စမ်းဟု ဆေ၍ အိုးနှင့် စလောင်းကို ဆိုင်းထားသော ကြိုးများကို ဖြတ်လျက် စလောင်းကို ဖွင့်လိုက်ရာ ငွေဒင်္ဂါးတွေ အိုးပြည့်လျက် ငွေတစ်တောင်ဖြစ်၍ နေလေ၏။ ကျောင်းဒကာကြီး လင်မယားမှာလည်း မကြုံဖူးသော ဝမ်းသာလုံးကြီးဆို့ကာ ထမင်းစားရှုံ့မျှ မဝင်နိုင်အောင် ရှိနေလေ၏။

## ကျောင်းအစ်မကြီး သွေးကြွခြင်း

ကျောင်းအစ်မကြီးမှာ ငါတို့တော့ တစ်သက်မှာ သူဌေးအုပ်ကြီး လင်မယား ဖြစ်ပေတော့မှာပဲဟု အစ်မရင်း မောင်ရင်း စသော ဆွေမျိုးတို့ အိမ်ကို လှည့်လည်ကာ "ညည်းတို့ဟာ အသိလိမ္မာဉာဏ်ညော



တယ်နည်းပါးကြတာကို မရှိတာထက် မသိတာခက်ဆိုတာ တယ်မှန်ပါကလားအေ။ ပုဂ္ဂိုလ်ထူးကို တွေ့လျှင် ဆည်းကပ်ရတယ်။ ယောက် ယခု တို့အိမ်မှာ တည်းခိုနေတဲ့ ရသေ့ကြီးဟာ အလွန် တန်ခိုးကြီးတာကလား။ လျှိုဖို့တန်းဖို့ကလေးများနှင့် နေ့တိုင်း အိမ်ကို လာရတယ် တော့"

အစ်မ "ကိုယ်တို့ ရသေ့ကြီးက ဘာများ တန်ခိုးကြီးလို့ပါလိမ့် တော်။ တကတဲ့ လှူစရာရှိရင် ရဟန်း သံဃာကို လှူမှာပေါ့တော့။ ရသေ့ကို လှူလို့ ဘာများ ကုသိုလ်ထူးဦးမှာလဲ"

ကျောင်းအစ်မ "အဲဒါကြောင့် မမတို့မှာ မွဲနေတာ သိလား။ အို... ကိုယ်တို့ အကြံနှင့် ကိုယ်တို့က အရင်းအချာရယ်လို့ ကောင်းစား တာ ကြည့်ချင်လို့ လမ်းကြောင်းပြတာ သူကပဲ စွာနေလိုက်သေး။ တန်ပါအေ ပြန်မည်" ဟု ဆိုကာ မာနထားလျက် ညီမအငယ်၏ အိမ်ကို ဝင်ပြီးကာ "ငါ့ညီမမှာ အင်မတန် ဆင်းရဲနေတယ်။ နက်ဖြန်ဆွမ်းချက်ပြီး တို့အိမ်လာခဲ့ ရသေ့ကြီး ဖူးရအောင်"

ညီမ "လာပါမယ် အစ်မကြီးရယ်။ အစ်မကြီး ခိုင်းသလို လုပ်ပမယ်" ဟု ဆိုကာ နေ့တိုင်း လှူဖွယ်ဒါန်းရန်နှင့် ရသေ့ကြီး ဆီကို လာ၍ဖူး၏။ ကျောင်းအစ်မကြီးကလည်း ရသေ့ကြီးကို ကပ်၍ "အဲတာဟာ တပည့်တော်မ ညီမအရင်းပါ ဘုရား။ အင်မတန်မှ ဆင်းရဲလွန်းလို့ပါ ဘုရား။ ဆောင်မတော်မူပါဦး" ဟု ပူဆာ၏။

၅၄

ဤအရာ၌ ရသေ့ကြီးတ နှုတ်လုံစေဟု ဆိုထားပါလျက် ဟိုဟိုဒီဒီ ပြောခြင်းမှာ လူမိုက်တို့၏ ခမ္မတာလည်း၊ လူတို့

www.burmeseclassic.com



သဘောသည် မပြောပါနှင့်ဆိုသော အရာကိုမှ ပြောချင်တတ်သည်။ မကြည့်နှင့် ဆိုသောအရာကို အလွန် ကြည့်ချင်တတ်သည်။ ရသေ့ကြီး မောင်နေကေလည်း တစ်ဆွေတစ်မျိုးလုံးကို သိစေလိုသော သဘောဖြင့် မသိစေလိုဟန် ပြောထားလေသည်။

(ဤကား စကားချပ်)

နောက်တစ်နေ့ ရသေ့ကြီးကို ကျောင်းဒကာ ကျောင်းအစ်မ ဆွမ်းကပ်နေစဉ် ကျောင်းအစ်မ၏ ညီမက မုန့်ခွံဖွယ်များ ပြင်ဆင်လာရောက် ကပ်လှူ၏။ ကျောင်းဒကာကြီးကလည်း သဘောမကျသော မျက်နှာနှင့် ထ၍သွား၏။

ရသေ့ "ဟဲ့ ဒကာမကလေး နင့်မှာ ဆင်းရဲသလား။ နင့်မှာ ငွေဘယ်လောက် ရှိသလဲ"

ညီမ "တပည့်တော်မမှာ မရှိပါဘူး ဘုရား။ ငွေကလေး..." ဟု ဆိုစဉ်၊ ကျောင်းအစ်မကြီးက လက်ကုပ်၍ ရှေ့က သနီးပြီးလျှင် ၁၀၀ လောက်တော့ ရှိပါတယ် ဘုရား" ဟု လျှောက်လိုက်ရာ။

ရသေ့ "ကဲ ကဲ နင့်ငွေ ၁၀၀ ယူခဲ့ သနားလှတယ်။ မစ ရတာပေါ့" ဟု ဆိုလိုက်ရာ ကျောင်းအစ်မကြီး ညီအစ်မ ထ၍ သွားကြ၏။

ညီမ "မမကလည်း ဘယ်မှာ ကျွန်မမှာ ငွေ ၁၀၀ ရှိလို့လဲ။ ငွေကလေး ၂၀ လား ရှိတယ်"

ကျောင်းအစ်မ "အို ဒီကောင်မ တယ်အသကိုး။ ရော့ ငါ့ဆီက ငွေ ၁၀၀ ယူသွား ပြီးတော့ပြန်ပေး။ ညည်းငွေကလေး ၂၀ ပေးရင် ၂၀ ရမှာပေါ့။ ၁၀၀ ပေးမှ ၁၀၀ ရတာပေါ့ သိလား"



ညီမ "အို တယ်ဆန်းပါကလား။ မမ ပြောသလိုဖြင့် မမတို့ ရသေ့ကြီးဟာ လူမှ ဟုတ်ကဲ့လား"

ကျောင်းအစ်မ "အို တယ်ခက်ပါကလား။ ညည်းဟာက တည့်တည့်ပြောမှ မိုက်မိရုံဆိုတဲ့ ကောင်မစားတွေကိုး။ ဒါကြောင့် သည့်လောက် မွဲတာ။ ရော့ငွေ ၁၀၀ ယူသွား။ ညည်းဟာလို့ဆိုပြီးပေးချေ" ဟု စေသဖြင့် ညီမလုပ်သူက ဝမ်းသာအားရ ငွေ ၁၀၀ ယူလာ၍ ရသေ့ကြီးအား ပေးလိုက်လေ၏။ ရသေ့ကြီးကလည်း အိုးတွင် ထည့်၍ သံသေတ္တာထဲ သွင်းရန် ကျောင်းဒကာကြီးကို သော့သွား၍ တောင်းရာ။

ကျောင်းဒကာ "ငါတော့ စိတ်ညစ်တာပဲ။ ညည်းကြောင့် အားလုံး ကုန်ကုန် သိကုန်တော့မှာပဲ။ မဖြစ်ပါဘူး သည်ကောင်မကြီးနဲ့ မဟုတ်ပါဘူး။ ဆရာရသေ့ကြီးက မည်သူ့ကိုမျှ စကားမပွားနဲ့ ဆိုတော့မှ ညီမတွေ ခေါ်လာတာ။ တော်တော်ကြာ အစ်မတွေ မောင်တွေ သွားခေါ်ဦးမယ်။ ငါတော့ ပြောတောင် မပြောချင်ဘူးဟေ့"

ကျောင်းအစ်မ "မဟုတ်ပါဘူး ကျောင်းဒကာရဲ့။ ကိုယ် အစကရည်ရွယ်ရင်းက ကိုယ့်သားမယားအတွက် မှလုပ်ပါတယ်။ ဆွေမျိုးများကို ထောက်ပံ့နိုင်ဖို့လို့ ကြံရွယ်တာ မဟုတ်ဘူးလား။ ဒီလို အရင်းအချာမှ မထောက်ပံ့ရင် ဘယ်သူ့ကို သွားထောက်ပံ့ဦးမှာလဲ"

ကျောင်းဒကာကြီးသည် မျက်စောင်းထိုး၍ "အေးလေ ဒီ[illegible] စောက်ရမ်း ဖြစ်ကုန်မှာပါပဲ။ ရော့ ရော့ ထင်သလို လုပ်ပါ" ဟု သော့ကို ပစ်ပေးလိုက်ရာ သံသေတ္တာတွင် အိုးကို သွင်း၍ သော့ခတ်ထားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ခုနစ်ရက်စေ့သောအခါ ညီမကို ခေါ်၍ ရသေ့ကြီး ရှေ့တွင် ရှိခိုးလျက် ဝပ်နေကြရာ ရသေ့ကြီးက "ကိုင်း ကျောင်းဒကာကြီး ဘယ်သွားသလဲလာစမ်း။ သံသေတ္တာကို ဖွင့်လိုက်ပါ" ဟု ပြောရာ ကျောင်းဒကာကြီးမှာ သံသေတ္တာကို ဖွင့်ပြီး အိုးကို ယူ၍ စလောင်း ဖွင့်လိုက်ရာ ငွေ ၂၀၀ ဖြစ်၍ နေသည်ကို တွေ့သဖြင့် ညီမဖြစ်သူကို ပေးလိုက်လေ၏။

ထိုကဲ့သို့ ထင်ရှားသော အရာကို အားလုံး မယားဘက်၊ လင့်ဘက် ဆွေမျိုးများ တစ်စတစ်စ မှ၍ သိကြသောအခါ၊ ဆွေဆွေမျိုးမျိုး ဟူသမျှ ကျောင်းဒကာကြီးကိုသာ လာ၍ ချေးကြ၊ မော့ကြ နှိပ်ပေးသူမရှား နင်းပေးသူ မရှား။ မယားကလည်း အိပ်ရာဝင်တိုင်း၊ လင်ကို နူးသဖြင့် ကျောင်းဒကာကြီးမှာ မယားနိုင်ငံသို့ ပါလျက် "ကိုင်း ကိုင်း ဒါဖြင့် အားလုံး ရင်းရင်းချာချာ ဆွေမျိုးတွေ မှန်သမျှ တတ်အားရှိသလောက် ယူခဲ့ကြပေတော့။ ငါရသေ့ကြီးကို လျှောက်ဦးမယ်" ဟု ရသေ့ကြီးထံ ဝပ်လျက်နေ၏။

ရသေ့ကြီး "ကျောင်းဒကာကြီး ဘာကို လျှောက်ချင်လို့လဲ"

ကျောင်းဒကာကြီး "ယခု ဆွေတွေမျိုးတွေက သူတို့မှာရှိတဲ့ ပစ္စည်း တွေကို ပွားများရန်၊ ဆောင်မတော်မူပါလို့ အရှင်ဘုရားထံ လျှောက်ချင်ကြတယ် ဘုရား။ ဒါကို အရှင်ဘုရား ခွင့်ပြုမှုပြု သိလို၍ လျှောက်ပါသည် ဘုရား"

ရသေ့ကြီး "အေးလကွယ်။ အစက ကြံရွယ်ရင်းမှာလည်း ဆွေမျိုး တို့ကို ထောက်ပံ့နိုင်ဖို့လို့ ရည်ရွယ်တာကို ဆောင်မရတာပေါ့။ ငါ့မတော့ ဝန်ခံမိတဲ့ စကားအတိုင်းပဲ ထောက်ပံ့ရတော့မှာပဲ"



ကျောင်းဒကာ "ထောက်ပံ့ရတာက ဟုတ်ပါရဲ့ ဘုရား။ လူတွေက များတော့ ငွေတွေက များတယ် ဘုရား။ ငွေသားချည့်ဆိုတော့ အိုးဆံ့မှာ မဟုတ်ဘူး။ သည်တော့ ငွေစက္ကူကို သွင်းရင်တော မပွားဘူးလား ဘုရား"

ရသေ့ "ဟေ့ ဒကာ။ ဘာပဲသွင်းသွင်း ပွားတဲ့နည်းဟာ ပွားတာ ပေါ့။ ထည့်ကြပေတော့။ သို့ရာတွင် ဘယ်သူက ဘယ်လောက် ဆိုတာကိုသာ စာရင်းနှင့်ထား" ဟူ၍ ပြောလိုက်သောအခါ ကျောင်းဒကာမှာ သဘောကျလှ၍ အားလုံး ဆွေမျိုးတွေကို ခေါ်ကာ၊ သံသေတ္တာနှင့် အိုးမဆံ့အောင် ငွေစက္ကူ ယူခဲ့ကြ။ ရွှေဖြစ်စေ၊ ငွေဖြစ်စေ ပွားနိုင်တာပဲ ငွေနည်းရင် ရွှေကျောက် လက်ဝတ်လက်စား ထည့်ကြ။ ကိုင်း... လူသူ မသိအောင်သာ ယူခဲ့ကြပေတော့" ဟု ဆိုလိုက်၏။

ဆွေမျိုးများလည်း မိမိတို့တွင် ရှိသော ဥစ္စာကို ယူခဲ့ကြ၍ အချို့ ၅၀၀၊ အချို့ ၁၀၀၀၊ အချို့ ၄၀၀-၇၀၀၊ အချို့ ရွှေလက်ကောက် ဆယ်ရံ၊ အချို့ နားကပ်၊ အချို့ ဆွဲကြိုး၊ အချို့ လောဘကြီးသော သူတို့က သူတစ်ပါးတို့ထံက လက်ဝတ်လက်စားကို ငှားလျက် ပွားတာ ကို ငါရမည်။ သူ့ဟာကို သူ့ပြန်ပေးမည်ဟူသော ဉာဏ်ဖြင့် ခုနစ်ရက် ငှားရမ်းယူလာကြ၍၊ အိုးကြီးထဲမှာ သိပ်၍ထည့်ရာ၊ ရသေ့ကြီးက "ကျောင်းဒကာ အိုးထဲမှာ ပြည့်နေပြီ။ အရင်းနှင့် ပြည့်နေလျှင် အပွား နေရာ မရှိတော့ဘူး။ ထို့ကြောင့် အိုးကို ဖယ်လိုက်တော့ သံသေတ္တာ ငါ အင်းချတော့မည်ဟု သံသေတ္တာကြီး အတွင်းအပြင်၊ အင်းပုလွန်ကို တံခါးမှာ မစ ရေး၍၊ ကိုင်း ထည့်ကြ ထည့်ကြ" ဟု ဆိုကာ ဝိုင်းဝန်း လျက် ထည့်ကြပြီးနောက် သော့ပိတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်၌လည်း အပေါ်ထပ်က နောက်ဖေးဆင်းရန် တံခါးနှင့် လှေကားရှိချေ၏။ ထိုကဲ့သို့ သံသေတ္တာတွင် ထည့်၍ထားပြီးနောက် ဆွေမျိုးများသည် ကျောင်းဒကာကြီးကို အမြဲမပြတ် ဝိုင်းဝန်း ယုယ လျက်၊ မိမိရေကိုမှ မိမိလောင်း၍ မချိုးရ၊ အလွန် တန်ခိုးကြီးလျက် ရှိနေလေ၏။

ရသေ့ကြီးမှာလည်း နေ့တိုင်း ဆွမ်းပန်းမုန့် ခဲဖွယ် အချိုအချဉ် တို့မှာ စားမကုန် သောက်မခန်း ဖြစ်နေလေ၏။ ကျောင်းအစ်မကြီး ကိုလည်း ထိုနည်းတူစွာ အလွန်အကြူး ဝိုင်းဝန်း ကြည်ညိုကျုလျက် ယုယကြကုန်၏။ အချို့ သူစိမ်းကိုကလည်း သိုးသိုးသန့်သန့် ကြားကြ သဖြင့် ကျောင်းဒကာ ကျောင်းအမကြီးအိမ်ကို ငါးပိ၊ ငါးခြောက်၊ အုန်းသီးခိုင်၊ ငှက်ပျောသီးနိုင် စသော လက်ဆောင်များကို မပိုမဖူး ပို့ကြကုန်၏။

ထိုကဲ့သို့ ပြုလုပ်ပြီး သုံးရက်မြောက်သောအခါ ရသေ့ကြီးက ကျောင်းဒကာကြီးကို ခေါ်၍ "ကျောင်းဒကာကြီး ယခုလို နေကြပုံဟာ မလျော်ဖြစ်သည်။ ဒကာကြီးအိမ်မှာ အဝင်အထွက် တယ်များတယ်။ အစိုးရ သိသွားရင် မကောင်း။ သို့အတွက် နေ့ကို လေးယောက်က ပို့၍ မလာစေနှင့် ညကိုမူကား အရှင်း မည်သူမျှ မလာရအောင် စောစော တံခါးပိတ် လောဘသားတွေနော်။ တစ်ဦးရတာ တစ်ဦး မနာလိုတဲ့ကာလ ဆရာမှာတော့ ကိစ္စ မရှိဘူး။ ဒကာတို့ အားလုံး အကျိုးယုတ်ကုန်မယ် သိပလား" ဟု ပြောသဖြင့် ညအခါ စောစော တံခါးပိတ်၍ တိတ်ဆိတ်စွာ အိပ်ကြလေ၏။

လေးရက်မြောက်သောနေ့ နံနက်သို့ ကျရောက်သောအခါ ကျောင်းဒကာကြီးသည် ဆရာရသေ့ကြီးသည် ယနေ့ တယ်အိပ်နိုင်ခဲပ



ကလားဟု အိမ်ပေါ်သို့ တက်၍ ကြည့်သောအခါ၊ အိပ်ရာနှင့် ခြင်ထောင် မျှသာ ရှိတော့၏။ သံသေတ္တာကြီးမှာလည်း ပွင့်လျက် နောက်ဖေး တံခါးမှာလည်း ပွင့်လျက် ရှိသဖြင့်၊ သံသေတ္တာကြီး အတွင်း၌ကား တက်တက်ပြောင် ဘာမျှ မရှိတော့ဘဲ။ ရသေ့ကြီး ဆောင်ကြဉ်းရာ လိုက်ပါ ကြွသွားကြကုန်၏။

ထိုအခါ ကျောင်းဒကာကြီးနှင့် ကျောင်းအစ်မမှာ ဆုသည်စွာ ဆွေမျိုး များကို ခေါ်ငင်လျက် အကျိုးအကြောင်းများကို ပြောပြသောအခါ အချို့ ငိုကြ၊ အချို့ကလည်း ရင်ဘတ်ကို စံထုကာ ရှိသမျှကလေး မွဲပါပကောဟု အော်ကြ ငိုကြသည်မှာ ကျွတ်ကျွတ်ဆူလျက် ရှိလေ၏။ သည်အထဲမှာ လောဘအကြီးဆုံးမမတို့က သူတစ်ပါးထံက လက်ဝတ် လက်စားကို ငှားရမ်းထား၍ အပွားမြတ်လိုသော သူတို့မှာ အပွားကို မရသည့်အပြင် ငှားသမျှတို့ကို မလျော်နိုင်သဖြင့် ရုံးတင် တရားစွဲဆို ကြ၊ အိမ်ကို ချစ်တီးထံမှာ ပေါင်၍ ပေးဆပ်ရ ရသေ့ကြီး၏ ဣဒ္ဓိပါဒ် တန်ခိုးကြောင့် အမျိုးမျိုး ဒုက္ခကြီးကို ခံကြရကုန်၏။

ကျောင်းဒကာကြီးနှင့် ကျောင်းအစ်မကြီးမှာလည်း တစ်ယောက် ကို တစ်ယောက် အပြစ်ဖို့ကာ ခဏခဏ သတ်ကြရိုက်ကြ ဆူညံပူညံ ဖြစ်၍ နေကြလေ၏။

ရသေ့ကြီးမှာလည်း ရသမျှ ပစ္စည်းတို့နှင့်တကွ တော်ရာလျော်ရာ တွင် သုံးလားဖြုန်းလား တဟားဟား ရယ်မောလျက်နေလေ၏။

*

## ငုင်းလိမ်နည်းဖော်ပြချက်

ငုင်းလိမ်နည်းမှာ သံသေတ္တာတွင် သူသော့နှင့် ခတ်ထားသော ဥစ္စာ တိုးနေခြင်းမှာ ဦးစွာ ပထမ သံသေတ္တာသော့ကို ယူ၍ ဖွင့်ခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



အခြားမဟုတ်၊ ဘယ်ဘက်လက်ဝါးမှာ ပျားစယောင်းကပ်၍ သော့ကို မန်းဟန်ဆောင်ပြီးလျှင်၊ မျက်စိအလစ်မှာ ၎င်းသော့ကို ဖယောင်းတွင် ထောင့်က တစ်ချက်နှိက်၊ အောက တစ်ချက်နှိပ်၍ ပုံတူကူးလိုက်သည် ၎င်းနောက် ခုနစ်ရက် မစေ့ခင် မဖွင့်ရဟူ၍ မှာခဲ့ပြီးလျှင် မြို့သို့ ထွက်လာ၍ သော့ရိုင်းကို ဝယ်ပြီးလျှင်၊ ပုလင်းထဲ၌ ရေစိမ်ထားသော သော့ပုံဖယောင်းတွင် အံကျအောင်တိုက်၍ သော့တူဖြစ်သောအခါ ပြန်သွား၍ မိမိ၌ သားရေအိတ်တွင် ဆောင်ထားသော ငွေ ၇၀၀၊ ၈၀၀ထဲက ညဥ့်အခါ သေတ္တာကို သော့တူနှင့် ဖွင့်၍ အိုးကို ဖွင့်ပြီးလျှင် အိုးက ငွေအတိုင်း ထည့်ပြီးလျှင် မြေရာလက်ရာ မပျက် ပြန်၍ ထားသည်။

ပထမဝတ် ဒုရုပ်ပေါ်မှာ တည်းနိုစဥ် သုံးသိတင်းလောက် ထမင်း မစားဘဲ နေခြင်းမှာ ညဥ့်အခါကို ရုပ်ဖျက်လျက် လှငတ်လဲကာ မထင်မရှား ရွာထဲ ညဈေးဆိုင်မှာ ထမင်း ဝယ်စားသည်။ နံနက် မိုး မလင်းမီ ပေါင်မုန့်နှင့် ငါးသေတ္တာကို စားလျက်၊ နေ့အခါ လူသူလေးပါး တို့က အာဟာရ စားသည်ကို မမြင်အောင် ငှက်ပျောသီးကို တစ်လုံး နှစ်လုံး စားလျက် ရှေ့သောက်ကာ နေသည်။

ဤကား ၎င်း၏ လိမ်နည်းတည်း။

ဥပဒေသ

လောက၌ သူတစ်ပါး လိမ်ခြင်းကို ခံရသောသူ ဟူသမျှ သည် သူတစ်ပါးတို့၏ တောက်ကျစ်သော ဉာဏ်ကို မိမိ လောဘက မကူညီသမျှ အလိမ်ခံရမည် မဟုတ်။ သူတစ်ပါး ၏ တောက်ကျစ် ညစ်ပတ်ဉာဏ်ဟူသော ဗဟိဒ္ဓရန်သူကို မိမိ၏ လိုချင်ရမ္မက် မေးငမ်းတက်ခြင်းဟူသော အတွင်းရန်သူ



နှင့် မိုက်မဲခြင်း အဆင်ခြင် ပညာ မရှိခြင်းဟူသော မောဟ အတွင်းရန်သူ နှစ်ယောက်တို့က ပူးပေါင်း အားပေးကာ နှိပ်စက်ကြခြင်းကြောင့်၊ အတိ ဒုက္ခရောက်၍ အလိမ်ခံရခြင်း ဖြစ်ချေသည်။ သူတစ်ပါးကို လိမ်တတ်သော သူတို့သည် လည်း မည်သည့်ဆေး အင်း လက်ဖွဲ့ စသည်တို့ကြောင့် မဟုတ် စင်စစ်သော်ကား သူတစ်ပါးတို့၏ လောဘကို တက်ကြွအောင် ပြုခြင်း၊ သူတစ်ပါးတို့၏ မောဟကို ပွားများ စေခြင်း၊ လူရိပ်လူကဲကို ချင့်ချိန်တွက်ခြင်း၊ မိမိ၏ ဥစ္စာကို ဦးစွာ မနှမြောခြင်း၊ စကားကို သူတစ်ပါး ယုံကြည်အောင် ယုတ္တိဆင်၍ ပြောတတ်ခြင်း၊ လုံ့လ ဝီရိယ ရှိခြင်းဟူသော အင်္ဂါတို့ပေတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# အညာသားကလေးလုပ်၍လိမ်လည်ပုံ

အခါတစ်ပါး တောရွာတစ်ရွာမှာ ဥစ္စာ အတော်ကြွယ်ဝ ချမ်းသာလျက် သားသမီး တစ်စုံတစ်ယောက်မျှ မရှိသော အဘိုးကြီး အမယ်ကြီး လင်မယား ရှိသတတ်။ ၎င်းအဘိုးကြီး အမယ်ကြီးတို့သည် ရိုးသား ဖြောင့်မတ်လျက်၊ ဆင်းရဲ နွမ်းပါးသူ မိဘမရှိသူ လူကလေး၊ လူငယ်၊ မိန်းကလေးများကို သားသမီးအမှတ် ကျွေးမွေး ပေးကမ်းလျက်၊ အိမ်၌ ယုယစွာ မွေးကျွေးထားတတ်၏။ သို့ရာတွင် ရှေးဘဝက သားသမီး ရထိုက်သော ကံ မရှိသဖြင့် ၎င်းအိမ်၌ ဘယ်လိုပင် ကောင်းစွာ ထားစေကာမူ မည်သူမျှ အမြဲမနေတတ်ကြချေ။

ထိုအကြောင်းကို မောင်နေကော စူးစမ်း သိရှိရသည့်အတိုင်း အခါတစ်ပါး အညာဖျင်အင်္ကျီကလေးကို ဝတ်လျက် ယောလုံချည်အဟောင်း ညစ်ထေးထေးကလေးနှင့် ၎င်းအဘိုးကြီး အမယ်ကြီး အိမ်ရှေ့ မန်း



မစေးသော သစ်ပင်ရိပ်အောက်တွင် ထိုင်လျက်၊ မှိုင်တွေချလျက် မျက်ရည်သုတ်လိုက် သက်မကြီး ချလိုက်နှင့် တစ်နေ့လုံး ထိုင်၍ နေလေ၏။

ထိုအခြင်းအရာကို အမယ်ကြီးက မြင်သဖြင့်၊ အဘိုးကြီးကို ပြောရာ အဘိုးကြီးက ၎င်းသူငယ်ဖျိုကလေး အပါးမှာ လာ၍ ထိုင်ပြီး လျှင်။

“ဟေ့ သူငယ်ရဲ့ မင်း ဘယ်ကလဲ။ ဘာဖြစ်လို့ သည်မှာ မသာ မကြည်နှင့် လာပြီး မျက်ရည်စက်လက်နှင့် မှိုင်တွေကြီး ချနေပါသလဲ”

သူငယ် “ဘဘကြီးခင်ဗျား ကျွန်တော် ကသိုလ် နည်းလွန်းလို့ အကြောင်းကို ပြန်လို့တောင် မပြောချင်ပါဘူးခင်ဗျ” ဟု ငို၍ ပြောသည်။

အဘိုးကြီး “အို ပြောပဲ ပြောစမ်းပါဦး မောင်ရယ်။ ဘကြီးတို့ စောင်မ နိုင်လို့ ရှိလျှင်လည်း စောင်မ ပေးပါမယ်”

သူငယ် “သည်လိုပါ ဘဘကြီးရယ်။ ကျွန်တော်တို့ နေတာက မုံရွာနယ်ကပါ။ အလုပ်က ယာခင်း လုပ်ကိုင်ပြီး စားသောက်ပါတယ်။ ယခုနှစ် ယာလုပ်လို့ တော်တော်ကလေး အမြတ်အစွန်း ရှိတာနှင့် ကျွန်တော့်အောက် ညီကလေးကို ရှင်ပြုဖို့ အဖေနှင့်အမေ တိုင်ပင်ကြတော့ အဖေက အောက်မြို့ ကျေးရွာမှာ သားချင်း ဆွေမျိုးများ ချမ်းသာ ကြွယ်ဝလျက် နေကြတယ်။ ငါတို့ ငယ်ဆရာ ဘုန်းတော်ကြီး တစ်ပါး လည်း အောက်မြို့ကျေးရွာမှာပဲ ကျောင်းထိုင်လျက် ရှိတယ်။ သို့အတွက် ငါ့သားအငယ်ကို အညာမှာ ရှင်မပြုဘူး။ အောက်မြို့ ကျေးရွာက ဆွေမျိုးသားချင်းများနှင့် သိုက်သိုက်ဝန်းဝန်း ငါ့ဆရာ ဘုန်းတော်ကြီးကို ပင့်၍ သားကလေးကို ရှင်ပြုချင်တယ်လို့ ပြောပြီးတော့ အဖေရယ်

www.burmeseclassic.com

www.burmeseclassic.com



အမေရယ်၊ ကျွန်တော်ရယ်၊ ကျွန်တော့်ညီကလေးရယ်၊ သားအမိသားအဖ လေးယောက် အောက်မြို့ကျေးရွာသို့ ထားခဲ့ကြပါတယ် ခင်ဗျ။ ရန်ကုန်မြို့ကို ရောက်တော့ ရွှေတိဂုံမြတ်စွာဘုရားကြီးကို အားရအောင် ဖူးပြီး အရှေ့ဘက် ဇဟာန်းအရပ်က၊ ဇရပ်တစ်ဆောင်ပေါ်မှာ တည်းခိုနေကြရင်း ရုတ်တရက် ကျွန်တော့အဖေ ဝမ်းရောဂါ အုသည်းအသန် ဖြစ်တော့ ကျွန်တော့်ကို အနားသို့ ခေါ်ပြီး သားကြီးရယ် အဖေ မနေရတော့ဘူး။ အဖေ သေရင် မင့်အမေကို မပူမပင်ရအောင် လုပ်ကျွေးရစ်။ ရော့ ဟောသည် ငွေ ၂၀၀ နှင့် ညီကလေးကိုလည်း ရှင်ပြုရစ် သည်ငွေ ၂၀၀ ကို အခြားအတွက် မသုံးစွဲနဲ့လို့ မှာပြီး မကြာမီ အဖေ အနိစ္စ ရောက်ပါရော ခင်ဗျ...ဟု ဆိုပြီး အတန်ကြာ ရှိုက်၍ ငိုကြွေးနေလေ၏။

(တကယ်မဟုတ်ဘဲ မျက်ရည်ထွက်အောင် ငိုတတ်တာများ အံ့ဩဖွယ် တစ်ပါးပင်တည်း။)

**အဘိုးကြီး** "ဩော် ဖြစ်မှ ဖြစ်ရလေ။ လောကက သေမျိုးချည်းကလား မောင်ရယ်။ တဲလေ အငိုရပ်ပါဦး။ ရှေ့ဆက် ပြောစမ်းပါဦး"

**သူငယ်** "ဒါနဲ့ပဲ သားအမိသုံးယောက် မရှိမဲ့ ရှိမဲ့နှင့် အဖေ့အလောင်း သင်္ဂြိုဟ်၍ သပိတ်ကလေးသွတ်ပြီးရုံ ရှိသေး ကျွန်တော့ညီကလေး ဆက်ပြီး ဝမ်းဆင်းပြန်ရာ နေ့တစ်ဝက်သာ ခံတယ်။ ညီကလေး ဆုံးပြန်ပါရောခင်ဗျာ။ အမေမှာလည်း မအိပ်နိုင် မစားနိုင်။ လင်ဒုက္ခ သားဒုက္ခနှင့် လူးလူးပြီး ငိုလိုက်ရတာ အမေပါ ဆက်ပြီး အနိစ္စ ရောက်ပြန်ပါရောခင်ဗျ။ ဒါနှင့် ကျွန်တော့်မှာ ဘယ်လိုမှ မကြံနိုင်တော့ဘဲ တွေ့သမျှ မြင်သမျှ လူတွေကို ရှိခိုးပြီး အားလုံးက သနားကြတာနှင့် အမေ့အလောင်းကို သင်္ဂြိုဟ်ပြီး၊ အမိအဖတို့ မှာခဲ့တဲ့

BURMESE CLASSIC



ဆွေမျိုးသားချင်းတွေ ဆိုတာလည်း ဘယ်နေရာမှာ နေမှန်းမသိ။ ကျွန်တော့်မှာလည်း ဒုက္ခပြီး ရောက်ရာရောက် ပေါက်ရာပေါက် ဆွေမျိုးများကို တွေ့နိုးနိုးနှင့် အရပ်ရပ် အရွာရွာ လှည့်လည် ရှာဖွေရင်းနဲ့ပဲ ယခု သည်ရွာ ရောက်လာပါတယ်။ ဒါနဲ့ သည်ရွာကို လျှောက်ပြီးလာရင်း ဟိုရှေ့က အလှူမဏ္ဍပ်ကြီး ဆောက်ထားတာ မြင်တော့ ကျွန်တော့ ညီကလေး ရှင်မပြုရတာ သွားပြီး သတိရလို့ ဝမ်းနည်းတာနှင့် သည်နေရာမှာ ထိုင်ငိုနေတာပါပဲ ခင်ဗျာ" ဟု သူငယ်ကာဝိုက်ကာ ပြောလျှင်။

အဘိုးကြီးမှာ များစွာ သနားလှသဖြင့်–

"ဩော်... ဖြစ်မှ ဖြစ်ရလေ။ ဒါဖြင့် မင့်မှာ ယခု တစ်ကောင်ကြွက် ဖြစ်နေတာပေါ့။ အနို့ မင့်နာမည် ဘယ်လိုခေါ်သလဲ။ ကျွန်တော့်နာမည် (မောင်လှ)ပါ ခင်ဗျာ။

"ကဲ... ကဲ မောင်လှ လာလာ။ ဘဘကြီးတို့မလည်း သားသမီး အမှတ်ဖြင့် အမွေစား အမွေခံ မွေးရတာပေါ့" ဆိုပြီး အဘိုးကြီးက အိမ်ပေါ် ခေါ်သွား၍ အမယ်ကြီးကို အကြောင်းမျိုးစုံ ပြောပြလျှက် သား အမှတ်ဖြင့် မွေးထားလေ၏။

## မြွေပွေးကို သိုးပိုက်ပိုက်မှားလေပြီ

ထိုအညာသားကလေးသည် အဘိုးကြီး အမယ်ကြီး၊ အိမ်သို့ ရောက်သည့်နေ့က စ၍ အဘိုးကြီးကို အဖေ အဖေ ခေါ်၏၊ အမယ်ကြီးကို အမေ အမေ ခေါ်၏။ အဘိုးကြီး ထင်းခွဲ၍ ရေခပ်၍ နေသည်ကို မြင်လျှင် ဖျတ်လတ်စွာ အဖေ ဖယ်ပါ။ ကျွန်တော် လုပ်ပါမယ်။ အဖေ ထိုင်နေစမ်းပါဟု ပြောကာ လုပ်စရာ ရှိသမျှ ငြင်းဆိုပယ်ချင်း လုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ဏ်၊၊ အိမ်မှာ တကစ်စုတစ်ခု ပျက်စီး၍ အမြင် မတော်လျှင်လည်း အလကား မနေဘဲ သပ်သပ်ရပ်ရပ် လုပ်ကိုင် ပြင်ဆင်၏။

တစ်နေသော နေ့၌ အိမ်ရှေ့တွင် ပုံထားသော ထင်းပုံသည် ညအခါ လှုပ်၍ ယောက်သဖြင့် ၎င်းတုံးတို့ကို အိမ်ဝင်းထဲသို့ ခါးတောင်း တကြားကြားနှင့် သယ်၍ ပုံနေခိုက် အမယ်ကြီးက အဘိုးကြီးကို ခေါ်၍ အဘိုးကြီး ကျုပ်တို့မှာ ဘဝက ကံမကောင်းလို့ သားသမီးမရ ဖြစ်နေခိုက် (အကန်ဘက်က စွပ်မိ) ဆိုတာလို သည်သားကလေး တစ်ယောက်ကို တောအ်၍ ရပါတယ်။ သည်သားကလေးကိုပဲ ပင်ပင် ပန်းပန်း ခိုင်းနေရင် (ရှင်နည်းတဲ့အပေါ် အဂ္ဂလှူထွက်) ဆိုတာလို၊ မောဖျားပန်းဖျား ဖျားပြီး၊ မပြောကောင်း ပြောကောင်း တစ်ခုတစ်ခု ဖြစ်သွားရင်တော့ ကျုပ် ရှုးရလိမ့်မယ် အဘိုးကြီးရေ့၊ လုပ်စရာ ရှိလို့ ကိုယ်မလုပ်နိုင်ရင် ပိုက်ဆံပေးပြီး ကူလီနဲ့ ခိုင်းပါ။ ကျုပ်သားကလေးကို ပင်ပင်ပန်းပန်း မခိုင်းပါနဲ့ဟု ပြောသဖြင့် အဘိုးကြီးက လူကလေး လာလာ ငါ့သားမောမယ်။ မလုပ်နဲ့တော့ တော်တော့ဟုဆိုကာ လက်ကို ဆွဲ၍ ရေမိုးချိုးစေပြီးလျှင် ကောင်းစွာ ထားလေ၏။

ထိုအဘိုးကြီး အမယ်ကြီး အိမ်သို့ ရောက်သည့်နေ့က စ၍ တစ်ရံ တစ်ဖန် အိမ်နောက်ဖေးမှ ထွက်၍ မှိုင်သည်။ တစ်ရံတစ်ဖန် ကမ်းနား စပ်မှာ ဆင်း၍ ငိုသည်။ ထိုသို့ အခြင်းအရာကို အဘိုးကြီး အမယ်ကြီး တို့ မြင်လျှင် မောင်လှ လာပါဦး။ ငါ့သား ဘာမှုရသလဲ။ သေတဲ့လူဟာ ပြန်လာမှာ မဟုတ်ဘူး။ ငိုနေလို့ ဘာကျေးဇူးများသလဲ။ အဖေတို့ အမေတို့ဆီ ရောက်ပေါ့။ မင်းဝတ်ချင်သလို စားချင်သလို အဖေ ထားမယ်။ ဘာမှ ပူပြီး မနေပါနှင့်ကွယ်။ ပျော်ပျော်ရွှင်ရွှင် နေစမ်းပါဟု ပြော၏။



သူငယ် "အဖေတို့ အမေတို့ ပြောတာ ကျွန်တော် ဝမ်းသာပါ တယ်။ သို့ရာတွင် ကျွန်တော့်အဖေ မသေမီက၊ ညီကလေးကို ရှင်ပြုပါဆိုပြီး ကျွန်တော့်ကို ပေးထားခဲ့တဲ့ငွေ ၂၀၀ ဟာ ခုထက်ထိ ခါးထဲမှာပင် ပတ်ထားပါတယ်။ အဖေ မှာခဲ့တာက သည်ငွေ ၂၀၀ ဟာ ရှင်ပြုဖို့က လွဲ၍ တခြားမှာ မသုံးနဲ့လို့ မှာခဲ့တဲ့ စကား ကြောင့် ကျွန်တော့ညီကလေး မရှိပေတဲ့။ ကျွန်တော့်ညီအရွယ် သူငယ်ကလေး တစ်ယောက်ကို ရှာပြီး ကျွန်တော် ရှင်ပြုချင်ပါ တယ် အဖေရယ်။ သည်ငွေ ၂၀၀ ကိုလည်း အဖေတို့ အမေတို့ ယူထားပါတော့။ ကျွန်တော့ကိုသာ ညီကလေးအစား ရှင်ပြုပါရ စေ ခင်ဗျာဟု ပြောလေ၏။

ထိုအခါ အဘိုးကြီးနှင့် အမယ်ကြီးတို့မှာ နဝိုကပင်အလှူအတန်း ဝါသနာပါရင်း ရှိသဖြင့် ကိုင်း ကိုင်း မပူနှင့် ငါ့သားအလို ပြည့်စေ မယ်။ ရော့ မင့်ငွေ ၂၀၀ ကို မင်းပဲ အဝတ်အစား ဝယ်ပါ။ အမေတို့ အဖေတို့မှာ ဥစ္စာပစ္စည်း များပါတယ်ဟု ပြော၏။

သူငယ် "အမေတို့ အဖေတို့ ဥစ္စာပစ္စည်းများတာ ကျွန်တော် သိပါတယ်။ သို့ပေမဲ့ သည်ငွေ ၂၀၀ ဟာ ကျွန်တော့် မိဘ၏ ကောင်းမှုပြုရန် ချွေးနည်းစာကလေးမို့ သည်ငွေ ၂၀၀ ကို အလှူ ထဲမှာ ထည့်ဖို့ ရည်သန်ပါတယ် အဖေရယ်"

အဘိုးကြီး "ကဲ ကဲ ဒါဖြင့် ကောင်းပြီ။ နက်ဖြန် မဏ္ဍပ်ထိုးမယ်ဟု တိုင်ပင်ပြီးလျှင် နံနက်မိုးလင်းကာလ ရွာတွင်းက လူများကို ခေါ်ယူပြီးလျှင် မဏ္ဍပ်ထိုးရန် စီမံလေ၏။ အဘိုးကြီးမှာ ဥစ္စာ လည်းရှိ၊ လယ်ပိုင်ရှင်လည်း ဖြစ်သဖြင့် ရွာပေါ်မှာ သုံးလေး ရက်နှင့်ပင် မဏ္ဍပ်ကြီး ပြီးစီးလေ၏။ အိမ်နီးဝန်းကျင် ရပ်ရွာရှိ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သူငယ်မိဘများကို ခေါ်၍ ဆောင်းရာ ရှင်လောင်းငါးပါး ရှသပြင့် အရှူ စကြ၏။

အညာသားကလေးမှာ အခြား အလုပ်ကို မလုပ်နိုင်ဘဲ ရှင်လောင်းတွေ အပါးမှာ ထိုင်လျက် တဖုံရုံတစ်ဖန် မျက်ရည်သုတ်လျက် တစ်ရံတစ်ဖန် ဝမ်းမြောက်ဝမ်းသာ ရယ်မောလျက်၊ အပါးက မခွာဘဲ အမြဲ ရှင်လောင်းကလေးတွေကို ထိန်းလျက်နေ၏။

ပရိသတ် ပါးလာသောအခါလည်း အဘိုးကြီး အမယ်ကြီး အနားကို ကပ်၍ "အဖေတို့ အမေတို့ ကျွန်တော့် ရှင်လောင်းကလေးတွေမှာ အဆင်အပြင် အတော်ညံ့နေပါတယ်။ စလွယ်၊ သွယ်ပျောင်း၊ နားဋောင်း၊ လက်ကောက်၊ ခြေကျဉ်းမှ စ၍ ဖိတ်ဖိတ်တောက် ဆင်ပြီး လှလှကြီး ကျက်သရေရှိအောင် ထားစမ်းပါရစေ အမေရယ်" ဟု ပူဆာ၏။ ထိုအခါ အမယ်ကြီးမှာ ပျာပျာသလဲ မိမိရပ်ရွာ ဥစ္စာရှိသော အိမ်တကာမှ စုံလင်စွာ ငှားရမ်းလျက် စလွယ်သိုင်းကြိုး၊ ရွှေသွယ်ပျောင်း၊ ပုတီးများ၊ လက်ကောက်များ၊ ခြေကျဉ်းများ၊ နားကပ်၊ လက်စွပ်၊ ရွှေထည် ကျောက်ထည်များကို ရှင်လောင်းငါးပါးတွင် ဖိတ်ဖိတ်တောက် ဆင်၍ အိမ်ဦး လှပစွာ ဆင်ထားသော ရှင်လောင်းခန်းတွင် နေစေပြီးလျှင် မောင်လှမှာမူကား ရှင်လောင်းကလေးများ၏ အရိပ်ကို ကြည့်လျက် နေလေ၏။

နောက်တစ်နေ့ လက်ဖက်ထုပ်ကမ်းသော ဖိတ်စာရွက်ဖြင့် ရွာနီးရွာဝေးမှ စ၍ လူကြီးလူငယ် ယောက်ျားမိန်းမ ဧည့်ပရိသတ်တို့သည် မလွှာပ်တစ်ခုလုံး ပြည့်ကျပ်မျှ လာကြသဖြင့် အလွန်စည်ကားလေ၏။ အဘိုးကြီးနှင့် အမယ်ကြီးမှာလည်း လာရောက်ကြသော ဧည့်ပရိသတ်တို့ကို ဧည့်ခံရသော ကိစ္စ၊ ကျွေးမွေးမှုကို နိုးဆော်ရ ချက်ပြုတ်ရေးကို



နိုးဆော်ရ အစွန့်အလုပ် ရှုပ်ကာ သောကများ၍ နေခိုက်တွင် ၎င်း အညာသားကလေးက ရှင်လောင်းတွေကို ညီကလေးတို့ ယခု ပရိသတ်တွေကလည်း များလာပြီ။ ယနေ့ ညီကလေးတို့ကို အစ်ကိုကြီး အလှဆုံးဆင်ယင်မယ်။ အမွေးနံ့သာများ လိမ်းခြယ်ဖို့ဟာ မင်းတို့ ကိုယ်မလဲ ချေးတွေကလည်း မည်းလို့။ ကိုင်း... လာကြကွယ်။ အစ်ကိုကြီး ဆပ်ပြာယူခဲ့မယ်။ ကမ်းနားကို ရေချိုးသွားရအောင်ဟု ခေါ်သွားပြီးလျှင် ကမ်းနားသို့ ရောက်သောအခါ၊ ကိုင်း... မင်းတို့ လက်ဝတ်လက်စားတွေကို အားလုံးချွတ်၊ သည်အထဲမှာ ထည့်ကြဆိုပြီး မိမိလည်မှာ ပတ်ထားသော မျက်နှာသုတ်ပဝါကို ဖြန့်လျက် ရွှေထည်ကျောက်ထည် မှန်သမျှ အကုန် ထုပ်ပိုးလျက်၊ ကိုင်း... ရော့ သည် ဆပ်ပြာနှင့် မင်းတို့ အချင်းချင်း တစ်ယောက်တစ်လှည့်စီ ချေးတွန်းပြီး ရေစင်စင် ချိုးနှင့်ကြဦး။ အစ်ကိုကြီး ဝမ်းနုတ်ဆေး စားထားမိလို့ ဝမ်းနာလာပြီ။ နေဦးတဖေးသွားဦးမယ်ဟော့။ ဟော့... ရေသယ်ကောင်ကူးမနေကြနှင့်နော်ဟု ပြောဆိုပြီးလျှင် ကိုင်းတောတစ်ခုသို့ ဝင်ရောက်ပြီးလျှင် လူမမြင်အောင် ရှောင်တိမ်းလျက် ၎င်းရှင်လောင်းငါးပါးမှာ ဆင်သော ရွှေထည်တို့ကို ယူငင် ထွက်ပြေးလေ၏။

ရှင်လောင်းကလေးတွေမှာလည်း ရေမိုးချိုးပြီး၍ ကုန်းသို့ တက်ကြပြီးလျှင် "အစ်ကိုကြီး မလာပါကလား။ ကိုကြီးရေ အစ်ကိုကြီးရေဟု တကြော်ကြော် ခေါ်၍ မလာတော့မှ မိမိ ပုဆိုးကလေးများကိုဝတ်ကာ အလှူအိမ်ကို ပြန်ကြ၍ "ဘဘကြီး ကျွန်တော်တို့ ရေချိုးနေတုန်း ကိုကြီးကို မတွေ့တော့ဘူးဟု အလုံးစုံ ပြောပြတော့၏၊ အဘိုးကြီးနှင့် တကွ အလှူအိမ်က လူများမှာ လက်ဝတ်လက်စားတွေနှင့် နောက်ထွက်သွားတုန်း လူဆိုးချား လုယူပြီး သတ်ပစ်ခဲ့ကြပြီ ထင်ရဲ့ဟု လူအများ

www.burmeseclassic.com



ရှန်းရင်းဆန်ခတ် ရှာဖွေကြ၍၊ မတွေ့တော့မှ အရှုံကို ကိစ္စတုံးအောင် ပြုလုပ်ပြီးလျှင်၊ ငှားရမ်းထားသော ရွှေထည်ကျောက်ထည်တို့ကို မေးမြန်း၍ မကြွင်းမကျန် လျော်ပေးရရှာလေ၏။

မှတ်ချက်။ ။ငင်းလိမ်နည်းသည် ဉာဏ်ရှိလိမ်နည်းမဟုတ်။ အဘာယ်ကြောင့်ဆိုသော် ထိုကဲ့သို့ မလိမ်ဘဲ အဘိုးကြီး အမယ်ကြီးထံတွင် ရိုးသား ဖြောင့်မတ်စွာ နေပါက အမွေစား အမွေခံ မွေးသောသားဖြစ်၍ အဘိုးကြီး အမယ်ကြီး မကြာမီ ဆုံးလွန်က ဧကများစွာသော လယ်မြေများနှင့် ထိုထက် အဆများစွာသော ဥစ္စာအင်ခွင်တို့ကို မိမိသာ ရမည်မှာ မလွဲဖြစ်သေ၏။ သို့ရာတွင် တစ်နပ်စားဉာဏ် ရှိသောသူသည် ဖြောင့်မတ်စွာနေဖို့ အကြံ မရှိနိုင်ချေ။

ဥပဒေသ

ထို့ကြောင့် မိမိနှင့် ဆွေးသား မစပ်သောသူ၊ မြင်ရာကို အစဉ်အဝါး မသိဘဲ သားသမီးအမှတ်ဖြင့် မွေးချင်ကျွေးချင်သော သူများသည် ဤအဘိုးကြီး အမယ်ကြီးတို့၏ ပျက်စီးသော ပုံသက်သေကို ထောက်၍ ဆင်ခြင်အပ်၏။

ဤမျှဖြင့် ရပ်တန့်လိုက်ပါအံ့သတည်း။

ဦးဖြိုးချို

ထုတ်ဝေပြီးစာအုပ် ဆိုင်တိုင်းတွင် မေးဝယ်ပါ

စီးပွားရေးပညာရှင်ဟားဗတ်အင် ကက်ဆင် ၏ မြန်မာပြန် ရသေးသောစာအုပ်သစ်၊ ပုဂ္ဂိုလ်ရေးစွမ်းဆောင်မှုဆိုင်ရာယေဘုယျအားဖြင့် လူတိုင်း ကြုံတွေ့ရမည့် အခက်အခဲ(၈)မျိုးဖြစ်သော ငွေကြေးချို့တဲ့မှု၊ ပညာဗဟုသုတနည်းပါးမှု၊ အခွင့်အလမ်းနည်းပါးမှု၊ တားဆီးနှောင့်ယှက်မှုများ၊ ရောင်းဝယ်မှုအခြေအနေ၊ ပြိုင်ဆိုင်မှုပုဂ္ဂိုလ်ရေးအားနည်း ချက်များ၊ မိသားစု ပြဿနာများ၊ ကျန်းမာရေးချို့တဲ့မှု၊ အသီးကျန်ခြင်း စသည်တို့မှ လွန်မြောက်ကျော်လွှားနိုင်မည့်နည်းနိဿယများကို ဖော်ပြထားပါသည်။

GETTING OVER DIFFICULTIES

BY

HERBERT-N-CASSON

အခက်အခဲကိုကျော်လွှားနည်း

မြဝတ်ငွေးေ◌ာင်

www.burmeseclassic.com